www.burmeseclassic.com

# ပန်းသီခိုင်

## စွဲစွဲမက်မက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်အရေးသုံးပါး

[illegible]ပြိုကွဲရေး — ဒို့အရေး
[illegible]စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
[illegible]အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၈၇၅၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၀၁၀၅၀၉

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၉ ခုနှစ်

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

ပန်းသီနိုင် — ၈၉၅.၈၃
စွဲစွဲမက်မက် /_ ပန်းသီနိုင် ။ – ရန်ကုန် ၊
ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။
၂၈၆ – စာ ၊ ၅"×၇" စင်တီ။
(၁) စွဲစွဲမက်မက်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

'ရတယ်၊ သိပ်ရတာပေါ့ စိတ်ချ'

ဒေါ်သသံပါသော အသံပြင်းပြင်းသည် သိက္ခာကို မာနတို့ စော်ကားခံရတာကြောင့် ပွင့်ထွက်လာရခြင်းပါပဲ။

အစတုန်းကတော့ သူအခုလောက် ခုလောက်အထိ သူ့အပေါ် စော်ကား မော်ကား နိုင်လိမ့်မည်ဟု ထင်မထားခဲ့ပေ။

'ပြီးတာပဲ'

မျက်နှာလေးပင့်ချီပြီး မထိတထိပြောလိုက်ပုံကသူ့ ဒေါ်သကို အမြင့်ဆုံးရောက်အောင် ပို့၏။

'ဒီမှာ ဒေါ်ငွေစင်ကြယ်၊ လက်ထပ်ကြတယ်ဆိုတာ မင်း

www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလောက် မကျဉ်းမြောင်းဘူး၊ လက်ထပ်ခြင်းရဲ့ အဓိပ္ပာယ်ဟာ တစ်ခုတည်း ဘယ်တော့မှ မဟုတ်ဘူး၊ မင်းမှတ်ထားစမ်းပါ၊ မင်းကိုငါကလည်း ဒီလိုစိတ်ထားမျိုးရှိနေမှန်း မသိလို့ယူခဲ့တာ မင်းဆန္ဒမပါရင် မင်းအနားတောင် မကပ်ဘူး၊ဘ၀ရဲ့အဓိပ္ပာယ်ဆိုတာ မင်း တစ်နေ့နားလည်လာလိမ့်မယ်'

'ဘယ်တော့မှ နားမလည်ချင်ဘူး၊ ဖြစ်နိုင်ရင် ရှင်နဲ့တစ်အိမ်တည်းတောင် မနေချင်ဘူး ဦးမင်းဖုန်းမြင့်ရဲ့၊ သိလား၊ မတတ်သာလွန်းလို့ ရှင့်ကိုလက်ထပ်ရတာ၊ ဒီမင်္ဂလာပွဲကို ကျွန်မစိတ်မပါဘူး၊ ကျက်သရေလည်း မရှိဘူး'

ငွေစင်ကြယ်က ပေါင်ပေါ်ရှိနေသော လက်ကိုင်ပန်းလှလှကြီးကို ဆောင့်ချ ခြေပစ်သည်။

အားလုံးကို မုန်းသည်။

မျက်စိထဲ မြင်သမျှအရာရာ မုန်းသည်။

သက်ရှိရော သက်မဲ့ရော ဘယ်တစ်ခုလေးမှ ကြည့်မရ။

ရင်ထဲမှာလည်း မုန်တိုင်းထန်နေသည်။ လေကြမ်းတွေ တိုက်နေသည်။ သည်မင်္ဂလာပွဲကို မြန်မြန်ပြီးပါစေတော့ဟု တစ်ချိန်လုံး တောင့်တနေခဲ့တာ။

'လောလောဆယ်တော့ ဒီမှာယူထားတဲ့အခန်းကတစ်ခန်းတည်းပဲ၊ သုံးရက်လေးရက်ပဲ၊ ကြိတ်မှိတ်နေပေါ့၊ ပြီးရင် အိမ်ပြန်ကြမှာ၊ အဲဒီအခါကျ မင်း စိတ်ကြိုက်ပေါ့'



'အိုး. . . ဘာလို့ အခန်းတစ်ခန်းတည်း ယူထားရတာလဲ၊ လုံး၀မနေနိုင်ဘူး၊ အစကတည်းက နှစ်ခန်းယူထားဖို့ ရှင်သတိရသင့်တယ်၊ နားလည်သင့်တယ်၊ လူဆိုတာ တန်ရာတန်ရာမှန်းရတယ်'

မင်းဖုန်းက မျက်နှာကြီး အကြီးအကျယ် ပျက်နေ၏။

'အဲဒါ အန်တီမာ စီစဉ်ခဲ့တာ၊ မင်္ဂလာဆောင်ပြီး လာကြတဲ့ ဇနီးမောင်နှံအတွက် ဒီလိုဟိုတယ်ကြီးမှာ အခန်းနှစ်ခန်းယူရမလား၊ မင်းရူးနေသလား ငွေစင်'

'ရူးနေတာက ရှင်နဲ့ ရှင့်အန်တီမာ၊ ကျွန်မကို လျှော့တွက်တယ်၊ လွယ်လွယ်သဘောထားတယ်၊ အန်တီမာအမိန့်နဲ့ စီမံတဲ့ ကိစ္စကို ကျွန်မတစ်သက် လုံး၀မကျေနပ်ဘူး၊ လက်မခံဘူး'

အသံတုန် အစ်အစ်လေးက အလွန်တရာ နာကြည်းခံပြင်းနေတာ ပေါ်လွင်၏။

မင်းဖုန်း ပင့်သက်ရှိုက်သည်။

'သူက မင်းအပေါ် စေတနာနဲ့ပါ ငွေစင်'

'သူ့စေတနာတွေကို ရှင်ကတော့ ကျေးဇူးတင်မှာပေါ့။ ကျွန်မကတော့ မုန်းတယ်၊ ရွံတယ် သိရဲ့လား'

'ကဲပါ ဒါတွေ ထားပါတော့၊ အခန်းတစ်ခန်းတည်းယူထားတဲ့ ကိစ္စ မင်း မကျေနပ်ရင် ငါ ကြည့်စီစဉ်ပေးပါ့မယ်၊ ဒေါသတွေလည်းလျှော့ပါ၊ အေးအေးဆေးဆေးပေါ့၊ ဟိုတယ်ရှေ့လည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မယ်၊ နောက် ကားထဲမှာလည်း ညှော်သည်တွေနဲ့၊ မင်းကလည်း သတို့သမီးဝတ်စုံကြီးနဲ့ စိတ်ဆိုးနေရင် မကောင်းပါဘူး'

ဟိုတယ်ဝင်းကြီးထဲကို ကားချိုးဝင်လာပြီမို့ မငိးဖုန်းက သတိပေး၏။ ငွေစင်တို့ကား နောက်မှာလည်း လိုက်ပို့သော ဆွေမျိုးရင်းခြာ တစ်စု၏ တောင်းအေ့စ်ကား နှစ်စီးကပါသေးသည်။

'ကျေးဇူးပြုပြီး မျက်နှာထားကြီး နည်းနည်းပြင်ပါ'

မငိးဖုန်းက တစ်ချက်လှည့်ကြည့်ပြီး ပြော၏။

မျက်ခုံးနှစ်စုက တွန့်ချိုးလို့ နှုတ်ခမ်းကြီးကစူလို့၊ ဘယ်နှယ် သတို့သမီးပါလိမ့်။

ဝတ်ထားသော ဝတ်စုံက လှပတောက်ပလွန်းသလောက် သတို့သမီးမျက်နှာက စူပုပ်မာကျောလွန်းသည်။

'မော့ ကြားရဲ့လား'

မကြားသလို လုပ်နေတော့ သူ ထပ်မေးရသည်။

ဟိုတုန်းကတော့ သည်ကောင်မလေး တော်တော်ချစ်ဖို့ကောင်းသည်။ ပွင့်ပွင့်လင်းလင်း စတိုင်လေးနှင့် ပေါ့ပေါ့ပါးပါး နေတတ်သူလေး၊ သူ့ကိုလည်း ဖော်ဖော်ရွေရွေ ရှိရှာသည်။

သူမဆီမှာ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးသော ခက်ထန်ခြင်းတွေ ဘဝင်တွေ အထက်စီးဆန်ဆန်စကားတွေ မာရေကျောရေ နိုင်မှုတွေ တွေ့လိုက်ရတော့ အံ့ဩရသည်၊ တုန်လှုပ်ရသည်။



ကြေကွဲခံစားရသည်။

မကျေနပ်တာ သူ့အန်တီကို ဆိုတာ သိပေမယ့် အန်တီ စီမံမှုကို လိုလိုလားလား လက်ခံသော သူ့ကိုလည်း သူမရော ပြီးမုန်းသွားခဲ့ပါသည်။

'ဒီကိစ္စကို အန်တီမှာ စီစဉ်တာ၊ ကျွန်တော်ဘာမှ မသိခဲ့ဘူး၊ ကျွန်တော့်ဘက်က ဘာမှ မတောင်းဆိုခဲ့ဘူး'

'ထားပါတော့၊ ဒါပေမယ့် ငမ်းငမ်းတက် လက်ခံခဲ့တယ် မဟုတ်လား၊ ကျွန်မစီးနေတဲ့ မာစီဒီးပေါ်ကို ရှင် ကြော့ကြော့ မော့မော့ကလေး ရောက်လာမယ့် ကိစ္စပဲ'

'ဘာ. . . '

သူ့မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်တာထက် ထိရောက်သော စကားကို သူမ ဆိုခဲ့ပါသည်။

'မငြင်းချင်ပါနဲ့၊ မကာကွယ်ပါနဲ့၊ အမှန်တရားက အမှန်တရားပေါ့၊ ကျွန်မကတော့ ရှင့်ကို ကျွန်မတို့ရဲ့ အလုပ်သမား တစ်ယောက်လို့ပဲ မြင်တယ်၊ ကိုယ့်အလုပ်သမားကို အိမ်ဦးနတ်အဖြစ် မခံနိုင်ဘူး၊ ဒါပေမယ့် အန်တီမာက ကျွန်မကို အနိုင်ကျင့်တယ်၊ သူ့ကိုလွန်ဆန်ရင် ကျွန်မမှာ အခက်အခဲတွေအများကြီး ရှိနိုင်တယ်၊ ဒါကြောင့် ရှင်က ငြင်းသင့်တယ်'

တစ်နေ့မှာ မမျှော်လင့်ဘဲ သူမ ရောက်ရှိလာပြီး ပြောခဲ့သော စကားများ။ အဲဒီတုန်းက သူနှင့်သူမလက်ထပ်ဖို့တစ်လ

www.burmeseclassic.com

www.burmeseclassic.com



ဆော့ကျော့ လိုသေးသည်။

'ဒီထက်စောစော မင်း ပြောသင့်တယ်ကွာ'

သူ တော်တော် အခက်တွေ့သွားရသည်။

'အားလုံးစီစဉ်ပြီးသား ဖြစ်နေပြီ'

'ဒါလေးများ ရှင် ထွက်သွားရင် အားလုံးပျက်သွားမှာ ဖိတ်စာတွေမှ မဝေရသေးတာ'

'အခိပ္ပာယ် မရှိလိုက်တာကွာ'

ငွေစင်ကြယ်က တောက်ပစွာ ပြုံးသည်။

'မင်း လတ်မခံနိုင်ရင် ဘာလို့အစက ငြိမ်နေသလဲ'

'ငြိမ်နေတာက အန်တီမာ အရှက်ကွဲအောင်လို့'

'ဘယ်လို'

ဝတ်ထားသော ဂျာကင်ကို စိတ်အိုက်အိုက်နှင့် သူ ချွတ်ပစ်သည်။

'အန်တီမာ အရှက်ကွဲမှာ မဟုတ်ဘူး၊ မင်းနဲ့ငါ ကွဲမှာ'

'အိုး . . . သူ စီမံတာတွေ အပင်ပန်းခံလုပ်တာတွေမဖြစ်ရင်ပြီးတာပဲ ငွေစင် ကျေနပ်တယ်'

'ဟာကွာ၊ ဘယ်လိုကြီးလဲ'

မင်းဖုန်း သူမကို နည်းနည်းလန့်သွားမိသည်။

'ဒီမှာ ကိုမင်းဖုန်း'

သူမ စကားတွေကို စ, ကြောက်လာမိသည်။



'ခေါ်နေတာ ကြားရဲ့လား'

'ပြော'

'ရှင့်ကို လက်ထပ်ချင်ရင်တောင် အန်တီက စီစဉ်တာဆိုသေတောင် လက်မထပ်ဘူး'

'ဟင်'

'ရှင် နားမလည်ဘူးလား'

သူမက စူးခနဲကြည့်ပြီး ပြန်မေး၏။

'အန်တီမာက အဖြူဆို ငွေစင်က အမည်း။ အရာရာ သူနဲ့ ဆန့်ကျင်ဘက်ပဲ ဖြစ်ရမယ်'

သူ တော်တော် စိတ်ပျက်သွားမိသည်။

သူမစိတ်က အတော်လေး ပြင်းထန်နေသည်။

အန်တီမာ့အပေါ် ဘယ်ကတည်းကအငြိုးတေးထားပါလိမ့်၊ ခါးသီးနေပါလိမ့်။ သူ ဒါတွေ မသိခဲ့ပါ။ အန်တီမာနှင့် သူမကြားက မပြေလည်မှုကို သူရှာမတွေ့ခဲ့ပါပေ။

'နည်းလမ်း မကျဘူးကွာ'

သူ ခပ်ညည်းညည်း ဆိုမိ၏။

'နည်းလမ်းကျကျ မကျကျ ရှင် ရှောင်ထွက်သွားပေးပါ။ အဲဒါအကောင်းဆုံးပဲ၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူး'

မင်းဖုန်းကဆံပင်တွေကို အခါခါသပ်တင်သည်။ နှုတ်ခမ်းတို့ ခပ်ကြွမ်းကြွမ်း အခါခါ လျှာနှင့်သိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြံအိုက်သွားတယ် ခေါ်မလား။ အကျဉ်း အကြပ်ထဲ ရောက်နေတယ် ခေါ်မလား။ သူထင်ထားခဲ့တာနှင့် တခြားစီ ဖြစ်နေတာတော့ သေချာသည်။

'မဖြစ်နိုင်ဘူး ထင်တယ်'

'ဘာ ဘယ်လို ဘာကို မဖြစ်နိုင်တာလဲ'

'မင်းတောင်းဆိုနေတာတွေ'

'အိုး . . . ဘာလို့ မဖြစ်နိုင်ရမှာလဲ'

သူမက လွင့်ထွက်မတတ် အော်ပစ်သည်။

တဖြည်းဖြည်း တင်းမာလာသော အခြေအနေကို သူ ဘယ်လိုထိန်းရမှန်း မသိနိုင်တော့ပေ။

'အစက ငြိမ်နေပြီး ခုမှ မင်းက လူမိုက်ဌားတာပဲ'

အမြဲတမ်း ကျွန်တော်၊ ငွေစင်လို့ပဲ ပြောဖြစ်ခဲ့တာ၊ မင်းတွေ၊ ငါတွေ မသုံးဖူးခဲ့ပါ။

'အစကတည်းက ငြင်းပစ်ရင် အန်တီမှာ ဘယ်အရှက်ကွဲမလဲ'

'အဲဒါ မင်းအခေါ်'

သူ ဒေါသနှင့် ပြောမိသည်။

'မဟုတ်ဘူး၊ ရှင့်အခေါ်၊ ရှင် အသာစီးရဖို့၊ ရှင်ကောင်းစားဖို့၊ ရှင့်ကိုချစ်လို့၊ ကျွန်မဘဝကို နစ်မွန်းစေချင်လို့၊ ရှင့်ဘက်ကပဲ ကြည့်တတ်တဲ့ ရှင့်အခေါ်၊ သိရဲ့လား'



သူမ စကားကြောင့် သူ့ကိုယ်ထဲကသွေးတွေ ပွက်ပွက်ဆူကုန်ရသည်။

ဘယ်လိုစကားကြီးလဲ၊ မိုက်ရိုင်းလှချည်လား။

'မင်း ဘယ်လို ပြောလိုက်တာလဲ'

သူ တစ်ခွန်းချင်း အက်သံပါကြီးနှင့် မေးမိသည်။

'နှစ်ခါ ပြောရဦးမလား'

'အင်းလေ ထားပါတော့၊ ဒါဆိုလည်း ငါ့အခေါ်အရှက်ကွဲဖို့ ငါက မင်းကို အားပေးအားမြှောက် မလုပ်နိုင်ဘူး၊ ငါ မင်းကို လက်ထပ်မယ်'

'ဘာ'

မင်းဖုန်းက ဟန်ပါပါ ပခုံးတွန့်၏။

ငွေစင်က အလွန်တရာ ဒေါသဖြစ်သွားပုံ ရပေမယ့် ချက်ချင်းပဲ ထိန်းလိုက်၏။

'ကောင်းပြီလေ၊ ရှင့်သဘောပါ'

'ဒီလိုပဲ ဖြစ်ရမှာပေါ့'

သူမ အပြုံးလေးက မထိတထိ စိန်ခေါ်ပြုံးလေး

'ရှင်တို့ အသာစီးရတုန်းတော့ လုပ်ထားပေါ့။ အလှည့်ဆိုတာ ချားရဟတ်လို လည်နေတယ်၊ အဲဒါ မမေ့နဲ့'

သူမက ခပ်အေးအေး ပြောသည်။

သူ့စိတ်ထဲမှာ ထင့်ခနဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်ပါ အငြိုးအတေး ထားလိုက်ပြီဆိုတာသိသည်။ သို့သော် . . .

'ငွေစင်'

သူက နူးနူးညံ့ညံ့ ခေါ်သည်။

'တခြားနည်းမှန်လမ်းမှန်ကိုစွဆိုတာပဲဖြစ်ဖြစ်၊ ကျွန်တော့်ဘက်က လိုက်လျောမှာပါ၊ အလိုလိုက်မှာပါ၊ အနစ်နာခံဖို့ ဝန်မလေးဘူး၊ အန်တီမာ အရှက်ကွဲဖို့ဆိုတဲ့ ရည်ရွယ်ချက်ကိုတော့ အားမပေးနိုင်တာ မကူညီနိုင်တာ နားလည်ပေးပါ။ ပြီးတော့'

မင်းဖုန်းက စကားကို ဖြတ်ထားလိုက်သည်။ ဆက်မပြောရဲပါ။ စိတ်ဆိုးသွားမှာ ကြောက်သည်။ ရောင့်တက်သွားမှာစိုးသည်။ အနိုင်ယူမှာ တွေးပူသည်။

'မင်းကို ချစ်လို့ပေါ့ ငွေစင်ကလေးရယ်' ဆိုတာကို ရင်ထဲမှာပဲ ခဏခဏ ဝန်ခံနေမိသည်။ သူမ သိလျှင်သူ့ကို ဗိုလ်ကျဖိနှိပ်တော့မှာ၊ ခုတောင်သည်လောက်စွာနေတာ၊ သိများသိလို့ကတော့ ခေါင်းပေါ်တက်မှာ မလွဲမသွေ။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'ဒီမှာ'

'ဗျာ'

ငွေစင်အသံကြောင့် အတွေးကောင်းနေရာမှ ဝုန်းခနဲလန့်သွားမိကာ ကားကို ယောင်ရမ်း ဘရိတ်ဖမ်းမိသည်။



'အမယ်လေး'

သူမ ကိုယ်လေး ရှေ့ကိုထိုးကျ၏။

'ဟာ. . . ဆောရီး၊ ဆောရီး'

သူမက ဆတ်ခနဲ လှည့်ကြည့်ပြီး မျက်စောင်းထိုး၏။

'ဘယ်အထိ ဆက်မောင်းချင်လို့လဲ ဦးမင်းဖုန်းရဲ့၊ ရှင်အူကြောင်ကြောင် မလုပ်နဲ့။ ကျွန်မ မသေရဲသေးဘူး'

သူမ သတိပေးလို့သာ နို့မဟုတ်ရင် ခြံဝင်းအုတ်တံတိုင်းထိမောင်းနေမိမှာ။ လူနှင့်စိတ် ခဏကင်းကွာသွားသည် မဟုတ်လား။

'စိတ်ပျက်စရာ ကောင်းလိုက်တာ'

ပွစိပွစိ ရေရွတ်ရင်း သူမ ကားတံခါးဖွင့်ဆင်း၏။

နောက်ကားမှ သူတို့ကို လိုက်ပို့သော ဧည့်သည်တွေလည်းဆင်းလာကြ၏။

သူမက တဖျတ်ဖျတ် အလျင်စလို လျှောက်သွားသည်။ သူမ ဘယ်ကိုသွားမှန်း မသိပါ။

'သား ငွေစင်လေးက ရေကူးကန်ဘက် သွားတာထင်တယ်၊ လိုက်သွားပါကွယ်၊ ချော့ခေါ်ခဲ့ပေါ့'

'ဟုတ်ကဲ့'

အန်တီမာ့ စကားကို သူ ဆတ်ခနဲ ခေါင်းညိတ်ကာ သူမနောက် လိုက်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်က ရေကူးကန် ပြာလဲ့လဲ့၏ ကျောက်ပြားဖွေးဖွေးတွေ တပ်ထားသော အနားသပ်ပေါင်မှာ ခြေစုံရပ်နေ၏။

နှုတ်ခမ်းလေးကိုလည်း ခပ်နာနာ ဖိကိုက်ထားသည်။

'ကဲဟယ် မင်္ဂလာ မရှိတဲ့ဟာတွေ'

လက်ကကိုင်ထားသော လှလှပပ လက်ကိုင်ပန်းကြီးကို ရေကန်ထဲ ပစ်ချသည်။ ပြီးတော့ ခါးကိုင်းကာ ငွေရောင်လေဒီရှူးကိုချွတ်ပြီး ရေထဲပစ်ပေါက်၏။ ဖိနပ်က အသစ်စက်စက်တန်ဖိုးကလည်း မနည်းမနော၊ ငွေစင်ရင်ထဲမှာ မက်မောခြင်း မြတ်နိုးခြင်း တစ်စက်မှမရှိ နှမြောစိတ်လည်းမဖြစ်မိ။

ခေါင်းပေါ် ရှိနေသော အလွန်တရာ လှပလွန်းသည့် ပဝါကိုလည်း ဆွဲဖြုတ်ကာ လွှင့်ပစ်၏။ ဖြစ်နိုင်လျှင် သတို့သမီး ဝတ်စုံကြီးပါ ရေထဲပစ်ချချင်သည်။ ဆိုးဆိုးဆတ်ဆတ်လွှင့်ပစ်နေသမျှ မင်းဖုန်း ကြောင်ငေးကြည့်နေဖြစ်၏။ ပြီးမှ သတိ ဝင်လာ၏။

'ဟော့ ဇော့. . . မာိတ်၊ ငွေစင်၊ ငွေစင်၊ ဘာလုပ်တာလဲ'

'သွား သွား မလာနဲ့၊ မလာနဲ့'

သူက ငွေစင်ဘေး ဟုန်းခနဲ ရောက်သွားပြီးတားတော့ ငွေစင့်က ရုန်းဖယ်တွန်းလွှတ်သည်။

'မုန်းတယ်၊ ရှင့်မျက်နှာ မကြည့်ချင်ဘူး သိလား'

'လူကြီးတွေနဲ့ မင်း မရှက်ဘူးလား၊ ကြာရင်သူတို့လိုက်လာကြမှာ၊ ဒုက္ခပဲကွာ၊ မင်းရူးနေပြီလား ဟင်'



သူမ ပုခုံးကို ဆုပ်ကိုင်ရင်း သူ မေးမိ၏။

'ရှင် ကျွန်မနဲ့ ဝေးဝေးနေပါ၊ သွား ရှင့်ကို မြင်နေရရင် ကျွန်မ လူသတ်ချင်တယ်၊ ရှင့်ကို အမှုန့်ကြိတ်ချင်တယ်၊ ရှင် ဒီမှာ မနေနဲ့ သွား၊ သွားလေ သွား'

လက်သီးနှစ်ဖက်ဆုပ်ပြီး လည်ပင်းကြောလေးတွေ ထောင်အောင် အော်တော့ သူကမန်းကတန်း သူမကိုဖြေလွှတ်မိ၏။

စိတ်ကြီးလှချည်လား။

သူ့မျက်နှာ ချက်ချင်းပျက်၏။

သူ့ကို လက်ထပ်လိုက်ရခြင်းဟာ အန်တီမာအပေါ် သူမ အကြီးအကျယ် ဆုံးရှုံးသွားခြင်းပဲဆိုတာ ခုမှ သူ သဘောပေါက်နားလည်သည်။

ငွေစင်နှင့် အန်တီမာ အားပြိုင်ခြင်းမှာ သူက အသုံးချခံသက်သက်၊ သူ့အချစ်တွေ အလကားဖြစ်ရပြီ။

သူ့ကို လက်ထပ်ရတာကြောင့် သူမစိတ်မှာ သည်လောက်ဒေါသအမျက် ရှိသွားလိမ့်မည်ဟု မထင်ခဲ့တာ သူ့ပေါ့ဆမှုပါပဲ။

အန်တီမာက အပြုံးလေးနှင့် ချိုမြမြရှိသလောက် သူမကတော့ အလွန်တရာ ခံပြင်းစွာ ပူလောင်နေခဲ့သည်။

ဟိုတုန်းက သူမနှင့် သူနှင့်ကြားမှာရှိခဲ့သော မချစ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မချစ်၊ မမုန်းလည်းမမုန်း၊ သာမန်ဆက်ဆံရေးလေးသည် ခုချိန်မှာ ရှာမရနိုင်တော့။

သူမ သူ့ကို အကြီးအကျယ် မုန်းသွားခဲ့ပြီ။

'ကောင်းပါပြီ၊ ငါသွားပါမယ်၊ မင်း ဒီမှာ အေးအေးဆေးဆေးနေခဲ့၊ ဧည့်သည်တွေကို ငါပဲကြည့်ဧည့်ခံလိုက်မယ်'

မင်းဖုန်းက ခေါင်းညိတ်ပြီး ကျောခိုင်းထွက်ခဲ့၏။

ရေထဲမျောနေသော ပဝါစနှင့် လက်ကိုင်ပန်းကို လှမ်းကြည့်ပြီး ငွေစင်မျက်နှာလေးတွေ နီရဲလာ၏။ နှာခေါင်းလေးရှုံ့ချည်ပွချည်နှင့် ငိုချင်လာသည်။ မျက်ရည်တွေက ပူနွေးစွာပါးပြင်ပေါ် စီးကျလာ၏။

ရေကူးကန်ပေါင်ပေါ်မှာ မငိုချင်ပါ။ ငွေစင်အရှုံးကို သူ မမြင်စေရပါ။ အရသာရှိရှိ ကြည့်ခွင့်မရှိစေရ။

ငွေစင် ရင်ထဲမှာ တဆစ်ဆစ်နာသည်။

မင်းဖုန်းကိုလည်း မုန်းတီးမိသည်။

သူလည်း အတူတူပါပဲ၊ အန်တီမာ့လူ၊ အန်တီမာဘက်က၊ နှုတ်ခမ်းကို ပေါက်သွားအောင် ကိုက်ပစ်လိုက်၏။

ရင်ထဲမှာ ဖောင်းကျပ်လွန်းတာမို့ ဘယ်လိုမှ နေမရ။

မင်းဖုန်းက ခေါင်းငိုက်စိုက်နှင့် တစ်လှမ်းချင်း လျှောက်လာရင်း ရင်ထဲမွန်းကျပ်နေမိ၏။ စိတ်ထိခိုက်ရပါသည်။

ငါမှားသွားပြီလား ငွေစင်ရယ်။



မင်းအပေါ် ငါမချစ်သလိုဖြစ်ခဲ့ပြီလား။

တကယ်ဆို မင်းရဲ့ ဒုတိယတောင်းဆိုမှုကို ငါလိုက်လျောသင့်တယ်၊ လိုက်လျောဖို့လည်း ငါအကြိမ်ကြိမ် စဉ်းစားခဲ့ပါတယ်။ ဒါပေမယ့် မလိုက်လျောဖြစ်ခဲ့ဘူး။

သူ့ကို လာတွေ့သွားပြီး နှစ်ပတ်လောက်အကြာမှာ ငွေစင် ဆီက တယ်လီဖုန်းသံ ကြားခဲ့ရပြန်သည်။

'ကိုမင်းဖုန်းလား'

'ဟုတ်ပါတယ်'

ထူးသာထူးလိုက်ရတာ သူ ခပ်လန့်လန့်။

ဘယ်လိုစကားတွေ သူမ ဆိုဦးမည် မသိ။

သူ မလှုပ်သာမရှောင်သာ ရုန်းထွက်မရအောင်တောင်း ဆိုလာလျှင် အခက်။

'ငွေစင်ပါ'

'အင်း. . .'

သူမ အသံလေးကိုမှတ်မိပြီးသားပါ။ ရင်းရင်းနှီးနှီးသိထားပြီးသားပါ။

'ငွေစင် စကားနည်းနည်း ပြောချင်တယ်'

'ဟုတ်ကဲ့'

'ရှင်က ငွေစင်ကိုဘာလို့ လက်ထပ်ချင်တာလဲ'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော မေးခွန်း၊ သူ့ ရုတ်တရက် ကြောင်အမ်းသွား၏။

မဆိုးပါဘူး၊ ဒါသူမ မေးသင့်တဲ့ မေးခွန်းမျိုး။

သူ ခပ်လွှန့်လွှန့်ပြုံးမိသည်။

'ငွေစင်က ဘာလို့သိချင်တာလဲ'

'သိချင်လို့ပေ့ါ၊ ရှင့်ဆန္ဒ ရှင့်သဘောထား'

'အန်တီမာက ငွေစင်နဲ့ လက်ထပ်ဖို့ပြောတယ်၊ ကြိုက် မကြိုက်၊ ချစ် မချစ် မေးတာ မဟုတ်ဘူး စီမံတာ'

'ဟင်း. . .'

'အသိပေးသင့်လို့ အသိပေးရုံပဲ၊ ဘာမှ ခေါင်းခါခွင့်တင်ပြခွင့် မရှိဘူး'

'အင်း. . .'

'အဲဒါ ကျွန်ကော်လက်ခံလိုက်တယ်'

'အင်း. . .'

'ယူမလားလို့မေးတာ မဟုတ်ဘူး၊ ရော့လို့ လက်ထဲထည့်ပေးတာ ဘာတတ်နိုင်မှာလဲ'

သူမက ငြိမ်နေ၏။ ခဏကြာမှ-

'အဲဒီကိစ္စကို ရှင် ကျေနပ်လား'

ဟု မေးသည်။

'အင်း. . .'



သူလည်း ခပ်တိုတိုဖြေ၏။

'ကျေနပ်တယ် ဟုတ်လား'

'အင်း ကျေနပ်တယ်၊ ငွေစင်ကို လက်ထပ်ရမှာ ကျွန်တော် ပျော်ပါတယ်၊ အဲဒါ ပိုက်ဆံနဲ့လည်း မဆိုင်ဘူး'

သူမ ပင့်သက် ရှိုက်လိုက်တာကို ဖုန်းထဲမှ ကြားရသည်။

'ဟုတ်ပါပြီလေ၊ ရှင်က ကျွန်မကို လက်ထပ်ချင်တယ်ဆိုပါတော့၊ ရပါတယ်၊ ရှင်ဒီလောက်ပြောလဲ သဘောပေါက်တယ်၊ ဒါပေမယ့် ကျွန်မက အန်တီမှာ စီမံတာကို လက်မခံချင်ဘူး'

'ငွေစင်ရယ်၊ မင်းအန်တီမာ့ကို အထင်လွဲနေပြီ'

'ဒါတွေ ရှင် မသိပါဘူး'

'ထားပါတော့လေ၊ ငွေစင် ဘာပြောချင်တာလဲ'

'လောလောဆယ် ရှင် ရှောင်ပေးပါ'

'လာပြန်ပြီ'

'မဟုတ်ပါဘူး၊ ဆုံးအောင်နားထောင်ပါဦး'

'ပြော'

'ခဏရှောင်ပေးပါ၊ မင်္ဂလာပွဲပျက်သွားရင်ပြီးရော၊ ပြီးရင် တစ်လနှစ်လလောက်ခြားပြီး ရှင့်ကို လက်ထပ်ဆို လက်ထပ်ပါ့မယ်'

မင်းဖုန်း မအောင့်နိုင်ဘဲ ရယ်မိသည်။

'တကယ့်ကလေးပဲ လူကြီးသူမ စိတ်ဆင်းရဲအောင် မမိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်ပါနဲ့ကွာ၊ မင်းငါ့ကို ဒုက္ခမပေးချင်ပါနဲ့၊ ငါ ဦးနှောက်စားလာပြီ၊ ကြာရင်ရူးလိမ့်မယ်'

'ရှင် စဉ်းစားပါဦး၊ ငွေစင်ဘက်က ဒီလောက်လိုက်လျှောနေတာ ရှင် မငြင်းသင့်ဘူး၊ ကျွန်မ စိတ်ချမ်းသာအောင်လုပ်ပေးပါ'

'ခက်ပါလား'

'စဉ်းစားပါဦး'

'ပြီးရောလေ၊ ငါ စဉ်းစားကြည့်မယ်'

'ဟင်း . . . ဟင်း'

'ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ထင်တယ်'

အဲ့ဒီတုန်းက သူမဆန္ဒကို သူဖြည့်စွမ်းပေးခဲ့လျှင် သူမရင်ထဲ ဒီလောက် ဒေါသလုံးကြီး ဝင်ရောက်စရာမရှိပါ။

'သား ငွေစင်လေးရော'

'ခေါင်းအုံ့လို့ ခဏထိုင်နေမယ်တဲ့'

'ဟုတ်လား'

အန်တီမာ ခေါ်လိုက်တော့မှ သူအတွေးကမ္ဘာထဲက လွတ်မြောက်လာ၏။

'သားကို ရန်တွေ့လိုက်သလား'

'ရန်တွေ့တာက တော်ပါသေးတယ်၊ စိတ်နာသွားမှာ ဆိုးတာ၊ သူ အရမ်းဒေါသ ဖြစ်နေတယ်'



'ခဏပေါ့'

'သူက စိတ်ကြီးတယ်'

'အင်း . . . အန်တီမာ့ကို စကားမပြောတာ နှစ်ပတ်လောက်ရှိသွားပြီ'

သူမ တိတ်တိတ်ကလေး ကြံစည် အားထုတ်ခဲ့သမျှကို အန်တီမာ သိပုံမရပါ။ သူကလည်း ဒါတွေကို တစ်သက်လုံးပြောဖြစ်မည် မဟုတ်ပါ။

သို့သော် သူမ ဖုန်းဆက်ပြီး နောက်တစ်နေ့မှာ သူအန်တီမာ့ဆီ ရောက်သွားခဲ့သေးသည်။

အဲဒီတုန်းက-

'အန်တီမာ'

'လာလေ သား'

အန်တီမာက စာရင်းစာအုပ်ကြီးနှင့် ဘောပင်ကိုချထားပြီး မျက်မှန်ပါ ချွတ်လိုက်၏။

'တဲ့ . . . ဆို'

သူ တစ်ခုခုပြောချင်တာ အန်တီက ရိပ်စားမိသည်။

'မင်္ဂလာပွဲအတွက် အန်တီမာက ဘာတွေစီစဉ်ပြီးပြီလဲ'

'အကုန်လုံးပေါ့ ဖိတ်စာတွေတောင် တချို့တစ်ဝက်ဝေနေပြီ'

'ကျွတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ဘာလို့တုန်း၊ သား ဘာဖြစ်လာသလဲ'

'သား အရေးတကြီး ခရီးထွက်စရာရှိလို့ နှစ်လလောက် နောက်ဆုတ်ချင်တာ၊ ပြဿနာပဲ၊ ဖိတ်စာတွေ ပြန်သိမ်းလို့ရမလား'

'မဟုတ်တာ သားရယ်'

အန်တီက ထိတ်ထိတ်ပျာပျာ

'ခရီးထွက်စရာရှိလည်း နောက်မှထွက်ပေါ့၊ မကြဲကောင်း မစည်ရာ အန်တီ မျက်နှာပျက်ရမှာ သားရယ်၊ ဘာတွေဘယ်က စိတ်ကူးရလာသလဲ၊ ဒါကလေးကစားစရာလား၊ ဒီနေ့ရွှေ့ဟိုနေ့ ပြန်ရွှေ့ လုပ်စရာလား'

သူ ဘယ်လို ဆက်ပြောရမှန်း မသိတော့ပေ။

'သား ကိစ္စ အရေးတကြီးဆို တခြား တစ်ယောက်လွှတ်ပေါ့'

မင်းဖုန်း သက်ပြင်းရှိုက်သည်။

ငွေစင်။

ကိုယ်ဘာလုပ်ရမလဲ၊ ဘယ်လိုပြောရမလဲ။

သူ့အစီအစဉ်ကို သူ့သဘောပဲ လက်လျှော့လိုက်ရသည်။ မတတ်နိုင်ပါ၊ ငွေစင် စိတ်ဆိုးလည်း တဖြည်းဖြည်း ချော့ရုံသာ ရှိသည်။

'သား အန်တီမှာ စိတ်မအေးဘူးကွယ်'



'ဘာမှ မဖြစ်ပါဘူး အန်တီမာ'

'မဟုတ်က ဟုတ်ကတွေ မလုပ်ပါနဲ့'

သူ ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ရပါသည်။

အဲဒါတွေ ငွေစင် မသိခဲ့ပါ။ ငွေစင် နားမလည်ခဲ့ပါ။

အလွန်တရာ မောက်မာရိုင်းပျသော မိန်းမအဖြစ် သူ့အပေါ် ရက်ရက်စက်စက် ပြောတတ်လွန်းသည်။ ညာတာမှု တင်းလွန်းသည်။

ကြာလာတော့လည်း သူ ငုံ့မခံနိုင်တော့ဘဲ ခပ်မာမာဖြစ်လာခဲ့၏။ အစတုန်းက သူ သိခဲ့သော ငွေစင်သည် လိမ်လိမ်မာမာ ယဉ်ယဉ်ကျေးကျေးကလေး သိပ်မြတ်နိုးစရာကောင်းသည်။

'ဒါဆို အန်တီမာတို့ ပြန်ကြမယ်နော်'

'ဟုတ်ကဲ့၊ အားလုံးပြန်ကြပြီဆိုတာ သားပြောလိုက်ပါ့မယ်'

'အင်း အင်း မနက်စောစောနှစ်ယောက်စလုံး လာကြနော်'

'ဟုတ်ကဲ့'

ဧည့်သည်တွေ ပြန်သွားကြတော့မှ မင်းဖုန်းက ရေကူးကန်ထဲ ရောက်နေသော ပစ္စည်းတွေကိုစွ သွားဖြေရှင်းရသည်။

သူမက သူမ မဟုတ်သလို သတို့သမီးဂါဝန်ကြီးမ,ကာ မ,ကာ တလွှားလွှားနှင့် အခန်းရှိရာ တက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေပြီးမှ သူ တက်လိုက်လာတော့ ဂါဝန်ကြီးကို အခန်းထောင့် တစ်နေရာမှာ လွှင့်ပစ်ထား၏။ လက်ဝတ်လက်စား ရတနာတွေကို ဖွေ့ရာပေါ် ဟိုတစ်ခု သည်တစ်ခု တင်ထားသည်။

'အခန်းတစ်ခန်း ပြောထားတယ်၊ မင်း စိတ်အေးတော့။ ဒါတွေသိမ်းဦး၊ ပျောက်ပျက်သွားရင် ခက်မယ်'

'ပျောက် ပျောက်'

သူ့ကို ခွတိုက်နေပြီဆိုတာ သိသည်။

ဂျင်းနဲ့ ဂါဝန်လက်ပြတ်ကလေးနှင့် ချစ်စရာကောင်းလွန်းပေမယ့် ရိုက်ပစ်ချင်စိတ် ပေါက်သည်။

ဖုန်းသံမြည်လာတော့ သူပဲ ထကိုင်ရသည်။

သူမက ခုတင်စွန်းမှာ ထိုင်နေတာ။ ကိုယ်က စာကြည့်စားပွဲခုံမှာ။

ချက်ချင်းလက်ငင်းကြီး ဘယ်ကဖုန်းပါလိမ့်။ ခုပဲ သူတို့သည်ကိုရောက်ကြတာ။

'ဟဲလို'

'ငွေစင်နဲ့ပြောချင်လို့ပါ'

'ဩော်'

'ငွေစင့်ကို ခဏခေါ်ပေးပါ'

'အခုပြောနေတာ ဘယ်သူလဲ'



သူ မေးခွန်းထုတ်လိုက်မိသည်။

ယောကျ်ားလေးတစ်ယောက်မို့ ဘယ်သူဆိုတာ သူ သိချင်သည်။

'ငွေစင့် သူငယ်ချင်းပါ'

'ကိစ္စ ရှိလို့လား'

'အင်း. . .'

မင်းဖုန်းက မျက်နှာကြီးတည်သွား၏။

'မှာခဲ့လေ ရေချိုးနေတယ်'

ခပ်မာမာပဲ ဆိုလိုက်တော့ တစ်ဖက်က ဖုန်းချသွားသည်။

ငွေစင်က ဘယ်ကဖုန်းလဲဟု မမေးပါ။ လက်ထဲရှိနေသော အာလူးကြော်ထုပ်ကိုပဲ ပိုစိတ်ဝင်စားနေပုံရသည်။

'ဗိုက်ဆာရင် တစ်ခုခု သွားစားကြမယ်'

'ဒီမှာက ဈေးကြီးမှာ'

'ကြီးကြီးပေါ့၊ သုံးရက်ပဲနေမှာ ဘာဖြစ်လဲ'

'ပိုက်ဆံတွေ နှမြောတယ်'

တမင် ရန်စပြီဆိုတာသိ၏။

'ဖေဖေက ကျွန်မ ဒီလိုနေနိုင်အောင် အသေအလဲကြိုးစားနေတာ၊ ဖေဖေ့ ပိုက်ဆံတွေကို မဖြုန်းချင်ဘူး'

မင်းဖုန်း တစ်ချက်မဲ့လိုက်သည်။

'မငွေစင်ကြယ်၊ ဒီနေ့ ဒီအချိန်ကစပြီး မင်း စားသမျှ

www.burmeseclassic.com

www.burmeseclassic.com



သောက်သမျှအားလုံး ငါ့ငွေနဲ့ ငါရှင်းမှာပဲ၊ ငါလဲယောကျ်ားပဲ၊ ယူထားတဲ့မိန်းမ စားချင်တာ ကျွေးနိုင်အောင်တော့ ငါကြိုးစားမယ်၊ မင်း ပူပင်မနေပါနဲ့၊ ရတယ် လာ. . .'

'အထင်မကြီးပါဘူး'

ရှုံ့မဲ့ပြောလိုက်ပုံက ဆွဲထိုးပစ်ချင်စရာ။

သူ့ကို စူးခနဲကြည့်ကာ သွားအချင်းချင်း တဂျစ်ဂျစ်မြည်အောင် ကိုက်ပြပြီးမှ လှည့်ထွက်သွားသည်။

လုပ်ပုံကိုက. . . .

ဝတ်ထားသော ကုတ်အင်္ကျီကြီးကို စိတ်တိုတိုနှင့်ဆွဲချွတ်ပြီး ခုတင်ပေါ် ပစ်တင်ထားခဲ့၏။

ငွေစင့်ကို သူတော်တော်စိတ်ကုန်မိပြီ။

အလွန်အမင်း ဆိုးနိုင်လွန်းပါလား။

*       *       *



နောက်တစ်ကြိမ် ဖုန်းမြည်လာတော့ ငွေစင်ပဲ သွားကိုင်သည်။

သူတို့စားသောက်ပြီး တက်လာတော့ ဖုန်းသံကြားရတာ။

သူလည်း နောက်ထပ်အခန်းတစ်ခန်း ယူထားပြီမို့ ခုပဲသွားတော့မလို့ပါ။

'ငွေစင်လား'

'အင်း. . .'

'ငါ ပါဟ'

'ကိုသားလား'

'အင်း. . .'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ မလာတာလဲ၊ လုံးဝမကျေနပ်ဘူး'

'မကြည့်ချင်လို့ပါဟာ'

'အပိုတွေ'

'တကယ် အဲဒီလိုပုံစံနဲ့ ငါ ရင်မဆိုင်ရဲဘူး'

ငွေစင်က နှုတ်ဆိတ်နေ၏။

'စောစောက ငါ ဖုန်းဆက်သေးတယ်။ နင့်အမျိုးသား လာကိုင်တယ်'

'စောစောက နင်ဆက်တာ ဟုတ်လား'

'အင်းပေါ့'

ငွေစင်စကားကြောင့် မင်းဖုန်း ကိုယ်ကြီးမတ်သွားသည်။

'ငါ အဲဒီဟိုတယ်ကိုဆက်တော့ ရက်စက်ပ်ရှင်ကို ရောက်သွားတယ် ထင်တယ်၊ ငါနင်တို့အခန်းနံပါတ်မှ မသိတာ'

'. . . . . . . . . . . . လေဟာ'

'အင်း. . . အင်း. . . အခန်းနံပါတ် မသိတော့ ဒီနေ့မှ မင်္ဂလာဆောင်ပြီး ရောက်လာမယ့်စုံတွဲလို့ နာမည်ပါ ပြောရတယ်၊ အဲဒါမှ အခန်းထဲ ချိတ်ပေးတာ'

'ဟုတ်လား၊ ဖြစ်ရမယ်လေ'

ငွေစင်ကြယ်က ချိုသာစွာ နွဲ့ပျောင်းစွာ ရယ်သည်။

မင်းဖုန်း ချာခနဲ လှည့်ထွက်ခဲ့၏။ သူ့ အဝတ်အစား သေတ္တာပင် မယူဖြစ်ခဲ့ပါ။



ငွေစင် ရယ်သံကို မကြားချင်တော့ပါ။

သူမ ကိုယ့်ကို ရှေ့လျှောက်ဒုက္ခပေးတော့မှာ သိသည်။ သိနေသည်။

ငွေစင်ရယ်. . .

မင်းကို လက်ထပ်ရမှာ ကျေနပ်တယ် ပျော်တယ်လို့ သွယ်ဝိုက်ဝန်ခံထားတဲ့စကားတစ်ခွန်းကို မင်း မေ့ပစ်လိုက်ပြီလား။

ငါ ရင်ကွဲအောင်၊ ငါ ခံစားရအောင် မင်းလုပ်ပြမှာလား။

ကိုသားဆိုတာ ဘယ်သူလဲ။ မင်း ရည်းစားလေးလား။

ဟာကွာ. . .။

ဘာလို့ ရင်တွေပူရမှာလဲ။

ကိုယ့်အကြောင်းသိရင် သူမ မိုးပေါ် ရောက်တော့မှာ။

'ငွေစင်'

'ဟင်'

'ပျော်ရဲ့လား'

'သေချင်လောက်အောင် စိတ်ညစ်တယ်'

'အစကတည်းက မယူချင်ပါဘူး၊ အန်တီမာကို ငြင်းရင် ရသားနဲ့၊ ငွေစင်က သူ့ကို အရှက်ကွဲစေချင်တာကိုး'

'ကိုသား'

'ဘာလဲ'

'နင်က ဝမ်းသာနေတာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာမလား၊ ငွေစင်နဲ့ အရင်လို အေးအေးဆေးဆေး ဘယ်တွေ့ရတော့မလဲဟ၊ မလွယ်ပါဘူးကွာ'

'လုပ်မနေနဲ့၊ ငွေစင်က အရင်တုန်းကလိုပဲနေမှာ၊ အိမ်ရှင်မကြီး မလုပ်နိုင်ပါဘူး၊ ကလေးလုပ်လို့ မဝသေးဘူး'

'ဟုတ်ပြီလေ၊ ငါ ငွေစင်ဆီ ဖုန်းဆက်ပါ့မယ်'

'နေ့တိုင်း ဆက်နော်၊ ဟိုမိန်းမတွေကိုလည်း ပြောလိုက်၊ ငွေစင်ကို ယောကျ်ားရသွားပြီဆိုပြီး အုပ်စုထဲက ခွဲထွက်ဖို့မကြိုးစားနဲ့လို့'

'အေးပါဟာ၊ ပြောလိုက်မယ်'

ဖုန်းချပြီး သူမ လှပစွာ ပြုံးနေမိသည်။

အန်တီမာနှင့် မင်းဖုန်းတို့ စိတ်ဆင်းရဲအောင် ဘာတွေ လုပ်သင့်သလဲဆိုတာ တွေးနေမိသည်။

အင်းလေ- ယူပြီးမှတော့ မထူးပါဘူး၊ စိတ်ဆင်းရဲနေလည်းအပိုပဲ။ ဟိုလူကြီး ကြည့်ရတာလည်း အလိုလိုက်မယ့်ပုံပါ။

သူမ စိတ်ထဲမှာ အလိုလိုယုံကြည်နေမိသည်။

ယုံကြည်မှုတွေသည် အားကိုးခြင်း လေးစားခြင်း ကြင်နာမိခြင်းများမှ ပေါ်ပေါက်ခဲ့သည်ဆိုတာတော့ သူမ မကျေနပ်သေးပါ။

လောလောဆယ် မင်းဖုန်းမြင့်ဆိုသော ငွေစင်ကြယ် သတို့သားကို ငွေစင် အကြီးအကျယ် မုန်းနေမိပါသည်။



ဘယ်လိုမှ ပြေပြေလည်လည် ဆက်ဆံလို့မရ။

တကယ်ဆို အန်တီမာနဲ့ ငွေစင်၊ သူ ဘယ်သူ့ဘက်ပါသင့်လဲ။ အလကားလူ။ ငွေစင် နှုတ်ခမ်းလေးတွေ စူပုပ်လာ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော ပြဿနာသေးတစ်ခုကို မနက်မိုးလင်းလင်းချင်းမှာ သူမ ရင်ဆိုင်ခဲ့ရပါသည်။ သူမ အိပ်ရာနိုးပြီး မကြာခင်လေးမှာဘဲ ဖုန်းမြည်လာခဲ့သည်။

'မမလေးလား၊ ကိုမင်းဖုန်းနဲ့ ခဏပြောမလို့'

ရှည်ရှည်မွှန်မွှန် ကောင်လေးတစ်ယောက် အသံ။

မင်းဖုန်းမှ သည်အခန်းထဲ မရှိတာ ငွေစင်က လိုက်ခေါ်ပေးရအောင် သူ ဘယ်အခန်းနေမှန်းလည်း သိတာမဟုတ်။

'ဘာကိစ္စရှိလို့လဲ'

'အရေးကြီးလို့ပါ မမလေး'

'ပြောလေ ရတယ်'



'မမလေး သိမှာမဟုတ်ဘူး ကျွန်တော်တို့ မှာထားတဲ့ ပစ္စည်းတွေ ဆိပ်ကမ်းရောက်နေပြီ၊ အဲဒါဒီနေ့ လာထုတ်မှ အဲမနေ့ကတည်းက လာပြောသွားတာ'

'သွားထုတ်လိုက်ပေါ့'

'မဟုတ်ဘူး၊ ထားစရာနေရာမရှိ ဖြစ်နေလို့ ဂိုထောင်အလွတ် မရှိဘူး၊ ဘယ်မှာထားရမလဲ၊ လမ်းလယ်ခေါင်ပုံထားရမလား'

ငွေစင်က ခုပ်ပေါ့ပေါ့ဆဆကလေး ပြောလိုက်တော့ ကောင်လေး ဒေါပွ သွားရပါသည်။

သူမလည်း သည်ကိစ္စကို ဘာလုပ်ပေးရမှန်း မသိ။

'ဟော့ ဒီလိုလုပ်'

'ဟုတ်ကဲ့'

'မင်းနာမည်ပြောခဲ့လေ၊ ကိုမင်းဖုန်း မနိုးသေးဘူး၊ နိုးလာတော့ ပြောပေးမယ်'

'ဟုတ်ကဲ့ . . . ဟုတ်ကဲ့'

နာမည်သာ မှတ်ထားလိုက်ရတာ ငွေစင် ဘာမှ မလုပ်တတ်ပါ။ သူနိုးလျှင်တော့ ငွေစင်ဆီ ရောက်လာကောင်းပါရဲ့။

ငွေစင်က ရေချိုးပြီး သနပ်ခါး ပါးပါးလေး လူးလိုက်၏။ သနပ်ခါးကို ဘူးလေးနှင့် တမင်ထည့်ယူထားခဲ့တာ၊ ဂါဝန်ပေါ့ပေါ့ပါးပါး အဖြူစွတ်စွတ်ကလေးကို ဝတ်ပြီးတော့ ဆံပင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းနေတုန်းမှာပဲ တံခါးခေါက်သံလေးကို ကြားရတာ။

ငွေစင် တံခါးထဖွင့်ပေးတော့ ဟိုတယ်ဝန်ထမ်းလေးတွေ

'ဝင်မယ်နော်'

'အင်း . . . ရှင်းပေးဖို့လား'

'ဟုတ်ကဲ့ မမ'

'ဟိုလေ ရပါတယ်၊ လိုအပ်မှ ခေါ်မယ်လေ'

'ဟုတ်ကဲ့'

ငွေစင်က အခန်းထဲမှာ လွတ်လွတ်လပ်လပ်ပဲ နေချင်သည်။

ဟွန့်. တော်တော်သူဌေးစတိုင် ကြိုက်တဲ့လူ။ အလကား ပိုက်ဆံကုန်အောင် ဒီမှာလာနေရသေးတယ်။ အိမ်မှာနေလည်း ရသားနဲ့။

ငွေစင် မျက်နှာကလေးမဲ့ရင်း တွေးမိ၏။

မင်းဖုန်းကို ဘယ်ကိစ္စမှ အကောင်းမမြင်ပါ။

'ငွေစင်'

'ဖွင့်ထားတယ် ဝင်ခဲ့'

တံခါးအပြင်မှာရပ်ပြီး အသံပြုနေရသေး အပိုတွေ။ ယဉ်ကျေးပြနေလိုက်တာ။ အကြောင်းသိနေတော့အထင်မကြီးဘူး။

'အပြင်ထွက်ပြီး မုန့်စားရအောင်'

'အမ်သရီးမှာ သွားစားမယ်'



'သဘောပဲလေ၊ ငွေစင် သွားချင်ရာ လိုက်ပို့မယ်'

ငွေစင်က ပိုက်ဆံအိတ်လေးကို သွားကောက်ယူပြီး . .

'ဩော် . . ဟို ကျော်စွာဆိုတဲ့ ကောင်လေး ဖုန်းဆက်သေးတယ်'

'ဟုတ်လား'

မင်းဖုန်းက ခုံမှာဝင်ထိုင်ပြီး သူမ လှုပ်ရှားမှုလေးတွေကို လိုက်ငေးနေမိသည်။ ဟိုဟာလေးရှာလိုက်၊ ဒီဟာလေး ယူလိုက်၊ မှန်ကလေးကြည့်လိုက်၊ ပိုက်ဆံအိတ်ကလေး ဖွင့်စစ်လိုက်နှင့် အလွန်တရာ ချစ်စရာကောင်းသည်။

'မှာထားတဲ့ ပစ္စည်းတွေ ဆိပ်ကမ်းရောက်နေပြီ၊ ဒီနေ့ ထုတ်ရမယ်တဲ့၊ ဂိုဒေါင်လွတ်မရှိလို့တဲ့၊ လမ်းမှာ ပုံထားရမလားတဲ့'

'ဟင်'

အရေးကြီးသော ကိစ္စမှန်း ခုမှသိကာ သူ တွေသွား၏။ ပြီးမှ ဖုန်းဘေးနားလျှောက်သွားပြီး ဖုန်းခွက် ကောက်ကိုင်သည်။

'ကျွန်မ ဗိုက်ဆာနေပြီ'

အလောတကြီး ထွက်လာသော အသံလေးသည် ဖုန်းမဆက်ဖို့ သူ့ကို တားမြစ်လိုက်တာ သူ ဖွဖွပြုံးမိရင်း . . .

'ခဏလေးပါ၊ သူတို့ အခက်တွေ့နေကြမှာ၊ ခဏလေး စောင့်ကွာနော်၊ လုံးဝ မကြာစေရဘူး'

ငွေစင်က မကျေမနပ်နှင့် ခုတင်ပေါ် သွားထိုင်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဖုန်းက အန်တီမာဆီ ဖုန်းဆက်ပြီး ကားဂိုဒေါင်မှာ ပစ္စည်းတွေ ခဏထားဖို့ ပြောသည်။ ပြီးတော့ ကျော်စွာဆီပြန်ဆက်၏။

'ကဲ. . .လာ၊ အိုကေ သွားပြီ'

ငွေစင် သူ့နောက်မှပါလာရင်း သူ့ကျောကိုမျက်စောင်း အကြိမ်ကြိမ်ရွယ်မိသည်။ ဓာတ်လှေကားရှေ့ရောက်တော့ သူက ရပ်စောင့်သည်။ ပြီးတော့ ငွေစင်လက်ကလေးကို ဆွဲပြီးမှ တံခါးကို ခလုတ်နှိပ်ဖွင့်၏။

ငွေစင်က ဓာတ်လှေကားစီးရမှာ ကြောက်တတ်သည်။

အဲဒါကို သူ ဟိုတလောလေးကမှ သိသွားခဲ့တာ။

ငွေစင်နှင့်သူ အက်ဖ်အမ်အိုင်ကို သွားခဲ့ကြတုန်းကပေါ့။

ရယ်စရာ ရှက်စရာကောင်းသော သူမ ကြောက်တက်မှုလေးကို သူ ဟားချင်နေမှာ သေချာသည်လေ။

အဲဒီတုန်းက. . .

* * *



'ဘယ်နှစ်ထပ် တက်ရမှာလဲ၊ ညောင်းတယ်'

'တက်ရဦးမှာ၊ ဒါပေမယ့် ဒီတစ်ထပ်ပြီးရင် ဓာတ်လှေကားနဲ့ တက်မယ်လေ'

'ဟင်. . . ရိုးရိုးလှေကား မရှိတော့ဘူးလား'

'မရှိဘူး၊ ဘေးလှေကားပဲ ရှိတယ်'

'အဲဒီ ဘေးလှေကားက တက်မှာပေါ့'

သူ့ဘက်လှည့်ကြည့်ပြီး မော့ဟိုက်သံလေးနှင့် ဆိုသည်။

'ဟာ. . . အဓိပ္ပာယ်မရှိတာ၊ အမြင့်ကြီး မင်း ဘယ်လိုမှ တက်နိုင်မှာ မဟုတ်ဘူး၊ ဓာတ်လှေကားကပဲ တက်မှဖြစ်မှာ'

'အို. . . မတက်ချင်ဘူး၊ အသက်ရှူ ကြပ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ'

သူက ဗိုလ်ချုပ်ဈေးကိုလည်းခြေညောင်းအောင်လျှောက်ပတ်နေတာ။ မျက်စိညောင်းအောင် လျှောက်ကြည့်နေတာ။ သူ့မှာ သူမနောက်က တကောက်ကောက်။ သူမ လျှောက်ကြည့်လို့ အားရမှ အက်ဖ်အမ်အိုင် ကူးခဲ့တာ။ သည်တော့ သူမ ညည်းရောပေါ့

'ခေတ်လေ့ကား တက်ပါကွာ၊ လာပါ'

'ဟင့်အင်း. . . မစီးရဲပါဘူးဆို'

ဖွတ်ငြင်းဆန်လိုက်ပုံကို သူမနေနိုင်ဘဲ ပြုံးမိသည်။

'ကျွန်တော် ပါသားပဲ'

'ဘယ်သူပါပါ'

နှုတ်ခမ်းလေးစူ ပေကတ်နေပုံကို သူ တစ်ချက်ကြည့်ပြီး လက်လျှော့ရမလိုလို။

'အန်တီမာကလဲ တကယ်ပဲ၊ ဒီလောက် အမြင့်ကြီးကိုမှ လွှတ်ရသလား၊ စိတ်ပျက်တယ် ပြန်မယ်'

သူမ ဂျီကျပြီဆိုတာ သိသည်။

'အင်း. . . ဒါဆိုလာ၊ ဟိုးဘက် အစွန်က ဆိုင်လေးမှာ ကော်ဖီ သွားသောက်ရအောင်'

သူ့စကားကို သူမက မငြင်းဆန်ဘဲ လိုက်လာ၏။

စားပွဲဝိုင်းလေးတွေ တစ်ဝိုင်းနှင့်တစ်ဝိုင်း မမြင်ရအောင်



အနှောင့်အယှက် မဖြစ်အောင် ကာရံထားပြီး၊ ပန်းခြောက်စိမ်းစိမ်းလေးတွေကိုလည်း ဘောင်ဘင် ခတ်ထားသော အပေါ်မျက်နှာပြင်မှာ အလှစိုက်ထားသည်။

'အင်း. . . ဆိုင်လေးက မိုက်တယ်နော်'တဲ့။

သူမက သဘောကျသွားသလို ရေရွတ်သည်။

'ကဲ. . . ဘာစားမှာလဲ၊ လာလေ ဒီမှာ စားချင်တာ ထည့်ယူပြီး သယ်သွားရမှာ'

'အင်း. . . ကျောက်ကျောစားမယ်၊ ဒါက ဘာလဲဟင်'

'ကောက်ညှင်းကြက်သား'

'အင်း. . . အဲဒါလဲတစ်ပွဲ'

သူမက မှန်ပုံးထဲ အဆင်သင့်ရှိနေသော စားစရာတွေကိုချည်း အာရုံ ရောက်နေတာမို့. . .

'တခြားစားချင်တာလဲ မှာလို့ရတယ်၊ ဒီအထဲက မုန့်တွေချဲ မဟုတ်ဘူးနော်'

ဟု သူက ပြောသည်။

'အင်းပါ၊ ဒါကရော'

'ဒါက အာလူးလိပ်ပါ၊ ကြက်သားနဲ့ပဲ'

'အဲဒါလေးလဲ ထည့်ပေးပါ'

သူမက ကျေနပ်စွာပြုံးလိုက်၏။

'ဘာသောက်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လက်ဖက်ရည်ပဲ၊ ရေနွေးပါ ပေးနော်'

'ရေအိုး တစ်အိုးပေါ့'

'ဟုတ်ကဲ့'

ငွေစင်ကြယ်က သူမ မှာထားသော ပန်းကန်လေးတွေ ထည့်ထားသည့် ဗန်းကလေးကို ပိုက်ဆံရှင်းသည့် နေရာသို့တွန်း ရွှေ့ယူလိုက်၏။

ကျသင့်သော ပိုက်ဆံကို မင်းဖုန်းက ရှင်းလိုက်ပါသည်။

သူမက ကိုယ့်အတွက် ထည့်စဉ်းစားပုံမရပါ။

'ရေနွေးကို လာပို့ပါ့မယ်'

'အင်း . . . အင်း'

ဗန်းကလေး ကောက်မကာ စားပွဲလွတ်ရှိရာ တဖျတ်ဖျတ် လျှောက်လှမ်းသွားတော့၏။

သူ စိတ်ပျက်ရမည့်အစား ပြုံးနေမိပါသည်။

သူ့အတွက် ရေသန့်ဘူး တစ်ဘူးရယ်၊ ကုတ်တစ်ဘူးရယ် ယူပြီး သူမရှိရာ စားပွဲဆီ လာခဲ့၏။

သူမက လွတ်လွတ်လပ်လပ် စားသောက်နှင့်ပြီ။

ဘေးစားပွဲတွေကိုလည်း အလွယ်တကူ မမြင်သာ။

စားရသောက်ရ ပြောဆိုရတာ လွတ်လပ် အေးချမ်းသည်။

ရေနွေးအိုး လာပေးတော့ သူမက အသာကလေး ဟ,ကြည့်ပြီး . . .



'မွှေးလိုက်တာ'

ဟု ဆို၏။

အာလူးလိပ်ကို အချဉ်ရည်လေးနှင့် တို့စားလိုက် ကောက်ညှင်း ကြက်ပေါင်းလေးကို တစ်ဇွန်း ခပ်စားလိုက်နှင့် သူ့ကိုပင် မော့မကြည့်။

ဟိုး . . . အစောကြီးက တိတ်တဆိတ် မြတ်နိုးခဲ့ရသော ချစ်သူလေးမို့ ကိုယ့်ရင်ခွင်ထဲ ကြွေကျလာတော့ ယုံတောင်မယုံ ချင်ပါ။ အရမ်းလည်း ကျေနပ်ပါသည်။

ကိုယ်လဲ အမြဲတမ်း မော်ကြည့်ခဲ့ရတာပါ ချစ်သူလေး ရယ်။

ကိုယ် မင်းကို အရမ်းချစ်ပါတယ်။

မှင်ကတော့ ဘုကျဖို့ ဂျစ်တိုက်ဖို့ ရန်ဖြစ်ဖို့ပဲ တွေးနေချိန် မှာ ကိုယ်ကတော့ အဆမတန် ပွားများလွန်းတဲ့အချစ်တွေကို ရင်ထဲမှာပဲ သိုသိပ်ထားဖို့ တွေးနေရပါတယ်ကွာ။

'ဟောတော့ . . . ဒါ ဘာလေးတွေပါလိမ့်၊ စောစောက တည်းက ပန်းအနံ့လေးတွေ မွှေးပါတယ်လို့ ထင်တာ ပန်း ခြောက်လေးတွေ ပါတာကိုး'

တအံ့တသြ ရေရွတ်လိုက်မှ သူ အတွေးပြတ်သွားရသည်။

'ဘာပန်းလဲ၊ ရှင် သိလား'

'ဟင့်အင်း'

www.burmeseclassic.com

www.burmeseclassic.com



'တအား မွေးတာပဲ'

သူမ ဆိုင် အဆင်အပြင်လေးရော အစားအသောက်လေး တွေပါ နှစ်ခြိုက်သွား၏။

'လစ်(ဖ်)နဲ့ မတက်ဘူးနော်၊ ဘေးက လှေကားကပဲတက်မယ်'

စောစောက မေ့နေပုံရပြီးမှ ခုမှ ပြန်အရေးဆိုသည်။

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် တာဝန်ယူပါတယ်'

ငွေစင်က မျက်စောင်းကလေး ရွယ်၏။ ပြီးတော့ ရေခွေး ထဲမှ ပန်းခြောက်ကလေးကို ဆယ်ယူကြည့်၏။

'စံပယ်ပန်းလား မသိဘူး'

'ကျွန်တော် မသိပါဘူး ခင်ဗျာ'

'မသိရင်နေပေ့'

'နေပါတယ်'

ပြန်ထွက်လာကြတော့ ငွေစင်က ကောင်တာမှ အစိမ်း ရောင်အကျီ ယူနီဖောင်းနှင့် ကောင်မလေးကို. . .

'ရေနွေးထဲက ဘာပန်းလဲ'

ဟု မဆိုင်းမတွ မေး၏။

'စံပယ်ပန်း လက်ဖက်ခြောက်ပါ မမ'

'သြော်. . . သြော်'

သိချင်တာကို သူမက ချက်ချင်းမေးသည်။ ရှက်ရွံ့ဆိုင်း



ငံ့ မနေပါ။

'ငွေစင်ထင်တာ မှန်တယ် တွေ့လား'

'အင်း. . .'

အကြွားမလေး။

အင်မတန် အကြွားသန်သည်။ သူမ တတ်တာ တော်တာ ကို သူမ ဘာသာပဲ ဂုဏ်ဖော်ကာ ရယ်စရာ လုပ်ပစ်တတ်၏။

ရင်ထဲမှာ အထင်တကြီးအမှတ်ပေးမည် ကြံရုံရှိသေး သူမ ရယ်စရာ လုပ်ပစ်တာနှင့် လွင့်ပျောက်သွားစမြဲ။

ဘယ်လို ကောင်မလေးမှန်းကို မသိပါ။

'ကဲလာ ဘာမှ မဖြစ်ဘူး'

မင်းဖုန်းက ငွေစင် လက်ကလေးကို ဆွဲယူပြီး လစ်ဖ် (ဓာတ်လှေကား)ရှိရာ ဦးဆောင်ခေါ်လာ၏။

သူမ မျက်နှာလေးက ကြောက်သလို ရွံ့သလို မျက်လုံး လေး ပြူးထွက်လို့သူနှင့် သူမ အဲဒီတုန်းက ခုလို မပြေမလည် မဖြစ်ကြသေးပါ။

သူမက သူ့အပေါ် ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ပဲ ဆက် ဆံခဲ့ပါသည်။ ကိုယ် အဲဒီနေ့ကလေးတွေကို ပြန်တမ်းတရမလို ပါလား ငွေစင်ရယ်။

ကိုယ့်မိန်းကလေး ဖြစ်လာမှပဲ တကယ့်သူစိမ်းတွေလိုနေ ရတဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် မင်း မမုန်းသင့်ဘူးကွာ။

ကိုယ့်ကို အန်တီမှာဘက်ပါတဲ့သူလို့ မထင်သင့်ဘူး။

မင်းမှားနေတယ် ငွေစင်ရယ်။

မင်းကို လက်ထပ်ခဲ့တာ ချစ်လို့ကြောင့်ပဲ။

ကိုယ် ငွေမက်တဲ့သူလား။ မင်းတွေးကြည့်ပါဦး။

မင်းဖုန်းက အဲ့တစ်ချက် ကြိတ်မိသည်။

သူမ ထင်ထားသလို မဟုတ်တာ တစ်နေ့တော့ သိလာမှာပါ။

အဲဒီအခါကျရင် မင်း ကိုယ့်ကို မုန်းတော့မှာ မဟုတ်ဘူး။

သူ သေသေချာချာ ယုံကြည်နေမိသည်။

တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ. . .

ဘာလဲဟု ခပ်မာမာ မေးမိ၏။

တံခါးလာခေါက်တာ သူပဲလို့ ငွေစင် လုံးဝသိနေသည်။

'ဘာလဲ'

စိတ်မရှည်ဘဲ ထပ်မေးမိ၏။

'ခဏဝင်ပါရစေ'

ငွေစင်က မျက်နှာ သုန်သုန်မှုန်မှုန်လေးနှင့် လှည့်ထွက်သွား၏။

သူက ဝင်ပြီး တံခါးပြန်ပိတ်သည်။

မနက် မုန့်စားပြီး ပြန်လာကတည်းက သူမ အခန်း



အောင်းနေတာ တိတ်လို့ဆိတ်လို့။

မင်းဖုန်းကတော့ မနေနိုင်ဘဲ သူမ အခန်းဘက်လာကြည့်လိုက်၊ အောက်ဆင်းပြီး ဧည့်ခန်းကျယ်ကြီးမှာ သွားထိုင်လိုက်၊ အခန်းထဲပြန်လာပြီး စာအုပ်ဖတ်လိုက်နှင့် နေရခက်လွန်းသည်။

ဘာအလုပ်မှလည်းလုပ်စရာမရှိ ဟိုတယ်ကြီး၏အကောင်းစား အခန်းထဲမှာ တစ်ယောက်တည်း။

တစ်ရက်တည်းနှင့်ပင် အတော်ပျင်းသည်။ သူမတော့ ဘယ်လိုနေသည် မသိပါ။

သူမအခန်းက ရှုပ်ပွပြီး ပစ်စလက်ခတ်ရှိလွန်း၏။

အစကရော သူမ ခုလိုပဲ နေတတ်သလား။

သူမ အပျိုတုန်းက သူနှင့် လက်မထပ်ခင်က နေခဲ့သော အခန်းလေးကို သွားကြည့်ဖို့ သူ စိတ်ကူးရသည်။

အဲဒါကြောင့်လည်း သူမကို လာခေါ်တာ။

သူမအိမ်ကို သွားလည်ရင်ဖြင့် သူမလည်း ပျော်မှာပဲဟု တွေးမိခဲ့တာ။

တံခါးခေါက်တော့ သူမက တော်တော်နှင့် လာမဖွင့်ပါ။ စိတ်ရှည်လက်ရှည် ခေါက်ယူရတာ။

'ငွေစင် အိပ်နေတာလား'

'အိပ်ပါဘူး'

မပွင့်တပွင့်ပြောပြီး ပြတင်းပေါက်ဘက်လျှောက်သွားကာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာတွေကို ဆွဲဖယ်ပစ်၏။

'တံခါးခေါက်နေတာ ကြားရဲ့လား'

'ကြားသားပဲ'

ဂရုမစိုက်သလို အပြောလေးနှင့် မျက်နှာလေးကခပ်တင်းတင်း။

'အပြင်ထွက်ရင် ကောင်းမလားလို့'

'ကျွန်မ အိမ်ပြန်ချင်ပြီ၊ ဒီမှာ ပျင်းတယ်၊ ကြာရင် သေလိမ့်မယ်၊ အိမ်ပြန်တော့မယ်၊ ရှင် နေချင် နေခဲ့တော့'

'သူများ စုံတွဲတွေတော့ ဒီသုံးလေးရက်ကို ဘယ်လိုကုန်သွားမှန်း မသိဘူးတဲ့ ပျော်လွန်းလို့တဲ့'

မင်းဖုန်းက သူမ့ မျက်နှာလေးကို မလွတ်တမ်းငေးကြည့်ရင်း ဆိုမိ၏။

သူ့စကားကို သူမက မကြားလိုက်သလိုပဲ နေသည်။

'ငွေစင်တို့အိမ် သွားလည်မယ်လေ မကောင်းဘူးလား'

'မသွားချင်ပါဘူး'

သူမက ခေါင်းယမ်း၏။

'ဘာလို့တဲ့'

'မသွားချင်လို့ပေါ့၊ အပြီးပြန်မယ်၊ ခဏ သွားမလည်ချင်ပါဘူး၊ ကျွန်မ ပျင်းတယ်၊ ပြောမရရင် ဒီပြတင်းပေါက်ကနေ ခုန်ချပစ်လိုက်မှာ ဘာမှတ်သလဲ'



သူမ ခြိမ်းခြောက်စကား သူ ပခုံးတွန့်၏။

'အတင်း တွန်းချရင်တောင် မင်း ခုန်ချရဲမှာ မဟုတ်ဘူး၊ သူပ်မနေနဲ့'

ငွေစင်က နှုတ်ခမ်းလေး ကိုက်၏။

ဘယ်လောက်များ မခံချင်စရာ ကောင်းလိုက်သလဲ။

ကုတ်ဖွဲ့ ဆွဲလိုက်ပစ်ချင်လောက်အောင် အသည်းယားသည်။

'အဲဒီ ပြတင်းပေါက်ကနေ အောက်ကို ငုံ့ပဲကြည့်ပါဦး'

'သွား. . . သွား ရှင် သွားတော့'

'အပြင်ထွက်လည်မယ်၊ အဆင်သင့်လုပ်ထား'

'မလိုက်ဘူး'

သူမက ပြောင်ပြောင်ငြင်း၏။

'မင်းမလိုက်ရင် ဒီမှာ တစ်ယောက်တည်း ဖြစ်နေမှာပေါ့'

'ဖြစ်. . . ဖြစ်'

'မကောင်းပါဘူးကွာ လိုက်ခဲ့'

'လိုက်မှ မလိုက်ချင်တာ ရှင် ခက်ပါလား'

'အင်း. . . ခက်နေတာတော့ အမှန်ပဲ'

သူက ခပ်လေးလေး ညည်း၏။

'ငွေစင်နဲ့ ကိုယ့်ကို ညားခါစလင်မယားဆိုပြီး ဘယ်သူက အနှောင့်အယှက် မပေးဘူး မဆက်သွယ်ဘူး၊ အသင်စက်

www.burmeseclassic.com

www.burmeseclassic.com



စက် ဇနီးမောင်နှံဆိုပြီး ဒီဟိုတယ်ကြီးပေါ် အေးအေးဆေးဆေး နေရအောင် လာတင်ထားတာ၊ ကိုယ်တို့က အဆင်မပြေ၊ တစ်ယောက် တစ်နေရာဖြစ်နေတော့ သေချင်စရာကောင်းလောက်အောင် ခြောက်သွေ့နေပြီ'

'အဲဒါကြောင့် အိမ်ပြန်မယ်လို့ ပြောသားပဲ'

မင်းဖုန်းက ငြိမ်သက်စဉ်းစားနေ၏။

ကြာလျှင် သူမရော ကိုယ်ပါ ပျင်းလို့ ရူးသွားနိုင်သည်။

'ငွေစင်'

'ဘာလဲ'

'ငုံ့ကြည့်လေ'

ငွေစင်က နှုတ်ခမ်းလေးမဲ့သည်။

ပြတင်းပေါက်ဘေးမှာ ရပ်ပြီး အောက်ငုံ့မကြည့်ရဲတာလည်း သူ သိနေပြန်သည်။

ရပ်နေရတာပင် ဒူးတွေ ချောင်ချင်ချင်။

'ကြည့်ပါ၊ ဘာဖြစ်လဲ၊ ခပ်ရဲရဲပေါ့'

'ရှင် သွားတော့လေ၊ အရမ်းရှုပ်တယ်'

သူမ နှင်လွှတ်မိ၏။

'ပျင်းရင် သူငယ်ချင်းတွေဆီ ဖုန်းဆက်ပေါ့'

'မဆက်ချင်ပါဘူး'

'ဟုတ်တာပဲ၊ သတို့သမီး သိက္ခာကျတယ်'



'မဆိုင်ပါဘူး'

'ဒါဆို ဆက်ပေါ့'

'သူတို့ စ,မှာစိုးလို့'

သူက ပြုံးစိစိ သူမကို ကြည့်နေမိပါသည်။

'မင်း သူငယ်ချင်းတွေက ကိုယ်နဲ့ တကယ်လက်ထပ်မှာလို့ထင်နေကြသလား ဟုတ်လား၊ အခြေအနေမှန်ကို မပြောပြဘူးလား'

'ငွေစင်က အလကားနေ အရှုးထပြီး လျှောက်ပြောနေမယ် ထင်လို့လား'

'မင်းဆိုးတာတွေ မင်း ဘယ်ပြောရဲပါ့မလဲ၊ မင်းဗိုလ်ကျအနိုင်ကျင့်တာတွေ သိပြီး၊ မင်းကို သူတို့ လန့်သွားမှာ မင်းကြောက်မှာပေါ့'

'မဆိုင်လိုက်တာ'

'ဟုတ်တယ်လေ၊ ငါ့ကို ဒီအခန်းထဲမှာ နေခွင့်မပေးတာ မင်း မတရားတာပေါ့၊ နှိပ်စက်အနိုင်ကျင့်တာပေါ့'

'ရှင်က တော်တော်နေချင်လား'

သူမ မေးခွန်းကြောင့် သူအောင့်သွား၏။ ရုတ်တရက်ဘာမှတို ပြန်ပြောနိုင်၊ လက်သီးတစ်ဖက်ဆုပ်မိရင်း သူ့ခေါင်းကိုဒီထိုးမိသည်။ ပြီးမှ . . .

'ဟုတ်တယ် နေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု တမင် ပြောချလိုက်၏။

သူမက ရှုတ်ချသရော်မှတော့ သူလည်း ပြန်ရွဲ့ချင်လာပြီး

'သေလိုက် လဲသေ'

'မိန်းမယူချင်လို့ မင်းကို လက်ထပ်တာပဲ မေးစရာတောင်မလိုဘူး'

'သွားစမ်းပါ လဲသေလိုက်'

ခုလို သူမ မကျေမနပ်ဖြစ်အောင် ပြန်ပြောရတာ သူပျော်သည်။ နို့မဟုတ်ဆို ခံမှန်းသိတိုင်း လှိမ့်ပြောနေတာ။

တုံ့ပြန်ခြေပစရာ မရှိတိုင်း 'သေလိုက်' ပဲ စွတ်ပြောနေတော့သည်။

'လာနေမယ် နော်၊ အဝတ်သေတ္တာ သွားယူလာမယ်'

'ရှင်နော်၊ ငွေစင် စိတ်တိုအောင် လာမလုပ်နဲ့'

မင်းဖုန်း ရယ်နေမိသည်။

သူမ တကယ်လန့်တာကို သူက ရယ်ချင်ပါသည်။

'ကိုယ် အလိုလိုက်တာကို မစော်ကားနဲ့'

'ကြီးကြီးကျယ်ကျယ်'

ဖုန်းသံမြည်လာတော့ စကားစ ပြတ်သွား၏။

'ဩော်. . . အေး၊ ပြော သူငယ်ချင်း'

မင်းဖုန်းက ဖုန်းသွားကိုင်တော့ သူငယ်ချင်းပဲ ဖြစ်နေ



သည်။

'ဟုတ်လား ဖြစ်ရမယ်ကွာ၊ ကိုယ်တို့ မင်္ဂလာကိစ္စမှာ သူပင်ပန်းသွားတယ်။ အေးပါကွာ၊ ဟာ. . . ရပါတယ်၊ ကိစ္စမရှိပါဘူး၊ အနှောင့်အယှက် မဖြစ်ပါဘူး၊ မင်းကလည်း အင်းပါကိုယ်တို့ ခုပဲ သွားလိုက်မယ်၊ ကျေးဇူးပဲကွာ၊ အင်း. . . အင်း'

နားမထောင်ချင်ပေမယ့်လည်း ကြားနေရသည်။

'ငွေစင်'

ဖုန်းချပြီးတာနှင့် သူမကို လှမ်းခေါ်၏။

'အန်တီမာ မူးလဲသွားလို့တဲ့၊ ညကတဲ့၊ အဲဒါကိုယ်တို့သွားရအောင်၊ ငွေစင် အဆင်သင့် လုပ်ထားနော်'

'ဟာ မလိုက်ချင်ပါဘူး၊ ရှင်ပဲ သွားလိုက်ပါ'

'ဟင်'

မင်းဖုန်း အံ့သြမိ၏။

ငွေစင်က အန်တီမာ့အပေါ် တကယ်ပဲ မာကျောစိမ်းကားလွန်းလှပါလား၊ အဒေါ်ရင်းပေမယ့် တစ်စက်ကလေးမှ ချစ်ခင်တွယ်တာမှု မရှိပေ၊ သွေးအေးအေးနှင့် သံယောဇဉ် ပြတ်သူပါလား။

'မလိုက်လို့ မရဘူး'

'ကျွန်မ မလိုက်ချင်ဘူး၊ ခေါင်းကိုက်တယ်၊ အိပ်မလို့'

'ခဏဖြစ်ဖြစ် လိုက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူ ချော့ခေါ်ကြည့်သည်။

'ကိုယ်တစ်ယောက်တည်းဆို ဘယ်ကောင်းပါ့မလဲ၊ မင်းကိုမေးမှာပေါ့။ ပြီးတော့ အန်တီမာက မင်းရဲ့အခေါ်အရင်း'

'ရှင့် အခေါ်ပဲလေ'

'ဟုတ်ပါတယ် ကိုယ်တို့ မင်္ဂလာပွဲမှာ သူ သိပ်ပင်ပန်းသွားတယ်၊ ကိုယ်တို့ ချက်ချင်း သွားကြည့်သင့်တယ်'

'အင်းလေ၊ ရှင် သွားရင် ပြီးရောပေါ့'

'မဟုတ်သေးဘူးလေ၊ သူက မင်းကိုဆို သမီးရင်းလေးလိုချစ်တာ၊ မင်းသွားကြည့်တော့ ရောဂါသက်သာမှာပေါ့'

'နုမနေပါနဲ့ ဘယ်သူလာကြည့်ကြည့် သက်သာမှာ မဟုတ်ဘူး၊ ဆရာဝန်နဲ့ကုမှ ပျောက်မှာ'

'ငွေစင်ကို မြင်ရတော့ သူ အားရှိမှာပေါ့'

'ခက်ပါလား၊ ရှင် ဘယ်လိုလူလဲ၊ မလိုက်ချင်လို့ ခေါင်းကိုက်လို့ပါဆိုတာ နားမလည်းဘူးလား'

'စောစောကမှ မကိုက်ပဲ'

'ရှင်ပဲသွားလိုက်ပါ၊ ဦးမင်းဖုန်းမြင့်ရယ်၊ ရှင့်ကိုမြင်ရင်မကုရဘဲ ရောဂါပျောက်မှာ၊ ဟိုက ရှင့်ကို သားအရင်းလို သဘောထားရှာတာ၊ ကျွန်မကို ချွေးမအဆင့်လောက် ထားချင်တာ'

'မထင်ပါဘူးကွာ'

'ဘာ မထင်တာလဲ'



'မင်းကို သမီးရင်းလေးလို သဘောထားပြီး ကိုယ့်ကို သမက်လောက် သဘောထားတာပါ'

'ငွေစင် ပြောပြီးသား ပြန်မပြောပါနဲ့'

မင်းဖုန်းက လက်လျှော့လိုက်၏။

'ပြီးရောလေ၊ ခေါင်းကိုက်နေလို့ မလိုက်ခဲ့တာလို့ ပြောပေးမယ်၊ ဒါပေမယ့် မနက်ဖြန် လိုက်ရမယ် ကတိပေး'

သူက အပြတ်ကတိတောင်းသည်။

ငွေစင်က အင်တင်တင် ခေါင်းညိတ်၏။ ပြီးတော့ နှုတ်ခမ်းလေးမဲ့သည်။

'တံခါးလာပိတ်ဦး'

သူမက ပြတင်းပေါက်မှာ ရပ်မြဲရပ်လျက်။

သူ တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့၏။

သည်လောက်တောင် နေစိမ့်နိုင်သော သူ ဇွတ်မခေါ်ချင်တော့ပေ။

'ဟော့. . . တံခါးပိတ်လေ'

'မပူပါနဲ့၊ ဒီမှာ သူခိုးလည်းမရှိဘူး၊ လူရမ်းကားလဲ မရှိဘူး'

ငွေစင်က ဒီမှာ အမြင်ကတ်လှသလို ဆိုရင်း တံခါးကို ဝုန်းခနဲပိတ်ပစ်၏။

ဘယ်လိုဝဋ်ကြွေးမှန်း မသိပါ။ တစ်ယောက်တည်း အခန်းအောင်းနေရသော ဘဝကို နှစ်ရက်တည်းနှင့် ညည်းငွေ့ရပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဟော. . .သား လာ'

အန်တီမာက မင်းဖုန်းကို တွေ့တော့ ပီတိဖြာစွာပြုံး၏။ အန်တီမာ အပြုံးက အင်မတန် နူးညံ့ညင်သာသည်။

'သမီး ငွေစင်ရော'

တွေ့တွေ့ချင်းမေးတော့မယ်ဆိုတာ သိထားပြီးသားပါ။ အဲဒါကိုသိလို့ ခဏဖြစ်ဖြစ်လိုက်ခဲ့ပါလို့ ချော့မော့ခေါ်ခဲ့တာ။

မင်းဖုန်းက အန်တီမာ ခုတင်ဘေးမှာ ဝင်ထိုင်၏။

'အန်တီမာ သက်သာရဲ့လား'

'သက်သာပါတယ်ကွယ်၊ သားတို့ကိုတောင် မပြောတော့ဘူး ကြည့်၊ သက်သာလို့ပေါ့'



'အန်တီမာက ကျန်းမာရေး ဂရုစိုက်မှပေါ့'

'အင်းပါ သားရယ်'

'စိတ်လိုက်ကိုယ်ပါတွေ သိပ်မလုပ်ပါနဲ့ဗျာ၊ နားနားနေနေ နေပါ'

'အင်းပါ၊ အန်တီမာ့အတွက် မစိုးရိမ်ပါနဲ့'

'ငွေစင်က ခေါင်းကိုက်နေလို့ မလိုက်လာဘူး၊ မနက်ဖြန်မှ လာမယ်တဲ့'

အန်တီမာက တစ်ချက်ပြုံး၏။ ထိုအပြုံးက နားလည်ပြုံး သဘောပေါက်ပြုံး။

'ငွေစင်က အန်တီမာ့ကို စိတ်ဆိုးနေတယ်နဲ့ တူပါရဲ့'

'သူက ကလေးဆန်တာပါ'

မင်းဖုန်းက ဇနီးအသစ်သစ်စက်စက်ကလေးဘက်မှ ဖာဖာထေးထေး ဆိုတော့ အန်တီမာက မင်းဖုန်းကို စေ့စေ့ကြည့်၏။

သူ မလုံမလဲ ဖြစ်ရပါသည်။

ငွေစင်ကို သူတသမြတ်နိုးခဲ့တာ စွဲလမ်းခဲ့တာ အန်တီမာက နှုန်းစေ့စေ့ သိနေခဲ့သည် မဟုတ်လား။

ငွေစင်ကိုယ်တိုင်သာ မသိသေးတာ။

'သား'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ငွေစင်ကို သား အတော်သည်းညည်း ခံရမှာ'

'အင်း'

သူခပ်ပြုံးပြုံး ခေါင်းညိတ်ဖြစ်၏။

'သူလေးက အန်တီမာ့အပေါ်မှာပဲ ဆိုးတာပါ။ တခြားလူတွေနဲ့ဆို သိပ်ခင်စရာကောင်းတဲ့ မိန်းကလေးပဲ။ ကံဆိုးချင်တော့ သားကို သူက အန်တီမာ့တူဆိုပြီး မုန်းတာ'

မင်းဖုန်းက သက်ပြင်းရှိုက်၏။

'အစက အဲဒါတွေ ကျွန်တော် မသိခဲ့ဘူး'

'အင်းပေါ့၊ ဘယ်သိပါ့မလဲ'

'အန်တီမာကလည်း ငွေစင်ကို တတ်နိုင်သလောက် အလိုလိုက်ပါတယ်၊ တော်ကြာ သိပ်ခါးခါးသီးသီးတွေ ဖြစ်သွားမှာ စိုးလို့'

မင်းဖုန်းက အစိုးရိမ်ကြီးနေပေမယ့် အန်တီမာက အပြုံးမပျက် ငွေစင် ဘယ်လောက် မုန်းသွားမလဲဆိုတာ ထည့်တွေးပုံမပေါ်။

'အန်တီမာက ငွေစင်ကို ငိုထားမလောက် ချစ်တာ'

'သားက သိပါတယ်၊ ငွေစင်သိဖို့လည်း လိုတယ်'

'လူတစ်ယောက်သိအောင် ရှင်းပြတာထက် သူ့ဟာသူ သိတာ မကောင်းဘူးလား၊ အထူးသဖြင့် မေတ္တာတရားကိုပေါ့'

'အင်း ဟုတ်ပါတယ်၊ ငွေစင် နားမလည်သေးတာပါ။ ဒါပေမယ့် နာကြည်းသွားမှာစိုးတယ်၊ အန်တီမာ့ စည်းကမ်းတွေ



ကို လျှော့ပါ၊ ငွေစင်ကို သားထိန်းနိုင်ပါတယ်'

'အင်းလေ၊ အိမ်ထောင်ကျသွားပြီဆိုတော့ အန်တီမာလည်း စိတ်အေးရပါပြီ၊ ငွေစင်ဘဝလေးကို သားပဲ တောင်းဆုပေးပါ့ကွယ်'

'ဟုတ်ကဲ့၊ စိတ်ချပါ'

အန်ကယ်သန့်ဇင်က အနားရောက်လာပြီး မင်းဖုန်းမနှင့်တို့ သူငယ်ချင်းလို တရင်းတနှီး ရိုက်ချ၏။

'ဘယ့်နှယ့်လဲ မင်းမိန်းမ'

မင်းဖုန်းက ခေါင်းငုံ့ပြီး ရယ်နေလိုက်သည်။

'အန်တီမာကြီးကို စိတ်ကောက်ပြီး မလိုက်လာဘူးမဟုတ်လား' ဟော. . . အန်ကယ်သန့်ဇင်တောင် သိနေပါရောလား။

သူညာပြောလည်း လက်ခံကြမှာ မဟုတ်ပါ။

'မာကြီးကလည်းကွာ၊ ကိုယ်အမြဲပြောသားပဲ၊ ကလေးကို ဒီလောက် မတင်းပါနဲ့၊ နူးနူးညံ့ညံ့ကလေး ဆက်ဆံပြရင် ဟိုက မင်းရင်ခွင်မှာ ခွေ့နေမှာ၊ ခုတော့ ရွံ့မုန်းကြီး ကြောက်နာကြီး ဖြစ်နေပြီ'

'မာက စေတနာ လွန်သွားတာပါကွယ်'

'လွန် လွန် မင်း အသည်းအသန်ဖြစ်တောင် လှည့်ကြည့်မှာ မဟုတ်ဘူး သိလား၊ အဲဒါ စေတနာတွေရဲ့ အကျိုးပဲ'

အန်ကယ်သန့်ဇင်က အပြစ်တင်တော့ အန်တီမာချက်

www.burmeseclassic.com

www.burmeseclassic.com



ချင်းမျက်ရည်ဝဲတက်လာ၏။

ငွေစင် လိုက်မလာတာကို သူတို့ အတော်ကလေး စိတ်
မကောင်းဖြစ်ကြသည်။ သူတို့ ငွေစင်ကို သိပ်ချစ်ကြသည်။

ငွေစင်ကသာ နားလည်မှု လွဲချော်ပြီး နာ နေတာ။

'နောက်ဆို ချော့ချော့မော့မော့ကလေး ဆုံးမစမ်းပါ၊ သွ
သင်စမ်းပါ။ မာကြီး စေတနာတွေကို သူမြင်လာအောင်ပြမှတေ့
မဟုတ်သေးပါဘူးကွာ၊ ခုတော့ မင်းက ချစ်သလောက် ဟို
နားမလည်ပဲ မုန်းနေပြီ'

'ဒါတော့ မှာ့ကံပေါ့'

'ဘယ်ဟုတ်မလဲ၊ မာကြီး သွန်သင်မှု မှားယွင်းနေတာ'

အန်တီမာက မျက်ရည်တလည်လည်။

'ကဲပါ အန်တီမာရယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ သာ
မနက်ဖြန် ငွေစင်ကို ခေါ်လာမှာပါ စိတ်ချ'

မင်းဖုန်းက အားပေးနှစ်သိမ့်၏။

'ငွေစင် အန်တီမာ့အပေါ် နားလည်လာအောင်တဖြည်
ဖြည်း ပြောပြပေးပါ့မယ်၊ သူနားလည် လက်ခံလာမှာပါ'

'ခုမှတော့ ဝမ်းနည်းမနေနဲ့၊ မာမာကျော့ကျော့ကြီး
တတ်တာကို ပြင်၊ ဘယ်သူဖြစ်ဖြစ် ချိုသာတာကိုပဲ ကြိုက်
နားဝင်ချိုအောင် ဆုံးမမှာပေါ့။ မာကြီး မှားတာတွေ အများ
ပဲ၊ ငွေစင်လေးက အန်ကယ့် အပေါ်မှာတောင် ဒီလို မခေါ်



ဘူး ပြေလည်တယ်၊ ရင်းနှီးတယ်'

အန်တီမာကလည်း ငွေစင်ကလေး စိတ်နာသွားမှာ
ကြောက်နေသည်။ ခုမှ နောင်တနှင့် အစိုးရိမ်ပိုနေ၏။

'မနက်ဖြန် သားလာမှ ခေါ်ခဲ့မယ်'

'မလိုက်ချင်လည်း ဇွတ်ခေါ်မနေပါနဲ့ကွာ၊ နေပါစေ'

အန်ကယ် သန့်ဇင်က ဝင်ပြောသည်။

'သူ့ စိတ်ကလေးနဲ့သူ လာချင်တဲ့အခါကျမှ လာပါစေ၊
တောင်းအကြပ်ကြီး ဘာမှ မလုပ်ပါနဲ့၊ ပိုပြီး ဒေါသဖြစ်သွားဦး
မယ်'

'ဟုတ်ကဲ့ပါ၊ သားက စိတ်မပါဘူးဆို မခေါ်ပါဘူး၊ သူ
လိုက်ချင်မှ ခေါ်ခဲ့မှာပါ။ အန်တီမာက ဘာမဆို ဇွတ်စီမံတတ်
တယ်ဆိုပြီး သူက စိတ်ခုနေတာပါ။ အန်တီမာ့ကို မုန်းနေပုံတော့
နေပါဘူး'

အန်တီမာကလည်း စိတ်သက်သာရာရအောင် ငွေစင်
လည်း အဆိုးမလေး မဖြစ်အောင် သူ ပြောရပါသည်။

'သား ငွေစင် အိမ်ကလေးဘက် ခဏ သွားလိုက်ဦးမယ်'

'ဘာများ ယူခိုင်းလိုက်လို့လဲ'

'ဟင့်အင်း သား သွားကြည့်မလားလို့ပါ'

'ကြည့်လေ. . . ကြည့်. . . ကြည့်'

အန်တီမာက အပြုံးလေးနှင့် ခွင့်ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်ကြယ်က အန်တီမာနှင့်အတူ သည်တိုက်ကြီးပေါ်မှာ မနေဘဲ သူမဘာသာ တစ်ဦးတည်း ခပ်လှမ်းလှမ်းမှာ တိုက်ပုပုပြားပြားကလေးနှင့် သီးသန့်နေပါသည်။

အဲဒီ သူမ သီးသန့်နေထိုင်နေသော အိမ်ကလေးကို သူ မကြာခဏ ရောက်ဖူးပါသည်။

သူ့ဘက်က တစ်ဖက်သတ် စွဲလမ်းစိတ်နှင့် တိတ်တဆိတ် မြတ်နိုးခဲ့စဉ်ကပေါ့။ သူမဘက်က သူ့ကို သာမာန်မိတ်ဆွေလို အေးအေးဆေးဆေးပဲ ဆက်ဆံခဲ့ပါသည်။

သူမနေသော တိုက်ပုပုလေးက ခြံအဝင်ဝကို ဘေးတိုက်ရှိနေသည်။ အန်တီမာတို့နေသော တိုက်ကြီးရှိရာဘက် မျက်နှာလှည့်ထား၏။

အလုပ်ကိစ္စတွေနှင့် မလွှဲသာမရှောင်သာ ရောက်လာလျှင် သူမ အရိပ်အယောင် လေးကို မြင်ခွင့်ရပါသည်။

တစ်ခါတလေ တစ်ခုခုသော အကြောင်းနှင့် သူမတိုက်ပုကလေးရှိရာ သွားရတတ်သည်။

အဲဒီနေ့ အဲဒီအချိန်တွေမှာ သူ အကြီးအကျယ် ရင်ခုန်နေခဲ့သည်။ ပျော်ရွှင် ကျေနပ်ခဲ့ရပါသည်။ အဲဒီညတွေဆို လှပသော အိမ်မက်တွေ သူ မက်တတ်ပါ၏။

သူမ တိုက်ပုလေးက မြေနိမ့်ပိုင်းကလေးမှာမို့ အုတ်လှေကားထစ် သုံးထစ်ဆင်းပြီးမှ တိုက်ရှေ့ရောက်သည်။



အစတုန်းကတော့ သူမ ခုလို တသီးတခြား နေတာကို ခေါင်းထဲထည့် စဉ်းစားဖို့ မဖြစ်ခဲ့ပါ။

ခုမှပဲ အန်တီမာနှင့် မတည့်တာကြောင့် ဖြစ်နိုင်သည်ဟု တွေးမိလာပါသည်။

အန်တီမာကပဲ တင်းကြပ်လွန်းတာလား။

သူမကပဲ ဆိုးရွားလွန်းတာလား။

သူ သေချာမသိသေးပါ။

သေချာတာကတော့ အန်တီမာ ငွေစင်ကို သိပ်ချစ်သည်ဆိုတာပါပဲ။ ချစ်လွန်းလို့ အစိုးရိမ်ကြီးကာ ချုပ်ချယ်လွန်းတာလည်း ဖြစ်မည်။

ငွေစင်ကလည်း ဖိလွန်းအားကြီးတော့ ကွတက်ကာ ရွဲ့ချင်တာတွေ လက်တုံ့ပြန်ချင်တာတွေ ဖြစ်လာရော။

ဟိုတုန်းကတော့ သည်တိုက်ပုလေးကိုရောက်လျှင် ဧည့်ခန်းမှာ ခပ်ငုံ့ငုံ့ထိုင် ကိစ္စပြီးတာနှင့် ထပြန်၊ သည်လောက်ပါပဲ။

ခုတော့ သူက ငွေစင်ကြယ်၏ တရားဝင်ခင်ပွန်းမို့ တစ်အိမ်လုံးကို လွတ်လပ်စွာသွားလာခွင့် ရခဲ့ပြီ။

ငွေစင်လေး နေခဲ့သော အိမ်ကလေးမှာ နွေးထွေးမှု တစ်မျိုးက သူ့ကို လာရောက်နှုတ်ဆက်သည်။ အဲဒီနွေးထွေးမှုကြောင့် သူရင်ခုန်ရပါသည်။ အငွေ့အသက်လို့ခေါ်မလား မသိပါ။

ငွေစင် နေခဲ့သော အိမ်ကလေးမှာ ငွေစင် အရိုင်သဏ္ဍာန်

www.burmeseclassic.com

www.burmeseclassic.com



တွေ ရေးတေးတေး ကျန်ရစ်လို့နေပါသည်။

ရင်ခုန်ကျေနပ်စွာ ညှော်ခန်းကို ခြေချမိတော့ သန့်ရှင်းမွှေးပြန့်နေသော မြင်ကွင်းလေးနှင့် ချိုအီအီ ရနံ့လေးတစ်မျိုးကို ရပါသည်။

ညှော်ခန်းကျဉ်းလေးကို နီညိုရောင် ဇာထူထူ လိုက်ကာတွေနှင့် ကာရံထားပြီး ဆိုဖာညိုညို တစ်စုံကို ခင်းထား၏။ ကော်ဇောကတော့ နီရဲရဲ။ သူရောက်ဖူးသားပဲ။ သည်ညှော်ခန်းကို ဆိုဖာတစ်လုံးမှာ ခပ်ငြိမ်ငြိမ်ထိုင်ပြီး ရင်ခုန်နေခဲ့ရတာ ငွေစင်လည်း မသိ၊ ဘယ်သူမှလည်းမသိခဲ့ပါ။ သူတစ်ယောက်တည်းပဲ သိခဲ့သည်။

တစ်ခါတစ်ရံ သူရောက်လာလျှင် သူမ ရေချိုးနေတာနှင့် ကြုံသဖြင့်စောင့်နေရတတ်ပါသည်။

ရေချိုးပြီးစ လန်းဆန်းနူးညံ့သော ပုံစံလေးကို ရင်တွေဝုန်းဒိုင်းကြအောင် ခုန်ရင်း သူခြေဖျား၊ လက်ဖျားအေးသည်အထိ စိတ်လှုပ်ရှားနေခဲ့ရတာ။ တစ်ခါတစ်လေတော့လည်း သူမ ဖုန်းပြောနေတုန်း သူ ရောက်လာခဲ့မိသည်။

သူမ စကားသံလေးတွေ ရယ်သံလေးတွေ သူ့စိတ်ကို လန်းဆန်းစေခဲ့သည်။ အလုပ်တွေ ပင်ပန်းသမျှ အမောပြေခဲ့ပါသည်။

တစ်ခါတစ်ရံကျတော့လည်း သူမ စိတ်လိုလက်ရ တီး



ဘုတ်တီးနေတာကို သူ နားထောင်ရတတ်ပါသည်။

ညှော်ခန်းထောင့် ပြတင်းပေါက် ဘေးလေးမှာရှိနေသော တီးဘုတ်ကို သူမ မကြာခဏ တီးတတ်ပါသည်။ သူမ အံသံလေး အချိုကြည်ကြည်လေးမို့ သိပ်ကို စိတ်ချမ်းသာစရာ ကောင်းခဲ့သည်။

တစ်ခါတစ်လေ သူရောက်လာလျှင်တော့ သူမကသူငယ်ချင်းတွေနဲ့ ဟေးဟေးဟားဟား အဖွဲ့ကျပျော်နေတတ်ပါသည်။ အဲဒါကိုတော့ သူ သိပ်သဘောမတွေ့ပါ။

တစ်ခါပေါ့ . . .

အဲဒါကို တစ်ခါကိုတော့ စွဲစွဲမြဲမြဲ မှတ်မထားဘဲ မှတ်မိနေခဲ့ပါသည်။ သူမ ကညှော်ခန်းမှာ ကောင်လေးတစ်ယောက်နှင့် နီးနီးကပ်ကပ် မျက်နှာချင်းဆိုင် စကားပြောနေတာ။

သူ ရင်တွေဝုန်းဒိုင်းကြအောင် ဖြောင်းဆန်ကုန်ပါသည်။ ဒေါသတွေ အလွန်အမင်းဖြစ်သည်။ ဘာကိုစိတ်တိုမှန်းမသိပါ။ သူမကိုလည်း ကိုင်ဆောင့်ပစ်ချင်သည်။

သူ့မျက်နှာကြီး သိသိသာသာ ပျက်နေတာကို အန်တီတို့ပင် ရိပ်မိခဲ့ကြသည်အထိပါ။

သူမကသာ လုံးဝ သတိမပြုမိခဲ့တာပါ။

သူ့မြတ်နိုးမှုတွေကို သူမ မမြင်ခဲ့ပါ။

သူ့ရင်ခုန်မှုတွေကို သူမ မသိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူမက အမှတ်တမဲ့ဖြစ်နေခဲ့ပါသည်။

သူမ သတိပြုမိသွားအောင် သိသွားအောင်လည်းသူက ဘာတစ်ခုမှ လှစ်ဟမပြခဲ့ပါ။ ပကတိတည်ငြိမ်နေသော အမူအရာတွေနှင့် တစ်ချိန်လုံးရှိနေခဲ့ပါသည်။

သူမနှင့် ပတ်သက်ပြီးသူ တွန့်ဆုတ်နေခဲ့တာလည်း ပါသည်။

တော်ရုံလူကို သူမ စိတ်ကူးမှာ မဟုတ်ပါ။

သူမ စတိုင်လေးက အေးသည်။ ငြိမ်သည်။ ချစ်စရာကောင်းသည်။ ယောကျ်ားပီပီ သူမျှော်မှန်းရဲပါသည်။ သို့ပေမယ့် လက်တွေ့ကျကျ တွေးဆချင့်ချိန်ပြီး သူနောက်ဆုတ်ခဲ့တာပါ။

သူမဆီက သူ လိုချင်တောင့်တခဲ့တာ အချစ်တစ်ခုတည်း။

ရရှိလိုက်တာက မကျေနပ်မှု၊ ခါးသီးမှု၊ မုန်းတီးမှုတောင် ပါကောင်းပါနိုင်သည်။

သူမက သူ့ကို တလွဲတွေးနေခဲ့သည်။

သူမ စည်းစိမ်တွေကို သူက မက်မောမတဲ့လား။ အဲဒါတွေ သူ့အတွက်တော့ အရေးမကြီးပါ။ သူ့ဘဝကိုပြည့်စုံအောင် သူ့ခြေထောက်ပေါ်မှာ ရပ်တည်နိုင်ပါသည်။ သူ့ကိုသူ ယုံကြည်သည်။

ငွေစင်က သူ့ကိုအထင်သေးလွန်းသည်။

သူမကိုသူ့ဘက် တစ်ချိန်လုံးချစ်စိတ်ရှိခဲ့တာတွေ သူမ



ထည့်မတွက်ပါ။ သူမ ထင်မြင်ချက်က အရုပ်ဆိုး အကျည်းတန်လွန်းပါသည်။

အဲဒါကြောင့်လည်း သူ ဆုံးဖြတ်ထားပြီးပါပြီ။

သူ လူလွတ်ဘဝတုန်းက နေခဲ့သော သူပိုင် တိုက်ခန်းတလေးမှာဘဲ နေတော့မည်။ သူမကိုလည်း ပြောပြရဦးမည်။

သူမ ဘဝကိုသူပဲ့ အစစအရာရာ တာဝန်ယူမည် ဆိုတာတွေ။ အထင်သေးရှုတ်ချတာကို မခံနိုင်ပါ။ သူ့မာနကို ထိပါးလွန်းသည်။ ဧည့်ခန်းကိုဖြတ်သန်း လျှောက်လာတော့ ထမင်းစားခန်းကလေး မကျယ်ဝန်းပေမယ့် သန့်ပြန့်သည်။ နေချင်စဖွယ်လေးပါပဲ။

စားပွဲရှည်ကြီး၏ထောင့်မှာ မုန့်ပုံးတွေ ဖျော်သောက်စရာ ပုလင်းတွေ ဓာတ်ဗူးပါမကျန် အဆင်သင့် စီစီရီရီ ချထား၏။

ခြင်းကျယ်ကျယ်လေးထဲမှာတော့ ဂျယ်လီထုပ်၊ သရက်သီး၊ သကြားလုံးထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ကွေကာအုပ်ထုပ်၊ တီး မစ်၊ ကော်ဖီမစ် စတဲ့ ရယ်ဒီမိတ်(အဆင်သင့်) စားစရာလေးတွေ အများအပြားတွေ့ရ၏။

ချောကလက်တောင့်လေးတွေ ပီကယ်တောင့်လေးတွေတို့တော့ ရှည်မျောမျော ကော်ဗူးလေးထဲမှာ ထည့်ထားသည်။

ဘေးနားမှာတော့ မဂ္ဂဇင်းစာအုပ်တွေ ဝတ္ထုစာအုပ်တွေ တွေ့ရ၏။ စားရင်းသောက်ရင်း စာအုပ်ဖတ်တတ်ပုံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို သူက အလျှင်အမြန်ကြီး လက်ထပ်ယူလိုက်ရတာ တကယ်တော့ သူတို့နှစ်ယောက်က သူငယ်ချင်းလည်းမဟုတ် ချစ်သူလည်းမဟုတ်။ တစ်ယောက်အကြောင်း တစ်ယောက်မသိကြပါ။ ဖြုန်းစားကြီး စီစဉ်ပြီး ဖြုန်းစားကြီး လင်မယား ဖြစ်သွားရတာ။

သူမ ဘာတွေနှစ်သက်တတ်တယ်၊ ဘာတွေစားလေ့ရှိတယ်၊ ဘယ်စာအုပ်တွေ ဖတ်လေ့ရှိတယ်၊ ဘယ်သီချင်းခွေ နားထောင်တယ်၊ ဘယ်လိုပွဲလမ်းသဘင်တွေ စိတ်ပါသလဲ ဆိုတာ သူ မသိသေးပါ။

ထမင်းစားခန်းရဲ့ထောင့်တစ်ဖက်မှာ ရေခဲသေတ္တာ အသေးတစ်လုံးရှိနေ၏။ သူဆွဲဖွင့်ကာ ရေခဲရေတစ်ခွက်ထည့်သောက်သည်။ ရေခဲသေတ္တာထဲမှာတော့ ပိုကာလိုင်းချီး(စ်)လေးတွေ၊ ကြက်ဥလေးငါးလုံး ပြီးတော့ ဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ရှောက်ချိုသီးတွေကို တွေ့ရ၏။

ရေခဲသေတ္တာပေါ်တင်ထားသော ပန်းအိုးလေးက ဘဲဥပုံလုံးလုံးလေး။ ပန်းခြောက်ကလေးတွေကို လှလှပပ ထိုးစိုက်ထားသည်။

ထမင်းစားခန်းနဲ့ တပ်လျက် စတိုခန်းတစ်ခုရှိ၏။ ပြီးတော့. . . အဲဒီဘေးမှာ အခန်းကျဉ်းလေးတစ်ခန်း၊ တီဗွီနှင့် ဒက်ကိုစ်တင်နံလေးနှင့် တင်ထားပြီး ကြမ်းပြင်ချောချောက



ပြောင်လက်နေသည်။

ပြီးတော့ အပေါ်ထပ် တက်ဖို့လှေကားတစ်ခုကို မီးဖိုဆောင်မရောက်ခင် တွေ့ရ၏။

မီးဖိုဆောင်မှာတော့ ဘာမှထူးထူးခြားခြားမရှိပါ။ ဂက်(စ်) မီးဖိုတစ်လုံး၊ အီလက်ထရစ် မီးဖိုတစ်လုံး၊ သောက်ရေအိုးတစ်လုံး၊ ရေစင်တစ်ခု၊ ပန်းကန်စင်လှလှလေးတစ်ခုကို နံရံမှာ ကပ်ချိတ်ထားသည်။

သူမက ထမင်းကိုတော့ အန်တီမာတို့အိမ်ဘက်မှာပဲ သွားစားပုံရပါသည်။ လှေကားလေးမှ တဆင့် အပေါ်တက်လာတော့ တစ် ထပ်စလုံးကို အခန်းမဖွဲ့ဘဲ အခန်းကြီးအဖြစ်ဖွဲ့ထား၏။

စိမ်းပြာရောင် လိုက်ကာများနှင့် အဝင်ဝထောင့်မှာ ဂန္ဓာမာ ပန်းထိုးထားသော ပန်းအိုးပြာပြာလေးတွေကို ခုံပုပုလေးတွေပေါ်မှာတင်ထား၏။

လှပသော ခုတင်လေးက အိပ်ယာခင်းပန်းရောင် ခေါင်းအုံးပန်းရောင်လေးနှင့် ခုတင်၏ ခြေရင်းတစ်ဖက်မှာ စာကြည့်စားပွဲနှင့်။ စာအုပ်စင်ခြေရင်းဘက်မှာတော့ မှန်တင်ခုံနှင့် ဗီရိုတစ်လုံး။

အခန်းထောင့်စွန်း ဝရန်တာနှင့်နီးသောဘက်မှာ ကုတင်ဆက်တစ်လုံးနှင့် ကက်ဆက်ခွေ စီဒီမာတ်ပြားတွေကို အဆင့်ဆင့် စီထပ်ပြီး ကြမ်းပြင်ပေါ် ချထား၏။

www.burmeseclassic.com

www.burmeseclassic.com



လှေကားနှင့် မလှမ်းမကမ်းထောင့်မှာတော့ မီးပူထောင်တင်ထားသော စားပွဲငယ်တစ်လုံးနှင့် အဝတ်လှမ်းစင်တစ်ခု။

အကျီလေးတွေ လွှားထားပုံက သေသေသပ်သပ်။ တစ်ခန်းလုံးရှင်းသန့်ကာ ဘာတစ်ခုမှ မျက်စိနောက်စရာမတွေ့ရပါ။

သူမ တမင်အရွဲ့တိုက်ပြီး စိတ်လုပ်နေတာပဲဟု နားလည်သည်။

စာကြည့်စားပွဲပေါ်မှာလည်း ပန်းအိုးလေးတစ်လုံး။ သစ္စာပန်းအဖြူရောင်လေးတွေကို ရှည်ရှည်မျောမျောကလေး ထိုးထားသည်။ ပန်းတွေက နွမ်းခြောက်မနေပါ။ လဲထားတာ သုံးလေးရက်ပဲ ရှိပုံရသည်။

သူမ အိမ်ယာကလေးကို ဘေးနားကပ်ပြီးသေချာ ကြည့်မိ၏။ ခေါင်းအုံးလေးကအစ စောင်လေးကအစ ချစ်စရာကောင်းပါသည်။ သူ ထင်တာလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

မှန်တင်ခုံဘက်လျှောက်လာတော့ သူမသုံးနေကျပစ္စည်းတွေကို တွေ့ရ၏။

သူမက ရေမွှေးကြိုက်ပုံရသည်။ နှုတ်ခမ်းနီကြိုက်ပုံရသည်။

'Sweet Honesty' ရေမွှေးဗူးလေးရယ်။

'Red Door' ရေမွှေးဗူးလေးရယ်။

'Brue' ရေမွှေးဗူးလေးရယ်။



'Secret' ရေမွှေးပုလင်းသေးသေးလေးတွေရယ်၊

'Eternity' ရေမွှေးပုလင်းရယ်။

မိတ်ကပ်ဗူးလေးတွေကတော့ စုံစုံစေ့စေ့ မက်(စ်)ဖက်တာ၊ ရှီရှယ်ဒိုး အမျိုးအစားတွေက များလွန်းသည်။ သူ မသိတာတွေလည်းအများကြီး။

သူမက ဆံပင်ကိုတော့ Follow me (ပန်းရောင်ဘူး) တစ်မျိုးတည်းကို စွဲစွဲမြဲမြဲ သုံးပုံရသည်။

နှုတ်ခမ်းနီဘူးလေးအတွက် ပုံစံစုံ၊ အရောင်စုံ ခဲတံလိုတာလေးတွေရော ဘူးပေါက်စနလေးတွေရော။

မင်းဖုန်းက 'Red Door' ရေမွှေးပုလင်းကို ကောက်ယူကာ အဖုန်းနီရဲရဲကို ဖွင့်ပြီး တစ်ချက်နှစ်ချက်ဆွတ်ဖျန်းလိုက်သည်။

အားပါး၊ ခြောက်ထောင့်ကိုးရာ ဆိုပါလား။

သူ ပခုံးတွန့်မိ၏။

သူမ နှစ်သက်သော ရေမွှေးကို သူဝယ်ပေးနိုင်ပါ့မလား။

စိတ်ထဲမှာ ဖျတ်ခနဲတွေးမိ၏။

ပုလင်းမှာ ဈေးကပ်ထားတာလေး မခွာပဲထားတာမို့ သိရတာ။ ရေမွှေးနံ့က သနပ်ခါးနံ့လို သင်းသင်းလေး။

လူပီပီ ရေမွှေးပုလင်းတွေရှေ့ရောက်တော့ တွေ့ရာတစ်ပုလင်းကောက်ဆွတ်ကြည့်တာပါ။ တစ်ခြားဘာရည်ရွယ်ချက်မှ

www.burmeseclassic.com

www.burmeseclassic.com



မပေါ့။

ရေမွှေးပုလင်းလေးကို ပြန်ချထားပြီး စာကြည့်စားပွဲရှိရာ လျှောက်လာ၏။ သူမက စာဖတ်သည်။ ဝါသနာပါပုံရသည်။ စာအုပ်မျိုးစုံကို တွေ့ရ၏၊ သူမ ကုတင်ဘေးမှာတော့ မြေပုံသုံးခုကို တန်းစီကပ်ထား၏။

ကမ္ဘာမြေပုံရယ်၊ မြန်မာ့မြေပုံရယ်၊ ရန်ကုန်မြေပုံရှယ် အလွယ်တကူ ကြည့်လို့ရအောင် ခုတင်ဘေးကပ်ထားတာ ဖြစ်လိမ့်မည်။ မှန်တင်ခုံမှာရော စားပွဲမှာပါ ဓာတ်ပုံတစ်ပုံမှမရှိ။

သူမမှာ အတည်တကျ ချစ်သူရှိခဲ့ပုံမရပါ။

သူကျေနပ်သွားမိ၏။

မှန်တင်ခုံရှိ အံဆွဲတွေကိုရော ဗီရိုကိုသာမက စာကြည့်စားပွဲ အံဆွဲတွေကိုပါ သော့ပိတ်ထားတာ-သိရသည်။

သူမ စနစ်တကျမှု စည်းကမ်းရှိမှုကို မြင်ရတော့ သူအတော်ကလေး ကျေနပ်မိသည်။

လှေကားမှ ခပ်ဖြည်းဖြည်းဆင်းလာခဲ့ရင်း နောက်တစ်ခေါက်လာမှပဲ ကက်ဆက်ခွေတွေကြည့်ဖို့၊ ဗွီဒီယို ခွေတွေကြည့်ဖို့တွေးလိုက်၏။

သူမ နှစ်သက်တာလေးတွေကို သူသိထားချင်ပါသည်။ သူမလိုအပ်ချက်တွေကို အလိုက်တသိဖြင့် ဖြည့်စွမ်းပေးနိုင်သော လူတစ်ယောက်ဖြစ်ချင်လှ၏။



သူမကို သူကချစ်ရသည်လေ။ သူမဆီမှ တုံ့ပြန်မှုတွေကိုလည်း မျှော်လင့်တောင့်တ၏။

ငွေစင် မင်းတစ်နေ့ကိုယ့်ကို နားလည်လာမှာပါကွာ။

* * *

www.burmeseclassic.com



သူပြန်ရောက်လာတော့ သူမက အလိုက်တသိပဲ လာမေးဖော်ရ၏။

'အန်တီမာ သက်သာရဲ့လား'

မင်းဖုန်း မဖြေဘဲ သူမကို စိုက်ကြည့်နေလိုက်၏။ သူ ဝရန်တာ ကျယ်ကြီးမှာ ရပ်နေတုန်း သူမ ရောက်လာခဲ့တာ။

'ရှင် မကြားဘူးလား'

ပန်းရောင်သုံးသော နှုတ်ခမ်းလေးတွေဆီမှ အကြည့်ကို အမြန်လွှဲဖယ်ပစ်ရပါသည်။ သူ့စိတ်တွေ သူမထိန်းနိုင်လျှင် အကြီးအကျယ် ပြဿနာ တက်နိုင်သည်လေ။

သူမက မကျေမနပ် မျက်နှာလွှဲသွား၏။



'သက်သာပါတယ်'

ငွေစင်က လက်ကလေးနှစ်ဖက်ထောက်ပြီး ဧေးနေသည်။

'မနက်ဖြန်လာခဲ့မယ်လို့ ပြောခဲ့တယ်'

'သက်သာရင် သွားစရာလိုလို့လား'

လှည့်မကြည့်ဘဲ ပြော၏။

'အန်တီမာ့ဆီ တစ်သက်လုံးမသွားတော့ဘူးလို့ ဆုံးဖြတ်ထားသလား'

'မဟုတ်ပါဘူး၊ လောလောဆယ် မသွားချင်တာ'

'စိတ်ကောက်တာလား'

သူမက သူ့ဘက်ဆတ်ခနဲလှည့်ကြည့်သည်။

'ရှင်. . . ငွေစင့်အခန်းကို သွားခဲ့တယ်မဟုတ်လား'

'ဟင်. . .'

မင်းဖုန်းအံ့အားသင့်သွား၏။

သူမ ပါးနပ်မှု၊ စူးရှထက်မြက်မှုကို ချီးကျူးလိုက်မိပါသည်။

'သေချာလှချည်လား'

'ရေမွှေးနံ့ရနေတယ်လေ ရှင်ငြင်းလို့မရတဲ့ သက်သေပဲ၊ အန်တီမာက အဲ့ဒီ ရေမွှေးမှ မသုံးဘာ'

' ဆောရီး ဟုတ်တယ် ၊ ခွင့်မတောင်းဘဲ ကြည့်မိတာ တောင်းပန်ပါတယ် ၊ ဘာရယ် မဟုတ်ပါဘူး ကြည့်ချင်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ '

'ရည်းစားစာတွေ ခတ်ပုံတွေ သွားရှာတာလား '

' မဟုတ်ပါဘူး'

' ပစ်စလက်ခတ် ထားပါ့မလား မှတ်ထားမှပေါ့ '

ငွေစင်က တခစ်ခစ်ရယ်သည်။

မင်းဖုန်း မျက်နှာကြီး ပျက်ရှာ၏။

'အဲဒါတွေ ဂရုမစိုက်ပါဘူး'

'ကျေးဇူးပါပဲ'

'ဒါပေမယ့် မင်းပါးနပ်လွန်းတော့ လေးစားတယ်'

'ရှင်ကညွှန့်လို့ပါ'

'ရိုးသားတာရောမဖြစ်နိုင်ဘူးလား'

'ရိုးသားရင် ခွင့်တောင်းသွားမှာပေါ့'

'သွားတုန်းက ရည်ရွယ်ချက်မှ မရှိတာ'

'ထားပါတော့'

ငွေစင်ကြယ် ပြိုင်မငြင်းချင်ပုံနှင့် စကားစဖြတ်လိုက်၏။

'ငွေစင်'

သူခေါ်တာကို သူမက ငုံ့မကြည့်ပါ။

'မနက်ဖြန်ဆို ဒီမှာနေတဲ့ရက်ပြီးပြီ'

'ကျွန်မကတော့ နောက်တစ်ရက် ဘယ်လိုနေရမလဲ တွေးနေတယ်၊ စိတ်ရှုပ်လှပြီ'



'တစ်ခုပြောချင်တယ်'

မင်းဖုန်းက ခွင့်တောင်း၏။

'ပြောပေါ့'

'ကိုယ်နဲ့အတူတူ ကိုယ့်အခန်းလေးမှာပဲ လိုက်နေစေချင်တယ်'

'ရှင်. . .'

ငွေစင် အထိတ်တလန့်လှည့်ပြီး မျက်လုံးလေးဝိုင်းသွားသည်။

'ငွေစင်လိုမယ့် အသုံးအဆောင်တွေအားလုံး ကိုယ်ကြိုးစားဝယ်ပေးပါမယ်၊ အဲဒီအခန်းက ကိုယ်ဝယ်ပေးထားတာ ကျဉ်းပေမယ့် ပျော်စရာကောင်းပါတယ်၊ မင်းပိုက်ဆံတွေနဲ့ ဝယ်ထားတဲ့ အသစ်စက်စက် တိုက်ကြီးမှာ ကိုယ်မနေချင်ပါဘူး၊ ငွေစင်တို့ ငွေစင့်ဘဝကို တာဝန်ယူချင်တယ်၊ အတတ်နိုင်ဆုံးကြိုးစားမှာပါ။ မင်းနှစ်သက်တဲ့ ရက်ဒ်ဒိုးရေမွှေးလဲ ဝယ်ပေးမှာပါ'

ငွေစင်ကြယ်က သူပြောသမျှ မျက်လုံးလေးဝိုင်းပြီး မျက်ဆန်လေး တရွှေ့ရွှေ့နှင့် နားထောင်နေ၏ ပြီးမှ. . .

'တိုက်ခန်းလေးမှာ မနေတတ်ပါဘူး'

'ကိုယ် စိတ်မကောင်းပါဘူး၊ ကြိုးစားပြီး နေကြည့်ပါလား'

'အခိပ္ပာယ်လဲ မရှိဘူး'

'သိပ် အဓိပ္ပာယ် ရှိတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်က တစ်ဆယ်ပဲ ရှာနိုင်ရင် မင်းလဲ တစ်ဆယ်နဲ့ လောက်အောင်သုံးရမှာပေ့ါ နေရမှာပေ့ါ။ ကိုယ်က ငါးရာရှာနိုင်ရင် မင်းလဲ ငါးရာနဲ့'

'တော်ပါတော့ ငွေစင်စိတ်ရှုပ်လာပြီ၊ ရှင်က ကျွန်မကို နှိပ်စက်ဖို့တွေးနေပြီပေ့ါ ဟုတ်လား။ ဒါသင်ခန်းစာ အမှတ်တစ်လား'

ငွေစင် ဒေါသသံလေးနှင့် မေး၏။

'ကျွန်မကရှင်နဲ့ အတူတူ ဆင်းဆင်းရဲရဲ လိုက်နေရမယ်ပေ့ါ ဟုတ်လား'

'မဆင်းရဲပါဘူး၊ တအားမချမ်းသာတာပဲရှိမယ်၊ ဒါလဲ နောက်တော့ ကိုယ်ကြိုးစားမှာပေ့ါ၊ ငွေစင်စိတ်ကြိုက်ထားနိုင်အောင်'

'လုံးဝ မနေဘူးသိလား၊ အိမ်အသစ်ကြီးမှာလဲ မနေဘူး၊ ရှင့်အခန်းမှာလဲ မနေဘူး၊ ငွေစင့်အခန်းမှာပဲ ငွေစင်ပြန်နေမယ်'

'ကိုယ်မှ ခွင့်မပြုတာ'

'ရှင်တော်ရင်ကောင်းမယ်'

'မနေပါဘူး၊ တိုက်ခန်းအကျဉ်းလေးမှာ အသက်ရှုကျပ်တယ်'

မင်းဖုန်းက ငြိမ်သက်စဉ်းစားနေ၏။

'ဟင်း. . . ဒါဆိုလဲ ခြံလေးတစ်ခြံဝယ်နိုင်အောင်ကြိုးစားရမှာပေ့ါ၊ အန်တီမာ့ဆီမှာ ကိုယ့်မိဘတွေ အပ်ခဲ့တဲ့ငွေတွေ ရှိပါတယ်၊ အဲဒါတွေအားလုံး ပြန်ထုတ်ပြီး ခြံလေး တစ်ခြံ ဝယ်မယ်'

'မဟုတ်သေးပါဘူး၊ ရှင်က ဘာလို့ မာနစကားတွေ ပြောနေရတာလဲ'

'ဘဝ စကားတွေပါ'

'ရှင် ပြောနေတာ ဘဝစကားတွေမဟုတ်၊ မာန စကားတွေ'

'ငွေစင် အထင်သေးမှာ ကြောက်တယ်'

ငွေစင် သူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

'ဘယ်တုန်းက ပြောမိသလဲ၊ ကျွန်မ ရှင့်ကို အထင်လဲ မသေးဘူး၊ အထင်လဲ မကြီးဘူး၊ ပုံမှန်ပဲ၊ ရှင့် အကြောင်း ဘာမှ မသိဘဲ မဆုံးဖြတ်ဘူး၊ ရှင့် စိတ်ဓာတ်၊ ရှင့် အတွေးအခေါ် ဘာတစ်ခုမှ ကျွန်မ မသိသေးဘူး'

'ဟုတ်ပါတယ်'

'ကျွန်မကတော့ ကျွန်မ အိမ်လေးမှာပဲ နေချင်တယ်၊ ရှင့်အခန်းက နှစ်ချုပ်နဲ့ လူငှားတင်ပြီးသားဆို၊ ဟိုအသစ်စက်စက် အိမ်ကြီးကလဲ ဖေဖေ ပေးတာပဲ၊ ကျွန်မ ပိုင်မှမဟုတ်တာ၊ [illegible]ဖွဲ့တာ၊ ရှင်လဲ ပိုင်တာပဲ၊ အဲဒါကြီးမှာလဲ မနေချင်ဘူး၊ [illegible]ထားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း . . .'

'နေရေးအတွက် ဘာမှ လုပ်စရာမလိုဘူးလို့ ကျွန်မ ထင်တယ်၊ အဲဒီအိမ်ကလေးမှာ ရှင်နဲ့ကျွန်မ တစ်ထပ်စီ နေကြတာပေါ့၊ တီဗွီထားတဲ့ အခန်းလေးမှာ ရှင်နေပေါ့၊ ကျွန်မက အပေါ်ထပ်မှာပဲ နေမယ်'

မင်းဖုန်းက နားထောင်နေ၏။ ဘာတစ်ခုမှ ဝင်မပြောသေးပါ။

'ကျွန်မ ပြောချင်တာ တစ်ခုပဲရှိတယ်'

'အင်း . . .'

'အန်တီမာ ပေးစားတဲ့ ယောကျ်ားမို့လို့ ရှင့်ကို ကျွန်မ ခင်ပွန်းအဖြစ် ဘယ်တော့မှ ကျွန်မ မသတ်မှတ်ဘူး၊ အဲဒါကလဲ အန်တီမာ့ကို ဆန့်ကျင်ချင်လို့ပဲ၊ ရှင် နားလည်ပေးပါ'

'အန်တီမာက ငွေစင်အပေါ် တော်တော်ကလေး ဆိုးခဲ့သလား'

'အဲဒါတွေ ရှင် နောက်တော့ သိလာမှာပါ၊ အဲဒီအခါကျရင် ကျွန်မ မှားနေတယ်လို့ထင်ထားတဲ့ ယူဆချက်တွေ မှေးမှိန်လာမှာပါ'

'ခုလဲ အဲဒီလို မထင်ပါဘူး'

'ဟုတ်လို့လား'

'ငွေစင်နဲ့ အန်တီမာ နားလည်မှု လွဲချော်နေကြတယ်လို့ထင်ပါတယ်'



'ဒါကတော့ ရှင့်ကိစ္စပဲ၊ မြင်ချင်သလို မြင်နိုင်တယ်'

'အိုကေလေ . . . ကိုယ် ငွေစင် ပြောတာ လက်ခံပါတယ်၊ ငွေစင် နေခဲ့တဲ့ တိုက်ကလေးမှာပဲ နေကြတာပေါ့'

သူက ငွေစင့်ဆန္ဒကို လိုက်လျောလိုက်၏။

သူမ မျက်နှာလေးက တိမ်စင်လေးလို ဝင်းပကျေနပ်သွားတော့သည်။

'ရှင့်ကို အောက်ထပ်မှာထားရင် အန်တီမာ ဆူဦးမှာတော့ အသေအချာပဲ'

'ရပါတယ်၊ ကိုယ်တို့ ဘယ်လိုနေကြတယ်ဆိုတာ သူသိတာမှ မဟုတ်တဲ့'

'ရှင် ပိရိရင် ပြီးတာပဲ'

'စိတ်ချပါ၊ ငွေစင်ကို သူတို့ ဆူမယ့်ကိစ္စမျိုး ကိုယ် ရှောင်မှာပါ၊ ပြေပြေလည်လည် ရှိတာပဲ မြင်ချင်ပါတယ်'

'အင်းလေ . . . ရှင်နဲ့ငွေစင် နားလည်မှုရှိရင် ပြီးတာပဲ'

'အန်တီမာနဲ့ ငွေစင် ပြဿနာ ဖြစ်တာလဲ မမြင်ချင်ဘူး'

'အင်း . . . အင်း . . . ကျွန်မနဲ့ အန်တီမာက တစ်ခါတလေနှစ်ရက်၊ သုံးရက် မတွေ့ကြဘူး၊ အဲဒီလိုပဲနေကြတာ'

'ငွေစင်က ထမင်း ချက်စားလား'

'မစားပါဘူး၊ အပြင်မှာစားတယ်၊ တစ်ခါတလေ အန်တီ

www.burmeseclassic.com

www.burmeseclassic.com



မာတို့ အိမ်ဘက် ကူးပြီး စားတယ်'

'အန်တီမာက ခူးခပ်ကျွေးတာလား'

'ရှင်က ကပ်သီးကပ်သပ် မေးတာပဲ'

'သိချင်လို့ပါ'

'ကောင်မလေးတွေ ရှိပြီးသားပဲ၊ နှစ်ယောက်တောင် ကြီးကြီးနုလဲ ရှိတယ်'

'အန်တီမာက ကျွန်မကို ခူးခပ်ကျွေးပါလိမ့်မယ်၊ စောင့်နေ'

'ငွေစင် ကြိုက်တတ်တာတွေ မချက်ထားဘူးလား'

'ဒီလိုပါပဲ'

'ငွေစင် ထမင်းစားဖို့ ရောက်သွားရင် ဘာမှ လာမပြောဘူးလား'

'ဘာပြောရမှာလဲ'

'ကြီးနုတို့ ဒါမှမဟုတ် ကောင်မလေးတွေကို ဟိုဟာချပေး ဒီဟာချပေးလို့ သတိပေးတာမျိုးတွေ မလုပ်ဘူးလား'

'သတိမထားမိပါဘူး'

'သတိ ထားကြည့်ပါလား'

ငွေစင်က နှာခေါင်းလေး ရှုံ့၏။

'ရှင်က ငြိမ်းချမ်းရေး အကျိုးဆောင်လား'

ငေါ့တော့တော့ မေးပုံလေးက အလိုမကျဟန်တွေ စွက်



လို့. . .

'တည့်မှ မတည့်တာ'

'အဲဒီ မတည့်တာတွေ ဘယ်နေ့က စခဲ့တာလဲ'

'ကြာလှပြီ၊ မမှတ်မိတော့ဘူး'

'ဘယ်လိုကြောင့် ဘယ်လိုကနေ ဘယ်လို ကြည့်မရဖြစ်ခဲ့ကြပြီး မုန်းခဲ့ကြသလဲဆိုတာ ကိုယ့်ကို ပြောပြပါလား'

'ဘာလုပ်ဖို့လဲ'

'သိထားချင်လို့ပါ'

'မသိချင်ပါနဲ့၊ စိတ်ရှုပ်စရာတွေပဲ'

'ကိုယ် သိထားချင်တယ်'

'အခု သိရမှာပဲ၊ မြင်ကိုမြင်ရမှာ၊ မပူပါနဲ့ စိတ်ညစ်ရမှာ'

'ငွေစင်ရယ်. . .'

မင်းဖုန်းက ဘယ်လို ဖျောင်းဖျရမှန်း မသိပါ။

'ငွေစင်'

'ဘာလဲ'

'အန်တီမာ့ကို နည်းနည်းလေးမှ မချစ်ဘူးလား'

'ဟင့်အင်း. . .'

သူမက ပိုင်ပိုင်နိုင်နိုင် ခေါင်းရမ်းပြသည်။

'ကဲပါ ထားတော့၊ တစ်ခုခုသွားစားရအောင် လေ'

ငွေစင်က သူ့စကားကို နှာခံခေါင်းညိတ်ပြီး ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို သီချင်းကို တိုးတိုးညည်းနေ၏။

မင်းဖုန်းက နောက်လှည့်ကြည့်တော့ သူမ သီချင်းသံလေး ရပ်သွားသည်။

ကိုယ့်ရှေ့မှာ သီချင်းပင် မဆိုရဲလောက်အောင် သူမနှင့် ကိုယ် စိမ်းသက်နေ၏။ တရင်းတနှီး မရှိသေးဘဲ ချက်ချင်းကြီး လက်ထပ်လိုက်ရတာ သူမလည်း အူလည်လည် ရှိရှာမည်။

သူ စာနာတွေးနှင့် သူမကို သနားသွား၏။

'ဆက်ဆိုလေ'

'ရမှ မရတော့တာ'

သူမက ခေါင်းလေးငုံ့ရယ်၏။

အောက်ကိုဆင်းဖို့ ခါတ်လှေကားဆီ ရောက်လာတော့ သူမက ရဲရဲတင်းတင်းပဲ ရှိနေသည်၊ သူမ မကြောက်တတ်တော့ပါ။

* * *



တံခါးကို ဖွဖွခေါက်သံကြားရတော့ မင်းဖုန်းက ဖတ်နေသောစာအုပ်ကို ချထားပြီး ခုတင်ပေါ်မှ ဆင်းလိုက်၏။

နာရီကို ကြည့်မိတော့ အတော်ကလေး ညဉ့်နက်နေပါပြီ။

တံခါးရှိရာ လျှောက်လာပြီး ဆွဲဖွင့်လိုက်တော့ ငွေစင့်ကို မြင်ရသည်။

'ဟင် ဘာဖြစ်လို့လဲ ငွေစင်'

သူ ဆိတ်ခနဲ စိတ်ပူသွား၏။

ဒီ ချိန်နာရီကျော်ကျော်လောက်က သူမ အခန်းထဲက ထွက်ခဲ့သေးတာ။ သူမက တိတ်ဆိတ်ငြိမ်သက်သော အိပ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေပုံရတာကြောင့် လှည့်ပြန်ခဲ့သည်။

ငွေစင် ရှေ့တည့်တည့်မှာ မတ်တပ်ရပ်ပြီး သူ စိတ်ပူစွာ ကြည့်မိ၏။

'ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး'

သူမက သူ့ကို အသားလွတ် မျက်စောင်းရွယ်ပါသည်။

'ရှစ်နာရီလောက်က ငွေစင် အခန်းဘက်လာသေးတယ်၊ ငွေစင် အိပ်ပျော်နေတယ်၊ အဲဒါကြောင့် မနှိုးတော့တာ'

'မအိပ်ပါဘူး'

'ဟုတ်လား ကိုယ်က အိပ်နေပြီထင်တာ'

'တရေးမှ မအိပ်ရသေးဘူး၊ စာအုပ်ဖတ်နေတာ၊ တီဗွီ ကြည့်နေတာ'

'ဘာသံမှ မကြားဘူးလေ'

တစ်ယောက်တည်း စကားပြောနေရမှာလား၊ အခန်းအပြင်ကနေ ဘယ်လိုလုပ်ကြားမှာလဲ၊ တီဗွီ ဖွင့်ထားသားပဲ'

'အင်း. . . အင်း. . . ခု ဘာဖြစ်လို့လဲ'

'ဗိုက်ဆာလို့'

မင်းဖုန်း ပြုံးလိုက်မိပါသည်။

'ပထမတော့ မှာစားမလို့ဘဲ၊ နောက်တော့ ရှင်လည်း နိုးနေမလားလို့ လာခေါက်ကြည့်တော့၊ ကျွန်မ တစ်ယောက်တည်း



မအိပ်တတ်ဘူး'

သူမက သိပ်ခက်ခဲနေသလို ဆို၏။

'မင်း တိုက်ကလေးမှာ မင်းတစ်ယောက်တည်း နေတာ မဟုတ်လား၊ ဘာလို့ တစ်ယောက်တည်း မနေတတ်ရမှာလဲ'

'မသိဘဲ ပြောမနေနဲ့'

ငွေစင်က ဆံပင်လေးတွေသပ်တင်ပြီး လက်ကလေး တင်းတင်းပိုက်၏။

ကုတ်အင်္ကျီ နက်ပြာလေးနှင့် ဂါဝန်ရှည် ပန်းနုရောင်လေးနှင့် သူမသဏ္ဌာန်လေးက တောက်ပလွန်းနေသည်။ သူမ ပုံစံလေးက အိပ်ရာထလာပုံမရ။ သူမ မညာတတ်တာတော့ သူ သိပါသည်။

'သီသီကို ညဆို ကျွန်မ ခုတင်ဘေးကြမ်းပြင်မှာ ခေါ်သိပ်တာ သိရဲ့လား၊ ဒီမှာနေရတာ ကျွန်မ စိတ်ညစ်လှပြီ သည်းမခံနိုင်တော့ဘူး၊ မနက်လင်းတာနဲ့ အိမ်ပြန်ဖို့ ကျွန်မဆုံးဖြတ်ပြီးပြီ'

သူမက ယတိပြတ်ဆို၏။

'အိုကေ- ငွေစင် သဘောပါ လာ၊ ခဏစောင့် ကိုယ်က အပြင်မထွက်တော့ဘူးဆိုပြီး ဒါကြီး ဝတ်ထားတာ၊ အဝတ်လဲဦးမယ် လာပါ'

သူမက အခန်းထဲ မရဲတရဲ လှမ်းဝင်၏။ သူက တံခါးကို အ သာစေ့ထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်လေ'

'ရပါတယ် မြန်မြန်နော်၊ ကျွန်မ ဗိုက်ဆာနေပြီ'

'အင်း'

ငွေစင်ကြယ်က ပြတင်းပေါက်ဘေး လျှောက်သွားပြီး သူ့ကို ကျောပေးရပ်နေတော့၏။

မင်းဖုန်းက အကျီနှင့် ဘောင်းဘီ တစ်ဆက်တည်း ညအိပ်ဝတ်စုံကြီးကို ချွတ်ပြီး ဘောင်းဘီရှည် တစ်ထည်နှင့် ရှပ်အကျီအကွက်ကျားလေး တစ်ထည်ကို ကောက်စွပ်၏။

'ငွေစင်က အိမ်မှာရော ညလယ်စာ စားတတ်လို့လား'

'အဲဒီလို သတ်သတ်မှတ်မှတ် မဟုတ်ပါဘူး၊ တစ်ခါတစ်လေပါ၊ စာဖတ်နေတော့ ညဉ့်နက်သွားရော၊ အိပ်ရာဝင်မယ် ကြံတော့ ဗိုက်ထဲကဟာလာရော၊ ဘယ်လိုမှ အိပ်မရဘူး၊ ဒါကြောင့် ရှင့်ကို လာနိုးတာပေါ့၊ ရှင်ရောလုံးဝမအိပ်သေးဘူးလား'

'ဟုတ်တယ်၊ စလောင်းကလာတာတွေ ကြည့်နေတာ'

မင်းဖုန်း အဆင်သင့်ဖြစ်တော့ နှစ်ယောက်သားထွက်ခဲ့ကြသည်။

သိပ်ချစ်ခဲ့ရသော မြတ်နိုးခဲ့ရသော ကောင်မလေးနှင့် ခုလိုညမျိုးမှာ နှစ်ယောက်တည်းရှိနေခွင့်ရတာ အတူတူမုန့်ထွက်စားခွင့်ရတာ သူကံကောင်းလွန်းပါသည်။

သူ့ကံကို သူကကျေး ဇူးတင်နေမိသည်။ ငွေစင်ကတော့



သိနိုင်မှာ မဟုတ်ပါ။

'ကဲ ဘာစားမလဲပြော'

အောက်ထပ်ကိုဆင်းလာပြီး သူမနှင့်တိုင်ပင်လိုက်၏။

'ဘာရမလဲ မသိဘူး'

'စားချင်တာရမှာပေါ့၊ ငွေစင်ဘာစားချင်လဲ'

'ဆင်းဒဝစ်ရယ် အိုက်(စ်)ကရင်မ်ရယ် စားမယ်'

မင်းဖုန်းက သူမ စကားကိုရယ်မိ၏။

'ဆင်ဒဝစ်တော့ ရနိုင်တယ်၊ အိုက်(စ်)ကရင်မ်က ရပါ့မလားမသိဘူးကွ'

'ရမယ်ထင်တာပဲ၊ ညခုနှစ်နာရီခွဲလောက်က တစ်ခန်းကျော်ကို အိုက်(စ်)ခရင်မ်(ရေခဲမုန့်) လာပို့တာတွေ့တယ်'

'ဟုတ်လား မှာပေးမယ်လေ'

ငွေစင်တို့လိုပဲ အဆာပြေဆင်းစားကြသော လူတစ်ချို့ကို တွေ့ရ၏။

တချို့ကလည်း ဝိုင်းဖွဲ့ပြီး စကားကောင်းနေ၏။

'ဟင်း. . . ဒီမှာမှ အပျင်းပြေသေးတယ်၊ အခန်းထဲမှာ သိပ်ခြောက်သွေ့တာပဲ၊ ကြာကြာနေရရင် ပျင်းလွန်းလို့ အသက်တိုမှာပဲ'

'ငွေစင်ပျင်းနေမှန်းသိရင် ကိုယ်လာမှာပေါ့၊ မအိပ်သေးလို့'

ငွေစင်က ခေါင်းလေးယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ပါဘူး၊ ရှင်နဲ့ ငွေစင်ကမိတ်ဆွေမှ မဟုတ်တာ'

သူမ အသံလေးသည် အင်မတန်တိုးဖျော့လွန်း၏။

အခုလို ဆိုရတာကို အားနာနေပုံမျိုးလေး၊ စိတ်အနှောင့်အယှက် ဖြစ်ရဟန်လေး။

'ရှင့်ကို မိတ်ဆွေတစ်ယောက်လို ခင်လို့ရရင် ငွေစင် ဒီလောက်ပျင်းရမှာ မဟုတ်ဘူး၊ မတန်မရာ အနိုင်ကျင့်တဲ့ အခွင့်အရေးတွေလဲ ကျွန်မ မတောင်းချင်ပါဘူး၊ ရှင်က ငွေစင့်ကို မိတ်ဆွေသူငယ်ချင်းလို ဘယ်လိုလုပ်ခင်နိုင်မှာလဲ မဟုတ်ဘူးလား'

မင်းဖုန်းက မျက်လွှာချထားသော သူမ မျက်နှာ ဖောင်းပြည့်ပြည့်လေးကို အားမနာတမ်းဘဲ ငေးကြည့်နေလိုက်ပါသည်။

'ငွေစင်က ကိုယ့်ကို မိတ်ဆွေသူငယ်ချင်းလို ခင်ချင်တာလား'

'ဟုတ်တယ်၊ အစကလိုပဲပေါ့'

'ရပါတယ်၊ အဲဒီလို မခင်ရဘူးလို့ ကိုယ်ပြောမိသလား'

'ပြောတော့မပြောဘူးပေါ့၊ ဒါပေမယ့် ငွေစင်က. . .'

သူမ ပြောရခက်သလို စကားရပ်ပစ်၏။

'ပြောပါ၊ ပွင့်ပွင့်လင်းလင်းပေါ့'

'ရှင့်ကို ခင်ပွန်းတစ်ယောက်အဖြစ် အသိအမှတ်မပြုနိုင်ဘူးဆိုပြီးမှတော့ ခပ်ခွာခွာ ခပ်စိမ်းစိမ်းနေတာပဲ သင့်တော်တယ်



လေ၊ သူငယ်ချင်းလို လိုအပ်တာရှိရင် အကူအညီထပ်ယူနေမယ်ဆို ကျွန်မ မတရားဘူးလို့ ရှင်မြင်လာမှာပေါ့'

မင်းဖုန်းက ရယ်နေမိ၏။

'အဲဒါရယ်စရာလား'

'မဟုတ်ပါဘူး'

'ဒါဆို ရှင်ကဘာလို့ ရယ်နေတာလဲ'

သူမဖြေပါ။ သူမက သူ့အပေါ် ခင်မင်စိတ်ရင်းစွဲလေးတော့ရှိရှာသားပဲ မဆိုးပါဘူး။

မနေ့တစ်နေ့ကထက်စာရင် အများကြီးငြိမ်းချမ်းရေးရလာပြီပဲ။

သူ့ကို ငွေစင် ရန်လိုမနေတော့ပေ။ တူးတူးခါးခါး အမူအရာတွေလည်း မပြတော့။ သူမနှင့် သူနှစ်ယောက်တည်းရှိနေတာမို့ သူမပျင်းလွန်းလို့ အရောတဝင်နေတာမျိုးလည်း ဖြစ်နိုင်ပါသည်။

ဘယ်လိုဖြစ်ဖြစ် သူကတော့ ကျေနပ်မိသည်။

ကြည်နူးမိသည်။

သူမက အိုက်(စ်)ကရင်မ်ကို ခပ် စားလိုက် ဆင်းဒဝစ်ကို ကိုက်စားလိုက် ရှိနေခိုက်မှာ သူကတော့ ကော်ဖီခွက်ရှေ့ချပြီး သူမကို ငေးမောနေမိပါသည်။

'ကျွန်မပြောနေတာတွေ အဓိပ္ပာယ်မရှိလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး'

ငွေစင်က မျက်လုံးစူးစူးလေးနှင့် သူ့ကို တည့်တည့်ကြည့်သည်။

'ကလေးဆန်လို့ပါ၊ ချစ်စရာကောင်းလို့'

သူ့စကားကို ငွေစင်က နှုတ်ခမ်းလေးပွင့် အံ့သြသွားပြီးမှ မျက်လုံးလေးရွှေ့ကာ စဉ်းစား၏။

ပြီးတော့ သူမမျက်နှာလေးက အလွန်တစ်ရာ တင်းမာစူပုပ်လာသည်။

'ဦးမင်းဖုန်းမြင့်'

'ဗျာ'

သူမခေါ်သံလေးကို ကြားရရုံနှင့် သူ စကားမှားသွားပြီဆိုတာ သိသည်။

'ရှင်က အဆင်ပြေတာကို ရွေးပြီး သာယာပစ်မယ်ဆိုတဲ့စိတ်ကူးမျိုးနဲ့လူပဲ၊ အဲဒီလိုလူစားမျိုးကို ကျွန်မ မုန်းတယ် သိလား'

'ငွေစင် သဘောပါ'

'ဟွန့် . . . ရှင်ဟာ တော်တော် အတ္တကြီးလွန်းတဲ့သူ'

'ငွေစင်က ဘာကိုစိတ်ဆိုးတာလဲ'

'အဆင်တပြေရှိတဲ့ လမ်းပေါ်မှာ သက်သောင့်သက်သာ မှေးလျှောက်သွားမယ်လို့ ကြံစည်ထားတဲ့ ရှင့်စိတ်ဓာတ်လုံးဝ မမိုက်ဘူး'



'ချစ်စရာကောင်းတယ်လို့ ပြောမိတာ မင်းကို နည်းနည်းစကား ပြောတာလို့ ထင်မှတ်နေသလား၊ လုံးဝမဟုတ်ဘူး တကယ် စိတ်ထဲမှာဖြစ်ပေါ်တဲ့အတိုင်း ပြောလိုက်တာ'

မင်းဖုန်း မျက်နှာက ချက်ချင်းပဲ တင်းမာသွား၏။

'ဒီမှာ ဒေါ်ငွေစင် မင်းကို ငါ လက်ထပ်ထားတယ်ဆိုတာ မေ့နေသလား၊ ခုချက်ချင်း မင်းကိုပွေ့ချီခေါ်သွားလို့ရတယ်၊ အလိုလိုက်တာကို မင်း မစော်ကားချင်ပါနဲ့'

ငွေစင် သူ့ကို တအံ့တသြလေး မော့ကြည့်၏။ ပြီးတော့ ဝခုံလေး တွန့်လိုက်သည်။

'ဒါကရှင့်အထင်လေ ကျွန်မကရှင့်ကိုမှ မချစ်ဘဲ၊ အဲဒီလို အနိုင်ကျင့်ရင် ရှင်တစ်သက်လုံး နောင်တရသွားမှာပေါ့'

'တော်ကွာ'

မင်းဖုန်းကမကြားချင်တော့သလိုတား၏။ ပြီးတော့ စားပွဲပေါ်တင်ထားသော ငွေစင့်လက်ကလေးကို ဖွဖွဆုပ်ထားလိုက်သည်။

'ဆောရီး . . . ငွေစင့်ကို ကိုယ်က အဲဒီလို မလုပ်ရက်ပါဘူး'

ငွေစင်က လက်ကလေးကို ရုန်းပစ်၏။

'ကျွန်မ သွားအိပ်တော့မယ်'

'နေပါဦး . . . အခန်းထဲမှ ပျင်းတယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ပျင်းတာက တော်သေးတယ်၊ ရှင်နဲ့ ဆက်နေရင်ရန်ဖြစ်နေမှာ သိလား၊ အလကားနေရင်း ဒေါသဖြစ်ရမှာ'

'ကိုယ်က စတာပါ'

'ရှင်နော်. . . ဒါမျိုး ဒီတစ်ခါပဲ စ,ပါ၊ ငွေစင် မကြိုက်ဘူး သိလား'

'အင်းပါ. . .'

မင်းဖုန်းက လိမ္မာလွန်းသော တပည့်တစ်ယောက်လို နှာခေါင်းညိတ်လိုက်၏။ သည်တော့မှ ငွေစင်ကျေနပ်သွားသည်။

'တစ်ခု မေးရဦးမယ်'

'ဘာလဲ. . .'

'မနက်ဖြန် အိမ်ရောက်ရင်ရော ညဘက် သီသီကိုခေါ်သိပ်ဦးမှာလား'

'ရှင် အောက်ထပ်မှာရှိနေသားပဲ၊ မခေါ် သိပ်တော့ဘူး'

မင်းဖုန်းက သူမ စီမံပြောဆိုသမျှကို ရယ်ချင်နေမိပါသည်။

ရင်ထဲမှာ သူမကို ချစ်သည်။ သူမကို မြင်နေရတာ စိတ်ချမ်းသာသည်။ သူမ မျက်နှာညှိုးအောင် သူ မလုပ်ရက်ပါ။

'အင်း. . . မဖြစ်သေးပါဘူး၊ ရှင်ပဲ အပေါ်ထပ်မှာနေပါ။ ငွေစင် အောက်ထပ်မှာပဲ နေလိုက်မယ်၊ ရတယ်'

'အောက်ထပ်မှာ အခန်းလေးက ကျဉ်းကျဉ်းလေး၊ မင်းနေတတ်မှာ မဟုတ်ဘူး၊ အပေါ်ထပ်မှာပဲနေပါ၊ ဘာဖြစ်လဲရတာပဲ'



'ငွေစင် ကော်ဖီ သောက်ချင်သေးတယ်'

'ဟင်. . . အိုက်စ်ကရင်နဲ့ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်၊ မင်္ဂလာပွဲတွေမှာတောင် ကျွေးသေးတာပဲ'

မင်းဖုန်းက သူမအတွက် ကော်ဖီတစ်ခွက် မှာယူပေး၏။

'ရှင်က အစတုန်းက တိုက်ခန်းမှာ တစ်ယောက်တည်းနေတာလား'

'အင်း. . .'

'ရှင့်မှာ မိဘတွေ မရှိတော့ဘူးနော်၊ ရှင်က တစ်ဦးတည်းသော သားလား၊ မောင်နှမရော မရှိဘူးလားဟင်'

'မဆိုးပါဘူး၊ မေးဖော် ရသားပဲ'

'ပြောမှာသာ ပြောစမ်းပါ'

'မိဘတွေ မရှိတော့ဘူး၊ အစ်ကိုတစ်ယောက်ရှိတယ်၊ အိမ်ထောင်နဲ့ နယ်မှာ၊ သူတို့မှာ ကလေးတစ်ယောက်လဲ ရှိတယ်'

'ဪ. . .'

'ဒါပေမယ့် အန်တီမာက ကိုယ့်ကို မိဘလို စောင့်ရှောက်လာခဲ့တာ၊ ဦးလေးသန့်ဇင်က ဦးလေး အရင်းဆိုပေမယ့် အန်တီမာလောက် ဂရုမစိုက်ဘူး၊ အန်တီမာက ကိုယ့်ကို ချစ်တယ်'

'အင်း. . . ရှင့် အစ်ကိုရော မချစ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်ပါတယ်၊ ဒါပေမယ့် သိပ်မပြေလည်ဘူး ကိုကြီးမိန်းမ အန်တီမာနဲ့ မတည့်ဘူး၊ နေရာတကာ ပါလွန်းလို့တဲ့'

'ရှင်နဲ့တော့ အရမ်း တည့်တယ်နော်'

'အင်း . . . သူ့ စည်းကမ်းဘောင်ထဲမှာ ကိုယ်က နေတတ်တာကိုး၊ ဘာတစ်ခုမှ ထော်လော်ကန့်လန့်မလုပ်ဘူးလေ'

'မဆိုးပါဘူး၊ တော်သားပဲ'

'ဒါပေမယ့် ကိုယ့်ကို လိမ္မာလွန်းလို့ အားကိုးရလို့ ချစ်တာ ကိုယ်က နံပါတ်နှစ်ပါ'

ငွေစင်ကြယ်က နှုတ်ခမ်းလေး မဲ့သည်။

'တစ်က ကျွန်မပေါ့ ဟုတ်လား'

'သေချာတာပေါ့၊ အန်တီမာက မင်းကို အသည်းစွဲ'

'နားရှိလို့သာ ကြားရတာ'

'ယုံလိုက်ပါ'

'ဒီတစ်သက်တော့ မဖြစ်နိုင်တော့ဘူး'

'လက်ထပ်ခါနီး ကိုယ့်ကို ကတိတွေအများကြီး တောင်းတယ်၊ အထပ်ထပ်အခါခါ ဆုံးမတယ်၊ အဲဒါတွေ မပြောတော့ဘူး၊ ကြာရင် မင်းက ရောင့်တက်သွားမှာ'

ငွေစင်ကြယ် ခေါင်းလေးမော့ ရယ်သည်။

'ဒါကတော့ မဆန်းပါဘူး'

သူမက မင်းဖုန်းကို မကြည့်ဘဲ ကော်ဖီခွက်လေးကိုကြည့်



ရင်း မပွင့်တပွင့် ဆို၏။

'ရှင်နဲ့ ကျွန်မ တစ်ခုခုဖြစ်ကြရင်၊ ရှင် လွန်ခဲ့ရင် သူက နှုတ်အတင်း ပေးစားခဲ့တဲ့သူဆိုတော့ တာဝန်မကင်း ဖြစ်မှာဆိုးတာပေါ့'

'အန်တီမာ့အပေါ် မင်းက အဆိုးမြင်တစ်ယောက်ပဲ'

'ဟုတ်တယ်၊ အကောင်း ဘာတစ်ခုမှမမြင်ဘူး'

'တစ်နေ့နေ့ နောင်တရမှာ မင်း မကြောက်ဘူးလား'

'ရှင်က ငွေစင် နောင်တရမယ်လို့ ထင်ထားသလား'

'မင်းက တော်တော် ခေါင်းမာတာပဲ'

'အဲဒါ ရှင်သိထားသင့်တာပေါ့၊ ကျွန်မ ဒေါသဖြစ်မယ့် ကိစ္စ၊ နာကြည်းမယ့်ကိစ္စတွေ ရှင် ရှောင်ပါ၊ အဲဒါပဲ'

'ဟုတ်ပါပြီ၊ သဘောပေါက်ပါတယ်'

'ဒါဆိုလဲ အပေါ် ပြန်တက်ရအောင်'

'မအိပ်ချင်သေးဘူးဆို အန်တီမာနဲ့ ငွေစင်နဲ့ ဘာတွေ ဘယ်လို အဆင်မပြေဖြစ်ခဲ့သလဲဆိုတာ ပြောပြပါလား'

'ရှင်မို့လို့ အဲဒါတွေ သိချင်တယ်'

ငွေစင်က မျက်စောင်းလေး ရွယ်သည်။ ပြီးတော့ မတ်တပ် ရပ်လိုက်၏။

သူ မေးတာကို သူမက ပြောချင်ပုံ မရပါ။

'အန်တီမာနဲ့ ငွေစင့် မေမေ ဒေါ်ဝါဝါနဲ့ မတည့်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဒေါ်ဂါဝါက ငွေစင့်ကို ငယ်ငယ်လေးကတည်းက အန်တီမာနဲ့ မတည့်အောင် သွေးခွဲခဲ့တာဆို'

'ဟင်. . .'

ငွေစင်က ဆတ်ခနဲ ငဲ့ကြည့်၏။

'အန်တီမာ ပြောတာလား'

'ဟုတ်တယ်လေ. . .'

'ဟင် သူက ရှင့်ကို အဲဒါတွေ ဘာလို့ ပြောရတာလဲ ဘာဆိုင်လို့လဲ'

'ငွေစင့် ခင်ပွန်းဖြစ်လာတော့မယ်ဆိုပြီး၊ အသိပေးထားတဲ့ သဘောပါ၊ အားလုံး ရှင်းရှင်းလင်းလင်း သိထားအောင်တဲ့'

'ဒါဆိုလဲ ရှင်က သိပြီးသားကို ငွေစင် ဘာလို့ ထပ်မေးနေသေးလဲ ခက်ပါလား၊ အပိုအလုပ်တွေ'

'ငွေစင် ပြောတာလဲ ကြားချင်သေးတယ်လေ၊ အန်တီမာ ပြောတာလဲ ကြားတော့ ကိုယ်ဆုံးဖြတ်ရခက်နေတယ်၊ နှစ်ဖက် ကြားတော့မှ ဝေဖန်သုံးသပ်လို့ရမှာပေါ့'

'မလိုပါဘူး အန်တီမာပြောတာတွေ အမှန်လို့သာ ယူဆထားလိုက်ပေါ့ ကိစ္စမရှိပါဘူး၊ ငွေစင် ဂရုလဲ မစိုက်ဘူး'

သူမ မျက်နှာလေးက ခက်ထန်လွန်းပါသည်။

သူမ စကားတွေက ပြတ်သားလွန်းပါသည်။

သူ သိချင်တာကို အရေးတယူ မေးတာကို သူမဖြေ



သွားခဲ့ပါ။ တဖျတ်ဖျတ် လျှောက်သွားသော သူမကို သူ တားမရနိုင်။

သူမသည် အင်မတန် နားလည်ရ ခက်ပါသည်။

စိတ်ဆိုးလွယ်သည် စိတ်ပြေလွယ်သည်။

အန်တီမာ့ကိုတော့ ညိုးညိုးကြီးကြီးမျိုး နာနေသည်။

ခဏတဖြုတ် ဒေါသဖြစ်တာမျိုး မဟုတ်ဘဲ မျက်ရှုမူတွေသာ အစိုင်အခဲဖွဲ့ပြီး ရင်ထဲမှာ နေရာတကျ အတည်တကျရှိနေခဲ့ပြီ။

အဲဒါတွေကို သူ ဘယ်လိုချေဖျက်ပေးရမလဲ။

အန်တီမာ့အပေါ် အမြင်ရှင်းမှ စေတနာကို နားလည်မှ သူနှင့် ငွေစင် ပြေလည်နိုင်လိမ့်မည်။

ငွေစင်ကြယ်က အန်တီမာ့ကြောင့် သူ့ကို မုန်းတီးခါးသီးသွားတာ အသိအမှတ် မပြုချင်တာ၊ သူနှင့် ငွေစင့်ကြားမှာ ဘာပြဿနာမှ ရှိတာမဟုတ်၊ သူ့ကို တင်းတင်းပြတ်ပြတ် ဆက်ဆံနိုင်မှ အန်တီမာ့အပေါ် အနိုင်ရမှာလို့ သူမက တွေးနေခဲ့သည်။

သူမ စိတ်တွေ ပြောင်းသွားအောင် သူ ဘယ်လိုလုပ်ရမလဲ၊ တွေးမရအောင် ရှိလှသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်မထားကြပါဘဲ စောစောစီးစီး ပြိုင်တူနိုးလာခဲ့သည်။ ပြိုင်တူအဆင်သင့် ဖြစ်နေခဲ့သည်။ ဘယ်လောက်များအိမ်ပြန်ချင်ကြသလဲဆိုတာ. . .

သူတို့အဖြစ်က သနားစရာလည်း ကောင်းသည်။ ပိုက်ဆံတွေ ပုံပေးပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာ။

ပြန် ရတော့မယ်ဆိုတော့ နှစ်ယောက်စလုံး ပျော်ရွှင်မိသည်။

သည်အခြေအနေ သည်အနေအထားနှင့်တော့ ဘယ်နေရာရောက်ရောက် ပျော်စရာရှိမည် မဟုတ်။

တကယ်ချစ်သူတွေ တကယ်ပဲ အသစ်စက်စက်စုံတွဲတွေ



ဆိုလျှင်တော့ ခုချိန်မှာ မိုးမမြင်လေမမြင်ပေါ့၊ သိပ်ကြည်မွေ့စရာ ကောင်းလိမ့်မည်။

'ငွေစင် အိုကေပြီလား'

'အင်း. . . ရယ်ဒီပဲ'

'ခဏနေဦး၊ အိမ်ကို ဖုန်းဆက်ပြီး ကားမှာရမယ်၊ တစ်ခုခု အရင်သွားစားရအောင်လား'

'ဖုန်းဆက်ခဲ့ဦးလေ'

'အင်း. . . အင်း'

သူအန်တီမာတို့ဆီ ဖုန်းဆက်တာ ငွေစင်က ဆံပင်လေးတွေ ဘီးနှင့်ဖြီးရင်း ရပ်စောင့်နေခဲ့၏။

သူတို့ ပြန်လာကြတော့မည်ဆိုတာကို အန်တီမာက မယုံနိုင်အောင် ရှိနေ၏။

ပြီးတော့ ငွေစင်နေခဲ့သော အိမ်ကလေးမှာပဲ နေကြမည်ဆိုတာကို ပိုအံ့သြပြီး ဝမ်းသာနေ၏။

'သားရယ်၊ ငွေစင်ကကျေနပ်ရဲ့လား အန်တီမာ့မျက်စိရှေ့မှာ သူကနေချင်တာမဟုတ်ဘူး။ အိမ်အသစ်ကြီးမှာ နေပါလားကွယ် ခဏဖြစ်ဖြစ်ပေါ့၊ ငွေစင်လေးကနေချင်ရှာမှာ'

မင်းဖုန်း ဘယ်လိုရှင်းပြရမှန်း မသိပါ။

'ငွေစင်က သူနေခဲ့တဲ့ တိုက်ကလေးမှာပဲ နေချင်တယ်လို့ပြောတာ၊ သားက စီးပွားရေး ဆန်ဆန်တွေးပြီး ဟိုအိမ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဌားဖို့ စီစဉ်တာ မဟုတ်ပါဘူး အန်တီမာရဲ့ သူ့ဆန္ဒနဲ့သူ အန်တီမာ မေးကြည့်ပေါ့'

'ဟုတ်လား၊ ကောင်းတာပေါ့၊ အန်တီမာက သားတို့သမီးတို့နဲ့ နီးနီးနေချင်တာ၊ သမီး ငွေစင် စိတ်ဆင်းရဲမှာ ဆိုးလို့လေ'

အန်တီမာက ဝမ်းသာမဆုံး၊ မင်းဖုန်းလည်း အံ့သြနေမိပါသည်။

ငွေစင် ပြန်လာနေမည်ဆိုတာကို အန်တီမာက ခုလောက်အထိ ပျော်ရွှင်ဝမ်းသာလိမ့်မည်ဟု မထင်ပါ။

သူ ထင်ထားတာထက်ပင် အန်တီမာကပိုပြီး ငွေစင်အပေါ် ချစ်နိုင်လွန်းပါလား။

'ငွေစင်နဲ့ ပြောမလား'

သူ အန်တီမာ့ကို မေးလိုက်တော့ ငွေစင်က နှုတ်ခမ်းလေးကိုက်ပြသည်။ ခေါင်းရမ်းပြသည်။ မပြောချင်ဘူးဆိုသည့်သဘောမျိုး။

'ဟုတ်ကဲ့ပါ၊ တော်ကြာ လာခဲ့မှာပါ၊ ဟုတ်ကဲ့၊ စိတ်ချပါ'

အန်တီမာက ကားကို ဂရုစိုက်မောင်းဖို့ပါမကျန်မှာနေ၏။

'ကဲ. . . လာ သွားကြမယ်'

ငွေစင်က သူ့နောက်မှ ခပ်ငိုင်ငိုင် ပါလာ၏။

'လာလေ ဘာဖြစ်လို့လဲ'

'ငွေစင် ခေါင်းမူးသလိုပဲ'



'ဟုတ်လား၊ ညမှမအိပ်တာ လျှောက်နိုင်ရဲ့လား၊ ရှူဆေးရှိလား'

မင်းဖုန်းက ပျာပျာသလဲ ဂရုစိုက်ပါသည်။

ငွေစင်က ပြုံးစိစိလေး ဖြစ်သွားရင်း. . .

ရှင်က တကယ်ပဲ စိုးရိမ်လို့လားဟု မေး၏။

'ကိုယ့်ပုံစံက တမင်ဟန်ဆောင်နေပုံ ပေါက်သလား'

'မသိဘူးလေ'

'မင်းက ခေါင်းမူးနေတာတောင် ကိုယ့်ကို ကလိချင်သေးတယ်'

'ရှင်က နည်းတောင် နည်းသေးတယ်လို့ ဆိုချင်တာလား၊ ဘာလဲ၊ ငွေစင် သေသွားရင် ရှင်က ဝမ်းသာမှာလား ဟုတ်လား'

မင်းဖုန်းက ပခုံးတွန့်ရင်း ဟက်ခနဲ ရယ်သည်။

'ကိုယ် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖို မဖြစ်ချင်ပါဘူး'

'သိပါတယ်၊ ရှင် စဉ်းစားတာ ရှင့်အတွက်မှန်း'

'မင်းတကယ် ခေါင်းမူးတာ ဟုတ်ရဲ့လား'

မသင်္ကာသလို မေးတာလား၊ ရန်တွေ့ကောင်းတာကြောင့် မယုံတာလား မသိပါ။

'ဟန်လုပ်တာ'

သူမ ရွဲ့ဖြေလိုက်မိသည်။

သူကရှူဆေးဘူးကို သူမအိပ်ရာပေါ်မှ သွားယူ လာပေး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

'ညက အိပ်ရေးပျက်လို့ နေမှာပါ'

ငွေစင်ကို သူက လက်ကလေးတွဲခေါ်သည်။

'ငွေစင် နောက်တစ်ခေါက် ပြန်မတက်ချင်တော့ဘူး၊ ရှင်ပဲ တက်ချင်တက်၊ ငွေစင် အခန်းထဲက အားလုံးသိမ်းပြီးသားပဲ'

'အင်း. . . ရတယ်လေ'

ထူးထူးခြားခြား သူမက လက်မောင်းကို မသိမသာမှီတွယ်ထား၏။

'မင်း တကယ် နေမကောင်းဘူးလား'

'ရပါတယ်'

ခေါင်းလေးငုံ့ပြီး ဖြေတော့ သူမ မျက်နှာလေးကို သူငုံ့ကြည့်မိ၏။ မျက်ရည်လေး တလည်လည်နှင့် သူမ ဘာကိုအားငယ်နေမှန်း မသိပါ။

'ဆေးခန်း သွားမလား'

'ဟင့်အင်း. . . အိမ်ရောက်မှပဲ မနီလာဆီ ဖုန်းဆက်လိုက်မယ်၊ မနီလာက ငွေစင်ကို အမြဲကုပေးနေကြလေ'

'ဩော်. . . သူ့အိမ်အရင် ဝင်လိုက်ပါလား'

'ရှိ မရှိမှ မသိတာ'

'ဖုန်းနံပါတ်ပြောလေ ကိုယ်ဆက်ပေးမယ်'

'အိမ်ရောက်မှ ငွေစင် ဆက်ပါ့မယ်ဆို'



'ရောဂါဆိုတာ မွေးမထားကောင်းဘူး'

မနီလာက ငွေစင်ရဲ့ အရင်းနှီးဆုံး ဆရာဝန်မလေးပါ။ ဓတော်လိုက်ရတဲ့ ယောက်မလေး။ ကိုသားရဲ့ အစ်မအရင်း။ ဒို့ သား ကြိုက်နေမှန်းသိတော့ အရမ်းကို အားပေးတာ။ ငွေစင်ကိုညီမတော်ချင်တာဟုပြောဖူးပါသည်။ အဲဒါတွေသိလျှင် မင်းဖုန်းက သဝန်တိုချင် တိုနေမှာ၊ သူ့စိတ်က ဘယ်လိုရှိမှန်းသိတာ မဟုတ်။

'ပြောလေ ဖုန်းနံပါတ်'

'ရပါတယ် အိမ်ရောက်မှ ငွေစင်ဆက်မယ်'

'ပြီးရော'

သုံ့ တင်းသွားတာကို ငွေစင်မသိသလို နေမိသည်။

'ဘာစားမလဲ ပြော'

'ကော်ဖီ သောက်မှာပေါ့'

မင်းဖုန်းက မှုန်ကုပ်ကုပ်နှင့် ကော်ဖီမှာသည်။

အိမ်က လွှတ်လိုက်သော ကားလည်း ရောက်လာပြီမို့ စိတ်စရာတွေ စီစဉ်နေ၏။ ငွေစင်ကတော့ ကိုယ်နှင့်မဆိုင်သလို အေးအေးဆေးဆေးပဲ ကြည့်နေလိုက်သည်။

'ငွေစင် ပြန်ချင်ရင် ပြန်လို့ရပြီ'

'အင်း. . . ရှင် ထိုင်ဦးလေ'

'ဘာလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အမောပြေပေါ့'

'အမောပြေ ဟုတ်လား၊ ကိုယ်က မောမှမမောပဲ'

'မဆိုးပါဘူး'

သူမက မှတ်ချက်ချတော့ မင်းဖုန်းက မျက်နှာမဲ့ပြသည်။ ရင်ထဲ အောင့်တက်သွားတာ သိသာ၏။

'ဒါဆိုလဲ သွားရအောင်'

သူမက ပိုက်ဆံအိတ်ကလေး လက်ထဲပိုက်ကာ တစ်လှမ်းချင်း လျှောက်၏။

ကြက်သွေးရောင်ဂါဝန်ရှည် ဖားဖားနှင့် သူမ အင်မတန် လိုက်ဖက်ကာ ပေါ်ပေါ်လွင်လွင် ရှိလှ၏။

သူက တစ်ချက်ပဲ ငဲ့ကြည့်ပြီး ကားစီ တန်းတန်းမတ်မတ် လျှောက်သွားလိုက်တာ လှည့်ကြည့်တော့ သူမ ပါမလာခဲ့ပေ။

သူ ကားထဲက ပြန်ဆင်းလာခဲ့၏။

'သြော်'

နိုင်ငံခြားသား ဧည့်သည်တစ်ဦးက သူမကို ဓာတ်ပုံရိုက် နေသည်။

သူမပုံစံက ချိုချိုသာသာ ဖော်ရွေပြုံးလေးနှင့် . . .

မင်းဖုန်း ဒေါသဖြစ်နေမိပါသည်။ တကယ်တော့လည်း ဘာမှ စိတ်ဆိုးစရာ မရှိပါ။ ခွင့်တောင်းလို့ လူမှုရေးအရ မငြင်းသာ၍ မရှောင်သာ အရိုက်ခံရတာ ဖြစ်ပါလိမ့်မည်။



သူက ဘာကို တွန့်တို နှမြောနေမိသလဲ၊ သူမ ပွဲ ပါသွား မတတ် သူ အဖြစ်သည်းနေမိပါလား။

'မပြီးသေးဘူးလား'

ပေါ်ပေါ်တင်တင်ပဲ အနားကပ်သွားကာ ခေါ်လိုက်တော့ သူ့ကိုပါ သူမနှင့်တွဲပြီး ဓာတ်ပုံတစ်ပုံ ရိုက်ယူ၏။

သူလည်း စဉ်းစားမနေဘဲ ပိုင်ပိုင်နိုင်နိုင် သူမခါးလေးကို ဖက်ထားလိုက်၏။

'ဘယ်လို ဖြစ်နေတာလဲ'

'ဘယ်လိုမှမဖြစ်ဘူး သွားမယ်'

သူနှင့် သူမ ဧည့်သည်ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြ၏။

'နောက်တစ်ခါ အဲဒီလိုပိုင်စိုးပိုင်နင်းလုပ်ရင် ကျွန်မ ခွင့် မလွှတ်ဘူး ဦးမင်းဖုန်း သိလား'

'ဒီလောက်လေးများ မင်းအသား ပွဲပါသွားတာမှ မဟုတ် တာ'

သူ့စကားကြောင့် သူမက စူးခနဲ လက်ခနဲ လှည့်ကြည့် ၏။

'မကျေနပ်ရင် ကိုယ့် ဆယ်ခါပြန်ဖက် ရတယ်'

'ရှူးကြောင်ကြောင်နဲ့'

သူမ ကားထဲဝင်ထိုင်ပြီး ဝုန်းခနဲ တံခါးပိတ်၏။

'သွားမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'နေဦး. . . ဓာတ်ပုံဖိုးပေးဖို့ သွားမှာခဲ့မယ်'

'ရှုပ်ရှုပ်ယှက်ယှက်'

'ပုံကြီးချဲ့ချိတ်ဖို့'

မင်းဖုန်းမြင့်က တကယ်ပဲသွားပြောတော့ သူမ အင်မတန်ကြည့်မရ ဖြစ်လာရတော့သည်။

သူမကို ကားထဲ ထားရစ်ပြီးမှ တစ်ခေါက် ပြန်သွားတာကို ပိုဒေါသဖြစ်ချင်၏။

သူရောက်လာတော့ သူမ အသံတိတ် ကောက်နေမိပါသည်။

သူက လှည့်ကြည့်ပြီး ဂရုမစိုက်သလို ရယ်၏။

'အန်တီမာက တော်တော် ဝမ်းသာနေတာ'

'ရှင်နဲ့ စကားမပြောချင်ဘူး'

ပြောင်ပြောင်တင်းတင်း တစ်ဖက်လှည့်သွားတော့မှ သူလည်း အေးအေးဆေးဆေး လိုက်လာ၏။

ကားပေါ်ကဆင်းပြီး အိမ်ပေါ်ရောက်တာနှင့် ဖုန်းဆက်ဖို့ သတိပေးပါသည်။

'ဆက်မှာပါ'

ငွေစင် ဖုန်းဆက်နေတော့ ဘေးနား လာရပ်ကြည့်၏။

'ကိုသားလား ငွေစင်ပါ'

မင်းဖုန်းက ဟင်ခနဲ ဖြစ်၏။



'ငွေစင်ပါ နီလာနဲ့ ပြောချင်တယ်၊ အင်း. . . ဟုတ်လား၊ ခုပဲရောက်တာ၊ မနီလာကိုလား၊ ခေါင်းမူးလို့ အင်း လိုက်ချင် လိုက်လာပေါ့ ရတာပဲ၊ ပြီးရော. . . ပြီးရော ခု လာမှာနော် အင်းပါ'

သူမ အသံလေးက မြူးမြူးသွက်သွက်နှုတ်ခမ်းလေးကလဲ ပြုံးလို့ချိုလို့။ မင်းဖုန်းက ချာခနဲ လှည့်ထွက်လာခဲ့၏။

'အန်တီမာရော'

ဟိုဘက်အိမ်ကြီးဆီ ကူးသွားကာ ကြီးကြီးနုကို မေးမိသည်။

'စောစောကပဲ ဈေးထွက်သွားတယ်'

'နေကောင်းသွားပြီလား'

'မသိပါဘူးကွယ်၊ ငွေစင်လေး လာမယ်ဆိုပြီး ဖွယ်ဖွယ်ရာရာ ချက်ချင်တယ်တဲ့၊ သွားတာပဲ၊ သူ့သမီးကို သိပ်ချစ်တာလေ'

မင်းဖုန်းက ရေခဲရေတစ်ပုလင်းဆွဲထုတ်ပြီး ထမင်းစားပွဲမှာ ထိုင်၏။

'ငွေစင်က ခေါင်းမူးလို့တဲ့၊ မနီလာဆိုတာကို ခေါ်နေတယ်'

'ဟုတ်လား၊ သူက ခေါင်းမူးတတ်တာပဲ နေဦး. . . ကြီးနုသွားကြည့်လိုက်မယ်၊ ခါတိုင်းတော့ ဘီဆစ်သောက်နေကြပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘီဆစ်လေးပါယူသွားမှ ဩော်. . . သူ့မှာလဲရှိမှာပါ'

ကြီးကြီးနုကလည်း သူမအပေါ် အရေးတယူ ဂရုတစိုက်ရှိရှာသား။

သူမကသာ အေးတိ အေးစက်နှင့် ဘယ်သူ့ကိုမှ သိပ်အလေးမထားတတ်တာ၊ သူမ ကံကောင်းသူပါပဲ။

အိမ်မှာဆို သူမက သီးသန့်နေတတ်ပုံလည်း ရပါသည်။

စကားနည်းပုံလည်းရသည်။

အန်တီမာနှင့် သိပ်အစေးမကပ်တာကြောင့်လည်း ဖြစ်လိမ့်မည်။

သူမ ဝေဝေဆာဆာပြောတတ်တာဆိုလို့ သူမ သူငယ်ချင်းလေးတွေပဲရှိသည်။

တစ်ဦးတည်းနေရတာကြောင့်လည်း အပေါင်းအသင်းမင်တာ ဖြစ်လိမ့်မည်။

အဲဒါကို အန်တီမာက ကန့်သတ် ဘောင်ခတ်တော့ သူမအနေကျဉ်းကြပ်ကာ အမြင်တွေပါ တစ်ဖြည်းဖြည်း တိမ်းချော်မှားယွင်းကုန်တာ။

'လာလေ. . . သားရော. . . ဒီမှာနေမလား'

'ရပါတယ်၊ ကြီးနု သွားလိုက်ပါ'

သူက ထမင်းစားပွဲမှာပဲ ငုတ်တုတ်ထိုင်ကျန်ရစ်၏။

မနက်ဖြန်ဆိုလျှင်တော့ သူ အလုပ်ထဲပြန်ဝင်တော့မည်။



အိမ်မှာနေရတာ ပျင်းခြောက်ခြောက်ကြီး။

ကိုယ့်ဘေးနားကပ်ပြီး တွတ်တီးတွတ်တာချွဲနေလျှင်တော့ သည့်ထက် အဆများစွာ စိုပြည်ပြီး ပျော်စရာကောင်းမှာ သိသည်။

ခဏကြာတော့ အန်တီမာ ပြန်ရောက်လာ၏။

'ဟော. . . သား ရောက်နေပြီလား'

'ဟုတ်ကဲ့ အန်တီမာက နေကောင်းလို့လား၊ ဈေးသွားတာဆို ဒုက္ခရှာလို့ဗျာ၊ ဖွယ်ဖွယ်ရာရာဖြစ်စေချင်လည်း သားယ်ပေးမှာပေါ့'

'ရပါတယ်၊ အန်တီမာ နေကောင်းနေပါပြီ'

'ငွေစင်ကတော့ ခေါင်းမူးလို့တဲ့'

'ဟင်. . . ဟုတ်လား'

ခုံမှာထိုင်မလို့ပြင်နေသော အန်တီမာ ပြန်ပြီး မတ်တတ်ရပ်လိုက်၏။

'ဒုက္ခပဲ၊ သိပ်မူးနေလား'

'နည်းနည်းပါ'

ထမင်းစားခန်းဝအထိ ပျာပျာသလဲ လျှောက်သွားပြီး မှပြန်လျှောက်လာပြီး. . .

သီသီ. . . သီသီနှင့် အော်ခေါ်၏။

'ရှင်. . . လာပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့. . . ငွေစင်၊ သွားကြည့်စမ်း၊ သက်သာလားဆိုတာ မြန်မြန်လာပြောဦး၊ ကြားလား'

'ဟုတ်ကဲ့ရှင့်'

မင်းဖုန်းက အန်တီမာ့အဖြစ်ကို ရယ်ရခက်ခက်နှင့် ပြုံးယောင်ယောင်ဖြစ်နေမိပါသည်။

စိတ်ပူနေလည်း ကိုယ်တိုင်သွားပြီး နဖူးလေး၊ လက်ဖဝါးလေး ဆုပ်လိုက်ပါတော့လား။

ခုတော့ နေမရထိုင်မရနှင့် ကိုယ်တိုင်လည်း သွားမတွေ့ပါဘဲ။

'အန်တီမာ'

'ဩော်. . . အင်း'

သူ ငုတ်တုတ်ထိုင်နေတာပင် သတိထားမိပုံမရ။

'လာလေ. . . ငွေစင်ဆီ သွားရအောင်'

'သား သွားလေ၊ အန်တီမာ မလိုက်တော့ပါဘူး၊ သမီး အနားမှာ နေလိုက်ပါ၊ သူက ခေါင်းမူးရင် သိပ်အားငယ်တတ်တာ'

မင်းဖုန်းက ခေါင်းညိတ်လိုက်၏။

ငွေစင့် စိတ်ကို တော်တော်ကြီး သိထားပါရောလား။

နားလည်နေပါရောလား။

သူ ကြုံတွေ့လိုက်ရတာနှင့် အန်တီမာ ပြောလိုက်တာ



တိုက်ညီလွန်းသည်။

'အန်တီမာက ငွေစင့် အိမ်ဘက် တစ်ခါမှ မသွားဖူးဘူးလား'

'မသွားဖြစ်ပါဘူး'

'ဩော်'

'သူကော အန်တီမာ့ဆီ လာတတ်သလား'

'တစ်ခါတလေတော့ လာတယ်၊ ကိစ္စရှိမှ'

'ခုတော့ သား ရှိနေပြီ၊ အန်တီမာ လာခဲ့ပါ'

'အင်းပါကွယ်. . . လာရမှာပေါ့'

အန်တီမာက ပြုံးပြီးရော။ ခေါင်းညိတ်ထားလိုက်၏။

သူကတော့ စကားအဖြစ်လာတာ မလိုချင်ပါ။

လူကိုယ်တိုင် လာစေချင်တာ။

လာအောင်လည်း ခေါ်မှာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ရော့လေ. . . ဟိုနေ့က ငွေစင် မှာထားတာ'

'အင်း. . . ဟုတ်တယ်၊ ပေး. . . ပေး'

ပင့်ကူပုံ ရင်ထိုးလေးကို လှမ်းယူပြီး ချစ်စနိုး ကြည့်ရင်း ကိုသားကိုပါ ပြုံးပြလိုက်တာ မြင်ရသည်။

ဆရာဝန် မောင်နှမပဲဆိုတာ မပြောဘဲ သိသည်။

'ငွေစင်. . . အနားယူနော်၊ အိပ်ရေးဝဝအိပ်၊ တော်ကြာ မူးလဲရင် ခက်မှာ၊ မပေ့ါနဲ့လေ၊ ဟိုတစ်ခါတောင် မူးလဲသေးတာ'

မနီလာဆိုသူလေးက စိတ်မချနိုင်သလို မှာနေ၏။

ကိုသားက ငွေစင့်ကိုပဲ အားမနာတမ်း ကြည့်နေလိုက်တာ။



သူ့ရင်ထဲမှာ အလိုမကျချင်ပါ။

ငွေစင့်ကို ဘယ်သူကြည့်တာမှ မကြိုက်ချင်ပါ။

သူ ဘယ်လိုကြီး ခံစားရမှန်းမသိ။

ဒေါသလည်း ဖြစ်သည်။

ကြေကွဲမှုလည်း ပါသည်။

'မနီလာ ဘာသောက်မလဲဟင်'

'အို. . . မလုပ်ပါနဲ့ လူမမာရယ်'

'ရပါတယ်'

'မဟုတ်တာ'

'အအေးသောက်မလား'

'ရှင်. . . ဒီလာတိုင်း ပိုကာ အအေးဘူးပဲတိုက်မှာ၊ သိပါတယ်'

'အဟင်း. . . ငွေစင်က ကြိုက်လို့'

ကိုသားက ရေခဲသေတ္တာထဲက ပိုကာတစ်ဘူး သွားယူ သောက်ပေမယ့် မနီလာကတော့ ခေါင်းခါ ငြင်းဆန်တာမို့ ငွေစင်က ကော်ဖီမစ်တစ်ခွက် ဖျော်၏။

'ရပါတယ်၊ ပေး. . . ပေး၊ မမပဲ လုပ်ပါ့မယ် ယောက်မ လေးရယ်'

စကားတည်းက ချစ်စနိုး နောက်ပြောင်ခေါ်ရင်း အကျင့် ပါနေပြီမို့ ထိန်းရခက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရမည်ဆို နှုတ်ကျိုးနေပြီ။

ငွေစင်က ဘယ်လိုမှမနေပေမယ့် မင်းဖုန်း အတွက်တော့ ကြားရ နားဝမသက်သာပေ။ ရင်ထဲမှာ ခိုးလိုးခုလု၊

ခက်ပါလား။

သည်လိုမခေါ်သင့်တာ ဘယ်လိုပြောရမလဲ။

မနီလာက ငွေစင့်ကို တော်တော်ခင်ပုံရပါသည်။

သူတို့ အကြာကြီး စကားပြောနေ၏။

ပြီးမှ ပြန်သွားကြသည်။

'သက်သာသွားပြီလား'

'အင်း'

သူ့မျက်နှာ ပုပ်သိုးသိုးကို သူ ပြင်မရပေ၊

'အန်တီမာက စိတ်ပူနေတယ်'

'အသက်နဲ့ အဝေးကြီး'

မင်းဖုန်းက သူမကို မကြိုက်လှသလို ကြည့်၏။

ဘာမှဆက်မပြောမနေတော့ဘဲ တီဗွီကြည့်နေလိုက်၏။

ပျင်းပျင်းနှင့် ခွေတစ်ခွေထည့်ကြည့်ဖို့ စိတ်ကူးသည်။

'ငွေစင်'

သူ လှမ်းခေါ်ပေမယ့် သူမက ပြန်မထူးပါ။

သူမ ကြားလောက်သည်ဆိုတာ သူ သိနေ၏။

ထို့ကြောင့် . . .



'ကိုယ်နဲ့အတူ ရုပ်ရှင်လာကြည့်ပါလား'

'ဝါသနာမပါဘူး၊ ပျင်းတယ် ခွေကြည့်ရမှာ'

'လာပါ . . . ကိုယ် တစ်ယောက်တည်း ပျင်းလို့'

'မကြည့်ချင်ဘူး'

မင်းဖုန်းက ရစ်ထားပြီးသော ခွေကိုချထားခဲ့ကာ သူမ ရှိရာ လျှောက်လာ၏။

'ငွေစင်'

'ဘာလဲ'

'ကိုယ်တစ်ယောက်တည်း မကြည့်တတ်ဘူး၊ လာကြည့် ပါဆို'

'ငွေစင်မှ မကြည့်ချင်တာ'

မျက်နှာကလေး ရှုံ့မဲ့နေတော့ သူမရှေ့မှာ သူ ထိုင်ချ သည်။

'ကိုယ်ပျင်းနေတယ်၊ မင်းမစာနာတတ်ဘူးလား၊ ဟိုဘက် မှာ မင်း ပျင်းနေသလို အခု ကိုယ် ဘာလုပ်ရမှန်းမသိအောင် ယောင်ချာချာ ဖြစ်နေတယ်၊ နေသားမကျဘူး၊ ငွေစင်က ကိုယ့် အိမ်ပြန်ရောက်တော့ အပျင်းပြေပြီပေါ့'

သူမက သူ့ကို မျက်လုံးမှေးကျဉ်းသွားအောင် စိုက်ကြည့် သည်။

'ကိုယ် နေနေကျအိမ်ဆို ထိုင်နေနေ၊ အိပ်မနေနေ ပျင်းရ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှန်းမသိဘူး၊ နေရာစိမ်း အိမ်စိမ်းဆို အရမ်း ခြောက်ကပ်ကပ်နိုင်တယ်၊ ငွေစင် နားလည်ပါတယ်ကွာ၊ ဒီဝဋ်က ဒီမနက်မှ လွတ်လာတာပဲ'

'ပြီးရော ပြီးရော၊ လာကြည့်ပါ့မယ် သွားနှင့်'

'ခု တစ်ခါတည်းလာကွာ'

ငွေစင်က မတ်တတ်ရပ်လိုက်ပြီး-

'ဒီမှာ ကော်ဖီဖျော်မလို့'

ဟုဆို၏။

'ရတယ်၊ ကိုယ်ဖျော်တိုက်မှာပေါ့'

သူက သွက်သွက်လက်လက်ပဲ ကော်ဖီဖျော်သည်။

'ငွေစင် သွားနှင့်လေ'

သူမ တစ်ချက်ပြုံးမိရင်း လှည့်ထွက်လာခဲ့၏။ ကြမ်းပြင်ချောချောပြောင်ပြောင်လေးမှာ ထိုင်ချရင်း မင်းဖုန်းရောက်လာတော့-

'ခဏပဲကြည့်နိုင်မယ်၊ ခေါင်းမူးနေတာ၊ ရှင်မေ့နေလား'

ဟု မေးမိ၏။

'ဆောရီး'

သူမ ငွေစင်ဖို့ ဒရင်းဘက် သွားယူ လာပေးသည်။

'ဒီမှာအိပ်ကြည့်၊ အိပ်ချင်ရင်လဲ အိပ်သွားပေါ့'

ဒရင်းဘက်ဘေးမှာ ခုံလေးချပြီး ကော်ဖီခွက်ကို တင်ပေး



သည်။

'ဆေးသောက်စရာ ရှိသေးလား'

'ဟင့်အင်း. . . မနီလာက မေ့မှာစိုးလို့ တစ်ခါတည်းတိုက်သွားတယ်၊ ညဆေးပဲ ရှိတော့တယ်'

'ကောင်းတယ်'

ငွေစင့်ကို ဒရင်းဘက်မှာ ထိုင်စေပြီး သူကတော့ ကြမ်းပြင်မှာပဲ ထိုင်သည်။ ဇာတ်လမ်းထဲက မင်းသမီးလေးက အရမ်းချစ်စရာကောင်းသည်။ အမူရာလေးတွေက စွဲမက်ချင့်စရာ။

'အိပ်ချင်ရင် အိပ်နော်'

'အင်းပါ'

မင်းဖုန်းက သူမကို လှည့်ကြည့်ပြီး ဆို၏။

ဇာတ်လမ်းထဲက မင်းသမီးလေးသည် လူဆိုးကြီးတစ်ဦး၏ထိန်းချုပ်မှုနှင့် အမိန့်ကို နာခံကာ နေထိုင်ရသူလေး။ သတ်ခိုင်းလျှင် သတ်ရသည်။ လုခိုင်းလျှင် လုရသည်။ သူ့စွဲလမ်းမိသောဇာတ်လိုက်ကလေးကလည်း အတော်ချောပါသည်။ သူမတို့နှစ်ယောက် သိပ်ချစ်ကြသည်။ လိုက်ဖက်ညီသော စုံတွဲကလေးပါပဲ။

ကောင်မလေးက ကြမ်းတမ်း ရက်စက်ပေမယ့် ချစ်သူကောင်လေးကိုတော့ အရမ်းချစ်ရှာပါသည်။

သွားရင်း လာရင်း လှုပ်ရှားရင်းမှာတော့ ထူးဆန်းသော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကလေးတစ်ခု သူတို့နှစ်ဦးကြားမှာ ဖြစ်ပွားခဲ့ပါသည်။

ကောင်လေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်း ကောင်မလေးက ရင်ဘတ်ပေါ် ကပ်ပြီး နှလုံးခုန်သံကို နားထောင်ကြည့်ကာ. . .

နှလုံးခုန်သံ မကြားရတော့ ကောင်လေး သေပြီထင်ပြီး ကောင်မလေးက အော်ကြီးဟစ်ကျယ် ငိုကြွေးတုန်လှုပ်သွားတာ အထူးအဆန်းပါပဲ၊ ကောင်လေးရဲ့နှလုံးက ဘယ်ဘက်မှာ မရှိဘဲ၊ ညာဘက်ရင်အုံမှာ ရှိနေတာလေ။

အဲဒီလျှို့ဝှက်ချက်ကလေးကို ကောင်မလေးက သိထားခဲ့ပါသည်။ နောက်တော့ ကောင်မလေးမှာ ချစ်သူရှိနေတာ ကောင်မလေးက အဲ့ဒီကောင်လေး အပေါ် တန်းတန်းစွဲ ဖြစ်နေတာ လူဆိုးကြီးက သိသွားတော့ ကောင်မလေးကို မာန်မဲ တားမြစ်ပါလေရော။

သည်လိုနဲ့ နောက်ဆုံးမှာတော့ ကောင်လေးကို သတ်ခိုင်းပါရော ဆိုပါတော့၊ ကောင်မလေးအကြောင်းတွေလည်း ကောင်လေးက တဖြည်းဖြည်း သိလာခဲ့ပြီ။

အကောင်းဆုံးကတော့ ဇာတ်သိမ်းခန်းပါပဲ။ ငွေစင်ဖြင့် ခေါင်းမူးတာကိုမေ့လို့ တဗေးတမော ကြည့်နေမိတာ. ကောင်မလေးနောက် လိုက်လာသော ဇာတ်လိုက်ကောင်လေးတို့ ကောင်မလေးက သူ့လူဆိုးကြီးရှေ့မှာတင် သေနတ်နဲ့ ပစ်သတ်



လိုက်တာ။

ဘယ်ဘက် ရင်အုံကို တည့်တည့်ပစ်တော့ လူဆိုးကြီးက ကျေနပ်သွားတာပေါ့။ သူက ကောင်လေးရဲ့ ထူးခြားချက်ကိုမှ မသိဘဲလေ။

တကယ်တော့ ကောင်မလေးက ကောင်လေးကို မသတ်ရက်ပါဘူး၊ ကောင်လေးရဲ့နှလုံး ညာဘက်ရင်အုံမှာရှိနေတာ သိတာကြောင့် ဘယ်ဘက်ကို ရဲရဲပစ်ဝံ့တာပေါ့။

'ဟင် ညားလဲ မညားဘူး'

ဇာတ်လမ်းပြီးသွားတော့ ငွေစင် စိတ်ထဲရှိသလိုပဲ နှုတ်က ထွက်သွား၏။ မင်းဖုန်းက ဆတ်ခနဲ လှည့်ကြည့်ပြီး ပြုံးလိုက်၏။

'သိပ်လဲ မရှင်းပါဘူး'

သူမ လွှတ်ခနဲ ထွက်သွားမိတာကို အရှက်ပြေ ကာကွယ်စကားလွှဲမိ၏။

'ဘာကို မရှင်းတာလဲ'

'ညာဘက်မှာ နှလုံးရှိနေတာသိလို့ ဘယ်ဘက်ကိုပစ်ရင် ဘာမှ မဖြစ်ဘူးဆိုတာသိလို့ ပစ်တာပေါ့ ဟုတ်လား'

'ဒါပေါ့။ ကောင်မလေး သူ့အပေါ် ချစ်တယ်ဆိုတာ ကောင်လေးသိသွားတာပေါ့။ မရက်စက်နိုင်ဘူး ဆိုတာ'

'ညာဘက်ကို ထိတော့ရော ဘာမှ မဖြစ်ဘူးတဲ့လား'

'ဒါကတော့ အချိန်မီ ကုသမှုရရင် ဘာမှမဖြစ်နိုင်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သဘောပေါ့'

သူမ ကတ်သီးကတ်သပ်မေးတာကို သူကကြိုးစားဖြေရှင်း၏။

'ငွေစင် ကြိုက်ရဲ့လား'

'မဆိုးပါဘူး ဇာတ်လမ်းလေးက'

'First money ရော ကြည့်ဖူးသလား'

'ဟင့်အင်း'

'အရမ်းကောင်းတယ်၊ နောက်နေ့ ကြည့်ရအောင်'

'ကောင်းရင်တော့ ကြည့်မှာပေါ့'

သူက ရုပ်ရှင်ကြည့်တာ ဝါသနာပါသည်ပဲ။ ငွေစင့်ကိုပါ မဲဆွယ် စည်းရုံးနေတော့တာ။

'Mr. Bean ရော ကြည့်ဖူးလား'

'ဘယ်ကြည့်ဖူးပါ့မလဲ၊ ငွေစင်မှ စိတ်မဝင်စားတာ၊ အဲဒါ ဘယ်လို ဇာတ်လမ်းလဲ'

'ဟာသပဲလေ ရယ်ရတယ်'

'ဟုတ်လား၊ ဟာသဆို ကြိုက်တယ်'

'ဟိုတလောက တီဗွီက ညဘက် အင်း ဆန်းဒေးထင်တယ်လာသွားတာ၊ Read Dog လေကြည့်ဖြစ်သေးလား၊ ကိုယ် အရမ်းကြိုက်တာ'

'အင်း. . . အဲဒီနေ့က အန်တီမာတို့ အိမ်ဘက်မိုးတော်



တော်ချုပ်မှ ထမင်းသွားစားတော့ သူတို့ကြည့်နေတာ တွေ့လိုက်တယ်၊ ဟို စစ်တိုက်တဲ့ သဘောလေ၊ ခွေးတွေ အများကြီးပဲ ထွက်တယ် မဟုတ်လား'

'အင်း. . . ဟုတ်တယ်'

ငွေစင်က သူ့ရုပ်ရှင် ဝါသနာကြီးတာကို အထူးအဆန်းလေး ဖြစ်နေမိပါသည်။

ကိုယ်က ရုပ်ရှင် ဝါသနာကြီးတာကို အထူးအဆန်းလေး ဖြစ်နေမိပါသည်။

'ကိုယ်က ရုပ်ရှင်ကြိုက်တယ် အမြဲကြည့်တာ၊ ငွေစင်အဖော်လိုက်ပေးရမယ်၊ ရုပ်ရှင်တို့ ဗီဒီယိုတို့ဆို တစ်ယောက်တည်း မကြည့်တတ်ဘူး'

'အဲဒါမှ ပြဿနာ၊ ငွေစင်က လုံးဝမကြည့်ဘူး'

'မကြိုက်လဲ အဖော်လိုက်ခဲ့ပေါ့'

သူမ မသက်မသာ ပြုံးမိ၏။

'ဒီတစ်ခုပါပဲ ငွေစင့်ဆီက လိုချင်တာ'

'အင်းလေ လိုက်ပေးရမှာပေါ့'

'ငွေစင့်ကို . . . ရဲ့သီချင်းခွေ ယူလာပေးမယ်'

'ဟို. . . ထိုင်း အဆိုတော်မလေးလား'

'အင်း. . .'

'သူ့ခွေတော့ ကြည့်ဖူးတယ်၊ အရမ်းလဲ ကြိုက်တယ်၊ ခ

www.burmeseclassic.com

www.burmeseclassic.com



ရမ်း ယူလာပေးတာနဲ့ ကြည့်ဖြစ်သွားတာ၊ ချစ်စရာလေးနော်'

'အင်း. . . သီချင်းခွေတော့ ကြည့်သားပဲ'

'ကြည့်တာပေါ့၊ မက်ဒေါနားရော၊ ထုံချိုင်းရော တော်တော်များများ ကြည့်ဖူးတယ်၊ ရုပ်ရှင် ဇာတ်လမ်းတွေသာ မကြည့်ဖြစ်တာ'

'ဪ. . .'

'ကိုသားက နိုင်ငံတကာ ဖက်ရှင်ပွဲအခွေတွေဆို အမြဲယူလာပေးတာ၊ အဲဒါတွေတော့ တကယ်ကြိုက်တယ်'

'နေစမ်းပါဦး၊ မေးချင်လို့ကွ'

'မေးလေ'

'အဲဒီကိုသားက ရည်းစားဟောင်းလား'

ငွေစင်ကြယ်က မျက်လုံးလေး ဝိုင်းသွားပြီးမှ မျက်တောင်လေး တဖျပ်ဖျပ်ခတ်ရင်း. . .

'ပြင်းထန်လိုက်တာ မေးခွန်းကြီးက'

ဟု ရေရွတ်လေသည်။

'သိချင်လို့ပါ'

'အင်း. . . ရည်းစားဟောင်း မဟုတ်ပါဘူး'

'ဒါဖြင့်'

'မကြိုက်ရသေးတဲ့ ရည်းစားလောင်းပါ၊ ကြိုက်တော့မယ့် ဆဲဆဲ အပြန်အလှန် နားလည်မှုတွေ ရလုလုချိန်မှာ အန်တီမာ



က ရှင်နဲ့ပေးစားတာ'

'ဪ. . . ဪ၊ ရည်းစားလောင်းကိုး'

'နည်းနည်းပဲလွဲတယ် ရှင်ထင်တာ'

'ငွေစင်က သူ့ကို သဘောကျသလား'

သူမ တွေခနဲ စဉ်းစားလိုက်၏။

'အင်း. . . ခင်ပါတယ်'

'အန်တီမာက သဘောမတူတာပေါ့'

'ဟုတ်တယ်'

မင်းဖုန်းရှင်ထဲမှာ အောင့်သွားရသည်။ သူမနှလုံးသားကို တခြားတစ်ယောက်က သိမ်းပိုက်ထားပြီလား။

ကိုယ်က ပထမလူပဲ ဖြစ်ချင်တာ၊ မျှော်လည်း မျှော်လင့်မိပါသည်။ ကိုသားနှင့်သူမ ခုလောက် တရင်းတနှီးရှိမှန်းလည်း သူ မသိခဲ့ပါ။ သူ့ညှံ့ချက်တွေ အများကြီးပါလား။

ကိုယ့်ဘက်က မေတ္တာတစ်ခုတည်းကိုပဲ ကိုယ်က တန်ဖိုးထားပြီး သူမကို အပြည့်အဝပေးဆပ်ချင်နေတာ။ ကျန်တာတွေ သူ ထည့်မတွေးခဲ့မိပါ။ သူက စိတ်ဝင်စားပေမယ့် ခပ်စိမ်းစိမ်း ခပ်ခွာခွာ နေခဲ့မိသည်။

'ခုရော'

'ဟင်. . . ဘာလဲ'

'ခုရော. . . ကိုသားကို'

www.burmeseclassic.com

www.burmeseclassic.com



‘ဟင့်အင်း. . . အစလိုပါပဲ၊ အရင်အတိုင်းပဲပေါ့၊ ဘာလဲ ရှင်က မကျေနပ်လို့လား၊ ဘာလို့ မေးနေတာလဲ’

‘ယောက်မလို့ ခေါ်တာကြီးကို မကြိုက်တာတော့ အမှန်ပဲ’

‘အယ်’

သူမက သူ့စကားကို လှောင်ချင် ပြောချင်သလို။

‘ဟုတ်တယ်. . . ကိုယ် မကြိုက်ဘူး၊ နားထဲမှာ ကန့်လန့်ကြီး’

ငွေစင်က သွားလေးတွေ ပေါ်အောင်ရယ်ပြီးမှ. . .

‘ဘာရယ် မဟုတ်ပါဘူး၊ မနီလာက ခေါ်နေကျ’

‘ဘယ်ကောင်းမလဲ’

‘တတ်နိုင်ဘူးရှင့် မခေါ်ပါနဲ့လို့ တားရမှာ အားနာတယ်’

‘ဒါဆိုလဲ ခေါ်ပါစေ’

ငွေစင်က သူ့ကိုဆို သရော်ချင်သလိုလို ရွှတ်ချချင်သလိုလို။ ဘယ်တော့များမှ တလေးတနက် ရှိမှာလဲ။ အသိအမှတ်ပြုမှာလဲကွာ။

* * *



မင်းဖုန်းကို ကော်ဖီသောက်နေရင်းမှ ငွေစင့်ဆီ လှမ်းကြည့်ပြီး မျက်လုံးနှင့်တား၏။ ငွေစင်က သဘောမပေါက်တာပဲလား မသိသလို လုပ်တာလားတော့ မသိပါ။

‘သိပ်လှတာပဲ၊ သုံးရောင်စလုံးကြိုက်တယ်၊ နည်းနည်းလျှော့ပါဦးလားဟင်၊ သုံးထည်စလုံး ယူမှာပါ’

‘လျှော့လို့ မရဘူးလေ၊ ခုဒီ ‘pink house’ က နာမည်ကြီး ငွေစင်လေး သိပါတယ်ကွယ်၊ သုံးထောင့်နှစ်ရာဆို အနီတီက တစ်ထည်မှာ ငါးဆယ်ပဲရတာ’

အဝတ်အစားကို အိမ်တိုင်ရာရောက် လာရောက်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



သလို အံပြောကလည်း ချိုသည်။ ညွှတ်သည်။

သုံးထောင့်နှစ်ရာဆိုသော အင်္ကျီကို လှမ်းကြည့်မိတော့ ထူးထူးကဲကဲ လှလွန်းသည်။ အကွက်ကလေးတွေ လက်ရှည် ကုတ်ပုံစံမျိုးလေးတွေ အိတ်ကလေးတွေမှာ လက်ဖျားမှာ ကော် လံအောက်မှာ နောက်ဖက် ခါးပတ်နေရာမှာ ရွှေကြိုးလေးတွေ ရွှေကွင်းလေးတွေ လက်လက်ပြောင်ပြောင် ပါရှိသည်။

'pink house ဆိုပဲ နာမည်ကြီးဆိုပဲ'

ငွေစင်ကတော့ သုံးရောင်စလုံး ကြိုက်နေပြီ။ ဝယ်ဖို့လည်း ရည်ရွယ်နေပြီ။ အဲဒါ ကိုယ့်တစ်လစာ ပိုက်ဆံလောက် ဖြစ်နေ ပြီ ဒေါ်ငွေစင်ရေ မလွယ်ပါလား

'ယူပါ သမီးရယ်. . . သမီးက လောလောလတ်လတ် မင်္ဂလာ ဆောင်ထားတာ၊ ပူပူနွေးနွေး သတို့သမီး လှလှပပက လေး နေမှာပေါ့'

'အင်းပါ အန်တီရယ် ယူမှာပါ၊ သုံးထည်ပေါင်း တစ်ရာ ပဲ လျှော့၊ ကိုးထောင့်ငါးရာ ပေးမယ်'

'လုပ်ပြီ သမီးလေးကတော့'

ညက်ပါပေ့ အခေါ် အပြောလေးတွေ၊ တတ်ပါပေ့ အပြုံး လေးတွေ။ ငွေစင်က ချက်ချင်းပဲ ကိုးထောင့်ငါးရာ ယူလာပြီး မြန်မြန်ဆန်ဆန် ဝယ်ပစ်လိုက်၏။

အေးရော ကောင်းရော။ မင်းဖုန်း ဘာမှပြောခွင့် မရလိုက်



ပါ။

'ငွေစင်'

အန်တီကြီး ပြန်သွားတော့ သူမက အင်္ကျီလေး သုံးထည် ဖိတ်ပြီး အပေါ် ထပ်တက်ဖို့ ပြင်တော့၏။ တစ်ထည်ပြီး တစ်ထည် မှန်ရှေ့ ဝတ်ကြည့်တော့မှာ။ သူ လှမ်းခေါ်တော့ ခြေလှမ်း ရပ် သွားသည်။

'ခဏ လာပါဦး'

ငွေစင်က သူရှိရာ ထမင်းစားပွဲဆီ လျှောက်လာ၏။

'ပြော'

'ဘာပြောရမှန်းတောင် မသိဘူး'

'အူကြောင်ကြောင်နဲ့'

'ဒီလိုပါ၊ ကိုယ် အန်တီမာတို့ ကုမ္ပဏီက အလုပ်ထွက်ပြီး တခြားမှာ အမ်ဒီလျှောက်ရင် ကောင်းမလားလို့ပါ'

'ဟင်'

မင်းဖုန်းက ကော်ဖီခွက်ကို ငုံ့ကြည့်ပြီး ပြောလိုက်တာပါ။

'ဘာလို့လဲဆိုတော့ ကိုယ့်မိန်းမက သူဌေးမလေး မဟုတ် လား'

'မဆိုင်ပါဘူး။ ရှင့်မိန်းမမှမဟုတ်တာ၊ ငွေစင့်ဟာ ငွေစင် ဝယ်နိုင်ပါတယ်၊ ရှင် ခေါင်းခဲစရာမလိုပါဘူး'

'ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်ကပဲ ဝယ်ပေးရမှာ'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်က လှပစွာ မဲ့၏။

'ငွေစင် အင်္ကျီသုံးထည်က ကိုယ့်တစ်လစာ ပြောင်လုလုပဲ၊ ဘယ့်နှယ့်လုပ်မလဲ၊ ကိုယ် အရမ်းရှာမှ ဖြစ်တော့မယ်'

'ဟိုးကတည်းက ဒီလိုပဲဝတ်လာတာ၊ အိမ်လာပြလို့ ကြိုက်ရင် ကြိုက်သလောက် အရောင်စုံဝယ်ပစ်တာ၊ တစ်ခါတလေဆို ဆယ်ထည်စည်း၊ ဆယ့်နှစ်ထည်စည်း ဒီဟာလေးတွေက သုံးရောင်ပဲကြိုက်လို့၊ သုံးရောင်ပဲပါလို့'

မင်းဖုန်း မျက်ခုံးပင့်ပြ၏။

'ဟုတ်တယ်၊ မဖြစ်ဘူး၊ တခြားအလုပ်ရှာမှ ဖြစ်မယ်

ငွေစင်က ညှော့သည်လာလည်း 'ပိုကာဘူးပဲတိုက်တာ'

'ဟင်'

ငွေစင်က အင်္ကျီစထွေကို စားပွဲပေါ် ချပြီး သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

သူ့စကားကို တော်တော်လေး အံ့သြနေပုံနှင့် . . .

'ပိုကာဘူးက ငါ့ဆယ့်ငါး ခြောက်ဆယ်ရှိတာ မဖြစ်ဘူး ကိုယ် ဒီထက် ဆယ်ဆမကရှာနိုင်ပါမှ မဟုတ်ရင် ငွေစင့်ကို စိတ်ချမ်းသာအောင် ထားနိုင်မှာ မဟုတ်ဘူး၊ ငွေစင် အထင်သေးမှာလဲ မခံနိုင်ဘူး'

မင်းဖုန်းက အတည်ပြောနေပုံ။

ငွေစင်က တစ်ချက်စဉ်းစားလိုက်၏။



နည်းနည်းပါးပါးတော့ရှင်းပြမှ ဖြစ်တော့မည်။

'ပိုကာဘူးက ငွေစင်သောက်ဖို့ပါ၊ ညှော့သည်တိုင်း မတိုက်ပါဘူး၊ တခြား ရင်းနှီးတဲ့သူလောက်ပါ၊ အင်္ကျီတွေက ဒီလိုပဲ ဝယ်နေကျ'

'ငွေစင့်ကို အပြစ်မတင်ပါဘူး'

'ရှင် ခနဲ့နေတာလား'

'နိုး. . . နိုး အလုပ်ပြောင်းဖို့ စဉ်းစားနေတာ'

'မလိုပါဘူး'

ဒေါသထန်လာသော မျက်နှာလေးက ကြည့်လို့ကောင်းသည်။

သူမကို စ,နေမိတာ။

သူမ စိတ်ဆိုးတာလေးကို မြင်ဖူးချင်ပါသည်။ ပြီးတော့ တကယ်ပဲ ကိုယ်မတတ်နိုင်တာကိုလည်း သိထားစေချင်သည်။

နောက်ပြီး သူမအတွက် ကိုယ်ကြိုးစားပမ်းစား ငွေရှာဖို့ ရည်ရွယ်တာလည်း သိစေချင်ပါသည်။

တာဝန်ရှိတာ သူပါ။

'ပြီးရော၊ ရှင်က ယူထားတဲ့ မိန်းမကို ပိုကာလေးတောင် မတိုက်နိုင်ဘူးဆိုလဲ ရတယ်၊ ဒီနေ့ကစပြီး မာရင်ဒါပဲ ကော်ဖီနဲ့ မှာထားတော့မယ် ရတယ်'

'ဟား. . . ဟား. . . ဟား'

www.burmeseclassic.com

www.burmeseclassic.com



သူ အော်ရယ်မိ၏။

ငွေစင်က မျက်စောင်းရွယ်သည်။

'နောက်တစ်ခါဆို အကျီလဲ တစ်ထည်ပဲ ဝယ်ပါ့မယ်'

သူ့ကိုရွဲ့တာ နားလည်သည်။

'စောစောက ပြောလိုက်သလားလို့ ယူထားတဲ့ မိန်းမ ဆိုတာ'

'စကားအဖြစ် ပြောတာပါ'

သူမက မပွင့်တပွင့် ဖြေ၏။ ဗလုံးဗထွေး အသံလေးမှာ စိတ်အနှောင့်အယှက်ဖြစ်ရတာ ရှက်စနိုး ဖြစ်ရတာ ပေါ်လွင်သည်။

'တကယ်ဆို သိပ်ကောင်းမှာ'

'အံမယ် ရှင်မို့ ရှူးတတ်လွန်းတယ်'

မညာမတာပြောပြီး ဝုန်းခနဲ ထရပ်၏။

သူ့ကို မျက်ထောင့်နီနီနှင့် ကြည့်ပြီးမှ အပေါ်ထပ်တက် သွားတော့သည်။

'ဟော့ . . . အလကားစ,တာ၊ အဟုတ်မှတ်မနေနဲ့နော်'

သူ အော်ပြောလိုက်မိသည်။

* * *



သို့သော် . . .

မနက်မိုးလင်းလင်းချင်း အခန်းထဲက ထွက်လာတော့ ထမင်းစားပွဲပေါ်မှာ မာရင်ဒါ တစ်ကတ်ရယ် (ကွင်း)ဖောက်ရည် နှစ်ပုလင်းရယ် မြင်ရတာမို့ သူ ဟိုက်ခနဲ ဖြစ်ရပါ၏။

ငွေစင်က အနီးအနားမှာမရှိ၊ အပေါ်ထပ်မှာတင်။

'ငွေစင်'

'ဘာလဲ'

ငွေစင်က ညှော်ခန်းထဲမှ လှမ်းထူးသည်။

'ဒါတွေ ဘာလုပ်တာလဲ'

'ဘာတွေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီ အအေးပုလင်းတွေလေ'

'ရှင် မမြင်ဘူးလား'

'မြင်သားပဲ၊ မြင်လို့မေးတာ'

သူ့ကို အရွဲ့တိုက်တာ နားလည်သည်။

စကားအကျအန ကောက်လိုက်တာ နားလည်သည်။

'ငွေစင်ကွာ ခက်တာပဲ. . . ဒါတွေ ဘာလုပ်ဖို့လဲ'

မင်းဖုန်း စိတ်တွေ နောက်ကျိသွား၏။

သူမဘာသာကြိုက်လို့ ဝယ်သောက်တာဆို တစ်မျိုး။

ခုတော့. . . ကိုယ့်ကြောင့်. . .

မဟုတ်သေးပါဘူး။

နားလည်မှုတွေ လွဲချော်ကုန်ပြီပဲ။

'ရှင့်လစာနဲ့ လောက်ငအောင် သုံးရမှာပေါ့'

သူမက ထေ့သည်။ ငေါ့သည်။

'ကိုယ်စတာပါ'

'သိပါတယ်၊ ငွေစင်လဲ စတာ'

သူမက လှလှပပ ပညာပေး လက်စားချေတတ်ပါလား။

မင်းဖုန်း မျက်နှာကြီး ပျက်ကာ စားပွဲမှာ မှုန်ကုပ်ကုပ်ထိုင်နေ၏။

'သီသီရေ'

'လာပြီ မမ'



'ဒါတွေ ပြန်ယူသွားတော့ရပြီ'

'ဟုတ်ကဲ့'

သီသီက အအေးပုလင်းတွေ ပြန်သယ်သွားသည်။

'အန်တီမာတို့ဆီက ခဏယူထားတာ၊ ဟာ ဟ ဟာ့'

သူမ ရယ်သံလေးက မနေ့က သူ့ရယ်သံအတိုင်း။

'မင်းကွာ'

မင်းဖုန်း အသည်းတွေ ယားကာ စိတ်မထိန်းနိုင်တော့ဘဲ သူမ ပခုံးလေးကို တင်းတင်းရင်းရင်း ဆုပ်ကိုင်မိ၏။

ငွေစင်က အထိတ်တလန့်နှင့် သူ့လက်တွေကိုဖယ်ချသည်။

'ရှင်နော်၊ ငွေစင် လုံးဝမကြိုက်ဘူး သိလား'

'ဆောရီး. . .'

သူမျက်လုံးတစ်ဖက် မှိတ်ပြမိသည်။ ငွေစင်က ချာခနဲ လှည့်ထွက်ကာ တဒေါက်ဒေါက် လျှောက်သွားတော့၏။

အန်တီမာတို့အိမ်ကြီးဘက်မှ အအေးပုလင်းတွေ ခဏ ချေးကာ သူ့ကို ပိပိရိရိ ပြန်စလိုက်ပုံကသူ့ပင် မရိပ်မိဘဲ ခံလိုက်ရသည်။ ဘယ်လိုလေးမှန်းကို မသိဘူး။

သူ့စိတ်တွေ လွတ်ထွက်ကာ သူမကို. . . ။

ကြာလာလျှင် သူစိတ်ထိန်းနိုင်ပါ့မလား။

သူမက ဒေါသကြီးပြီး စိတ်နာသွားမှာ။

www.burmeseclassic.com

www.burmeseclassic.com



သူမဘက်က သူ့အပေါ် မလိုက်လျောချင်ပါဘဲ သူက အတင်းအကျပ်ဆို သူမ တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ပါ။

ချစ်တယ် . . . ငွေစင်ရယ်။

ကိုယ် ကြာရင်မလွယ်ဘူး။

ခုလိုမျိုးသိပ်ဟန်ဆောင်ပြီး သူငယ်ချင်းတွေလို ဘယ်အချိန်အထိ နေနိုင်မှာလဲ။

ကိုယ့်ရင်ထဲက အချစ်တွေ ပေါက်ကွဲကုန်ရင် . . .

'ကျွတ်'

သူ ရေချိုးခန်းထဲဝင်ပြီး ရေချိုးရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

'ဦးမင်းဖုန်းမြင့်'

ငွေစင့် အသံကို ကြားရတော့ ရေချိုးနေရင်း သူ ထူးမိပါသည်။

'ဗျာ'

'ဖုန်းလာနေတယ်'

'ရေချိုးနေတယ်လို့'

'အရေးကြီးလို့တဲ့'

'ဟုတ်ပြီလေ၊ ချက်ချင်းပြန်ဆက်မယ်လို့ နာမည်နဲ့ ဖုန်းနံပါတ် ယူထား ပေးလေ၊ ဖြစ်တယ် မဟုတ်လား'

'ရှုပ်နေတာပဲ'



စိတ်မရှည် လေသံလေးနှင့် ပြောတာကိုပင် သူ့ချစ်နေမိသည်။

နှစ်သက်နေမိသည်။ မြတ်နိုးနေမိပါသည်။

ကိုယ်ရေချိုးပြီးတော့ သူမအရိပ်အယောင်ကိုပင် မမြင်ရ။

ဖုန်းဘေးနားမှာ စာအုပ်လေးတစ်အုပ် ချထားသည်။

သူ့အတွက် လိုအပ်တာကို မှတ်ထားပေးတာ။

သူမ ဘယ်ရောက်သွားပါလိမ့်။

နောက်ဆိုလျှင်တော့ သူ့ကိုပြောဖို့ မှာသွားဖို့ သတိပေးထားရမည်။

သူမ သဘောနှင့်သူမ လှစ်ခနဲ လှစ်ခနဲ ထွက်သွားတာမျိုး သူမကြိုက်ပါ။

သူမ ဘယ်သွားသည်၊ ဘယ်လာသည်။

ဘယ်သူနှင့်တွေ့ပြီး ဘာတွေ လုပ်နေသည်ဆိုတာ သူအမြဲ သိထားချင်သည်။

သူမကို အရိပ်လို စောင့်ရှောက်ဖို့ လက်ထပ်ထားတာပဲ။ ဒါကို တစ်နေ့ သူမ သဘောပေါက်လာမှာပါ။ သီသီက အိမ်ထဲကို ပြေးဝင်လာတော့ သူ လှမ်းမေးမိပါသည်။

'ဟော့ . . . ငွေစင်ရော'

'ခုနပဲ မခရမ်းတို့ မနှင်းဆီတို့နဲ့ ထွက်သွားတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားတာလဲ'

'ရှင်'

ကောင်မလေး အူကြောင်ကြောင်လုပ်မှ သူ့မေးခွန်းအများကို သူသိ၏။ ငွေစင်က ဒီကောင်မလေးကို အရေးတယူ ပြောသွားမှာပဲကလား။ မသိနိုင်တာကို မေးမိခြင်း။

'နေစမ်းပါဦး၊ ဘာရေးကြီးသုတ်ပျာ ဖြစ်လာတာလဲ'

'မမငွေစင် မှာသွားလို့ပါ၊ ရေနွေးခတ်ဘူးထဲ ရေနွေးဖြည့်ထားဖို့ သတိရတုန်း လာယူတာပါ'

'ဪ. . . အေး. . . အေး'

သူ ဖုန်းဆက်ပြီး အိမ်ကြီးဘက်က ကူးလာတော့ အန်တီမာ့ကို တွေ့ရ၏။

'ဟော. . . သား၊ လာကွယ်၊ ကော်ဖီနဲ့မုန့် စားရအောင်'

အန်တီမာက သူ့အတွက် ကော်ဖီငှဲ့ထည့်ပေးပါသည်။

'ငွေစင်လေးတော့ နှင်းဆီတို့နဲ့ ပါသွားတာ တွေ့လိုက်တယ်'

သူ ရေချိုးနေတုန်း လစ်သွားတာ၊ မပြောဘဲ တမင် ထွက်သွားတာကို သူမ အဆူခံရမှာစိုးတာ တစ်ကြောင်း၊ အန်တီမာနှင့် သူမက မပြေလည်တာမို့ အဖုအထစ်ဖြစ်မှာက တစ်ကြောင်း၊ သူ့ကိုပြန်တိုင်ရကောင်းလားဟု အထင်လွဲမှာက တစ်ကြောင်း၊ အဲဒါတွေကြောင့် သူ ဘာမှ မပြောဖြစ်တော့ပေ။



အန်တီမာက သူ့ကို ခွင့်တောင်းပြီး သွားတယ်ပဲထင်မှာ။ ထင်နေပါစေလေ၊ စိတ်ချမ်းသာဖို့ပဲ အရေးကြီးတာ။ နောက်မှဲ အဲဒီလိုမလုပ်ဖို့ အသိပေးပြီး သွားဖို့ ငွေစင့်ကို နားဝင်အောင် ရှင်းပြရပေဦးမည်။

သူမက ခပ်တုံးတုံး ခပ်ညံ့ညံ့ မိန်းကလေးလည်း မဟုတ်ပါဘူး၊ အိမ်က တစ်ယောက်ယောက်ကို အသိပေးပြီး သွားသင့်တာကို နားလည်မှာပါ၊ နားလည်ပါလျက်နှင့် တမင်ဆိုးပြချင်တာ ဆန့်ကျင်ပြချင်တာ အနိုင်ယူချင်တာပဲ ဖြစ်လိမ့်မည်။

အစကဆို အန်တီမာကပဲ တင်းတင်းကျပ်ကျပ် စည်းကမ်းထားတာ၊ အိမ်ထောင်ကျသွားပြီမို့ အန်တီမာ့ အရိပ်က လွတ်ပြီ ကျွတ်ပြီဟု ယူဆထားလား မသိ။

သူနှင့် အန်တီမာ နှစ်ယောက်ကြားမှာ ဟိုလူ့လိုလို သည်လူ့လိုလိုနှင့် အခွင့်အရေး ယူနေမှာလား မပြောတတ်ပါ။ အန်တီမာကလည်း သူ့အပေါ် ပုံထား လွှတ်ထား။

သူကလည်း အန်တီမာနှင့် ငွေစင် ပြဿနာဖြစ်မှာ စိတ်အခန့်မသင့် ဖြစ်စရာ ကြုံမှာစိုးတာကြောင့် ဖုံးဖုံးဖိဖိနှင့် အလိုလိုက်၊ သည်အားနည်းချက်ကို ငွေစင်က အသုံးချပြီး ကဲပြဆိုးပြတော့မှာ သိသည်။

ခုတင်ပဲကြည့်၊ လှစ်ခနဲ လျှောက်သွားလိုက်တာ ဘာမှ မပြောမသွား၊ ဘယ်သူမှ မသိလိုက်၊ ဘက်လောက်လိမ်မာလိုက်

www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ ရိုက်ပစ်ချင်စရာကောင်းလောက်အောင် ဆိုးသည် ကလေးလေးသာဆို သူ ရိုက်မိတော့မှာ အနည်းဆုံးတော့ ရွယ် မိပြီ။

'ငွေစင်က ဘယ်သွားတာလဲ သား'

ဟော. . . လာပါပြီ၊ မေးခွန်းတွေ။ ကိုယ့်မှာ ညာရမည် လိမ်ရမည်။

'ခဏလေးပါ စတိုးဆိုင်တဲ့'

'အလကား သားကို ညာတာနေမှာ၊ မနက်ဆို သူတို့မုန့် ထွက်စားနေကျလေ၊ တော်တော်နဲ့ ပြန်လာမှာ မဟုတ်ဘူး'

'သားကိုပြောရင် လိုက်ကျွေးမှာပေါ့'

'သား မသိဘူး၊ ဘရုတ်မလေးတွေ အပျော်လွန်ပြီး ဘရုတ် ကျနေကျ၊ ဒါကြောင့် အန်တီမာက ပေးမသွားတာ'

'အင်း'

ကဲ. . . သူပဲ အလိုလိုက်လွတ်သလိုလို၊ အန်တီမာက သူ့ အပြစ်တင်နေသည်။ သူ့မှာ ဘေးကျပ်နံကျပ် မလှုပ်သာ မလွန် သာ ဘယ်ဘက်မှ လှည့်မရ၊ ရွှေ့မရ။

'နောက်ဆို သားလဲ တားရမှာပေါ့'

'အရမ်း အလိုမလိုက်နဲ့၊ လိုက်လို့ကတော့ မိုးပေါ်ရောက် အောင် တက်မှာ၊ ငွေစင့်စိတ်ကို အန်တီမာ အသိဆုံး'

မင်းဖုန်းက သက်ပြင်းတစ်ချက် ရှိုက်၏။

* * *



အပေါ်ထပ်ကို ဝရုန်းသုန်းကား ပြေးတက်လာကြပြီး အော်ဟစ်ဆူညံနေသော သုံးယောက်၊ ဗိုက်ဘုတ်ပေါ် ညီညီ ညာညာ ရေးထားသော စာတန်းတွေကြောင့် ပါးစပ်ပိတ်ငြိမ်ကျ သွား၏။

'ငွေစင်ကြယ်ကလေး'

'အလှဲ့ နုလှချည်လား'

နှင်းဆီက အပေါ်ဆုံးမှတစ်ကြောင်းကို အသံထွက်ဖတ် ပြီး ရယ်ချင်ပက်ကျိနှင့် ရယ်ချ၏။

'အပြင်သွားရင် ခွင့်တောင်းပါ၊ အသိပေးခဲ့ပါ၊ မပြောမဆို မသွားပါနဲ့၊ အိမ်ကလူတွေ စိတ်ပူတတ်လို့ပါ ဟိဟိဟိ'

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းက ဒုတိယအကြောင်းကို ဖတ်သည်။

'သွားချင်တဲ့နေရာရှိရင် လိုက်ပို့ပါ့မယ်၊ ကိုယ့် ကိုပူဆာတဲ့ အဟင်း. . . သွားပြီ၊ ငွေစင်ရေ. . . သွားပြီ'

သူတို့နှစ်ယောက်က တစ်ယောက်တလဲ အော်ဖတ်ရယ် မောနေကြသည်။ ငွေစင်ကတော့ မျက်နှာကလေးရှုံ့မဲ့ပြီး အလို ကျချင်။

'ငွေစင် ရှင့် ချစ်ချစ်ကြီး ဟာယ်ဟုတ်ပါလား'

'သွားစမ်းပါ၊ မုန်းစရာကြီး'

'ငွေစင်ရေ၊ ရှင့်ကို ချုပ်ချယ်မယ့်ပုံကြီးနော်'

'အမယ်လေး. . . မရပါဘူး၊ ကျုပ်က နားထောင်မတဲ့ လား ရှင်တို့နဲ့ ဘယ်သွားသွားကျုပ်ကိုခေါ်၊ ခွဲခြားခွဲခြား မလုပ် ကြေးနော် ဒါပဲ၊ ငွေစင်ကို လာမခေါ်ရင်တော့ စိတ်ဆိုးမှာ'

'ရှင့်ကို ဘယ်တုန်းကများ ထားခဲ့ဖူးလို့လဲ'

'ထားခဲ့လို့ မရပါဘူး'

'ကြည့်လုပ်ဦး၊ ငွေစင်ရေ၊ ရှင့် ဒါလင်ကြီးက-'

'တော်ကွာ. . . မပြောနဲ့တော့'

ငွေစင့်က ဗိုက်ဘုတ်ပေါ်မှ စာတွေကို သွားဖျက်ပစ်၏။ ဆောင့်ဆောင့်အောင့်အောင့် နိုင်လှသော ပုံစံလေးကို ခရမ်းနှင့် နှင်းဆီကကြည့်ပြီး ရယ်နေကြ၏။ ငွေစင့်စိတ်ကို သူတို့သိသည်။ သူလုပ်ချင်တာဆို လုပ်ကိုလုပ်ရမှ အားလျှင်တော့ ရန်သူပါပဲ။



သူကပဲ ရာရာစစရေးပြီး မှာရတယ်လို့၊ သူ့ကို ဘာလို့ နှင့်တောင်းရမှာလဲ။ ငွေစင့်သဘော၊ ငွေစင့်ဟာ ငွေစင်ဘယ် သွားသွား ဘယ်လိုနေနေ၊ စိတ်ပူရင် သေလိုက်ပေါ့။ အလကား။ နိုင်ဆိုင်ကြောင်း မဏ္ဍပ်တိုင် တက်ပြနေလိုက်တာ။

အပြင်ထွက်ချင်ရင် သူ့ ပူဆာရအောင် သူနဲ့ကိုယ်ကချစ် သို့ယူထားကြတာ ကျနေတာပဲ၊ အခြေအနေမှန်ကို သူမေ့လျော့ နေသလား မသိပါ။

'လုံးဝကို မကျေနပ်ဘူး'

'ငွေစင်'

'ဘာလဲ'

'သိပ်မဆိုးနဲ့ဦး၊ အန်တီမာနဲ့ သွားတို့လိုက်မှ အားလုံး လောင်ကုန်မှာ၊ ကြည့်လုပ်'

'ဟုတ်တယ်၊ ငွေစင်ရဲ့၊ သူရေးထားပုံက ကြည့်ရတာ ငွေစင်ကို အလိုလိုက်မယ့်ပုံ၊ အဲဒါ အခွင့်အရေးတွေ ကောင်း ကောင်း အသုံးချစမ်းပါ၊ ငွေစင် ချွဲရင် ပျော့မယ့်ပုံကြီး'

ခရမ်းက သုံးသပ်ရင်း မြှောက်ပေး၏။

'ဒီနေရာမှာ သွားတင်းရင် မှားသွားမှာပေါ့၊ အ,ထားရ တယ်ဟ၊ အပျော့ဆွဲလေးနဲ့လေ'

ငွေစင်က မျက်လုံးလေး ထောင့်ကပ်စဉ်းစားရ၏။

'ဟုတ်တယ်နော်၊ သိပ်ကြီး တင်းမာလိုက်ရင် သူက အလို လိုက်မှာ မဟုတ်တော့ဘူး၊ အင်း. . . ရှင်တို့ပြောတာ ကျုပ်သ ဘောပေါက်ပါတယ် သိလား'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်က ဗိုက်ဘုတ်ဘေးမှာ ထောင်ထားသော ပိုင်းလော့မာကာ၊ (ဗိုက်ဘုတ်ပေါ် ရေးသော ဘောလ်ပင် အကြီးဆော့ပင်) ကို ဆွဲထုတ်ပြီး အဖုံးဖွင့်လိုက်၏။

'ဟော့. . . မရယ်ကြနဲ့နော်၊ လက်က ရေးတာ စိတ်ထဲက မပါဘူး သိလား၊ တကယ် မထင်ကြနဲ့'

'အင်းပါ. . . မူရာမာယာရယ်၊ ရေးပါ'

'ပဲ များလွန်းတယ်'

ငွေစင်ကြယ်က ဖွဖွကလေး ရေး၏။

ဦးမင်းဖုန်းရှင့်. . . .

ဆောရီးနော်. . .

နောက်ဆို ပြောပြီးမှ သွားပါ့မယ်။

ကျေနပ်ရဲ့လား၊ စိတ်ပူမယ် မထင်လို့ပါ။

ခရမ်းက ဖတ်ကြည့်ပြီး တခစ်ခစ်ရယ်၏။

'လုပ်ကြံမှုကြီးကွာ၊ မဂွဒ်ပါဘူး၊ ဖတ်ရတာ အရသာမရှိဘူး'

'သေပေါ့. . .'

ငွေစင်က မျက်စောင်းထိုးသည်။

'ဟို လူကြီးကတော့ အဟုတ်မှတ်ပြီး သဘောခွေ့နေတော့မှာ'

ငွေစင်က လှလှပပကလေး ပြုံးလိုက်၏။

* * *



မင်းဖုန်းက ငွေစင်ရေးထားခဲ့သောစာကြောင်းလေးတွေကို ဖတ်ကြည့်ရင်း သံသယဖြစ်မိပါသည်။ သူမ ရေးခဲ့တာမှ ဟုတ်ရဲ့လား။

သူမက သူ့ကိုဆို အမြဲဆန့်ကျင်ချင်တာ' မာရေကျောရေ လုပ်ချင်တာ၊ သည်လို နူးနူးညံ့ညံ့သိမ်မွေ့မှုလေး မြင်ရတာ သူ အံ့ရမ်း ကြည်နူးသည်။

စိတ်ပူတာပေါ့ကွာ၊ ကိုယ့်ဇနီးလေးပဲ၊ စိတ်မပူဘဲ ရှိပါ့မလား၊ အမြဲပဲ မင်းလေးအတွက် စိုးရိမ်မှုတွေ ရှိနေတာပေါ့။

မင်းဖုန်းက အပြုံးတစ်ခုနှင့် ဗိုက်ဘုတ်ကို မော်ကြည့်ကြီးငေးရင်း ငြိမ်သက်နေဖြစ်ပါ၏။ ရင်ထဲမှာကျေနပ်သည်။ အတွေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပျော်သည်။ မျက်လုံးတွေထဲမှာ ချစ်ရိပ်ချစ်ယောင်တွေနှင့် တောက်ပ ကြည်လင်နေ၏။

ငွေစင်ကြယ်ကလေးရယ်. . .

ကိုယ့်ရင်ထဲကို ကြွေကျလာ စမ်းပါတော့။ ကိုယ်လေ မင်းလေးကို အမြဲပဲ မော်ကြည့်မြတ်နိုးခဲ့သလို ရင်ခွင်ထဲရောက်လာမယ့် ကြင်နာသူလေးကို တယုတယချစ်နေဦးမှာပါ။ ကိုယ့်စိတ်ကူးတွေဘယ်တော့မှ ပြောင်းလွဲသွားမယ် မထင်ပါဘူး၊ မင်းယုံပါ။ ကိုယ်ကတော့ သိပ်သေချာနေတယ် ငွေစင်ရယ်။

ဟန်ဆောင် ပန်ဆောင် ရေးခဲ့တာဆိုလည်း ဟန်ဆောင်မှုလေးကိုပဲ မြတ်နိုးနေမိမှာ။ မူရာမာယာတွေနဲ့ ကိုယ့်ကို အချိုသတ်လိုက်တာဆိုလည်း အဲသည် မာယာလေးတွေကိုပဲ ကိုယ်ကျေနပ် ကြည်မွေ့နေမှာပါ။

ချစ်တယ် ငွေစင်ကြယ်လေးရယ်၊ ကိုယ် ဘာလုပ်ရမှာလဲ။

မင်းဖုန်း စိတ်တွေ မွှန်းကျပ်လာ၏။ ငွေစင့် ရင်ထဲမှာ သူ့ကို မုန်းသွားမှာ မျက်သွားမှာ သူအကြောက်ဆုံးပါပဲ။ သူမ ငြိုငြင်မယ့် ကိစ္စတွေကို သူ ရှောင်ချင်ပါသည်။

* * *



မင်းဖုန်းက ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း ဘာစားရင်ကောင်းမလဲဟု စဉ်းစားလိုက်သည်။ ငွေစင်က အိမ်မှာ ရှိမနေပါ။ မနက်ကတည်းက ခရမ်းတို့ လာခေါ်သွားကြသည်။ ညနေမှ ပြန်လာမည်ဟု ငွေစင်က ခွင့်တောင်း ပြောဆိုသွားတာမို့ သူသည်း ကုမ္ပဏီရုံးရှိရာ ထွက်လာခဲ့တာပါပဲ၊ သည်ရောက်တော့ သူက နုံးခွေခွေနှင့် ဖျားချင်သလိုလို ခေါင်းလည်း ကိုက်သည်။ ဒီ့ကြောင့် သူ့အိမ်ကိုပဲ ပြန်လာခဲ့တာ။ အိမ်ရောက်လာတော့လည်း ငွေစင် မရှိပါ။ ငွေစင် မရှိတော့ ဟာဟာတာကြီး ခုချိန်မှာ သူမ ဖျော်တိုက်မယ့် ကော်ဖီ တစ်ခွက်ကို သူ အင်မတန် ငံ့လင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီမာတို့ အိမ်ဘက်လည်း မသွားချင်ပါ။ မြင်ချင်တာ က ငွေစင့် မျက်နှာလေး။ ကြားချင်တာက ငွေစင့် အသံလေး မင်း ဘယ်တွေ လျှောက်သွားနေလဲ ငွေစင်ရယ်။

ခြောက်သွေ့မှုကို သိသိသာသာ ခံစားလာရသည်။ ရင်ထဲ မှာ ဟာတာတာကြေကွဲလာ၏။ ထမင်းစားပွဲမှာ တစ်ယောက် တည်း ငေါင်စင်းစင်း။

သူ ပြန်ရောက်လာပုံက တိတ်တဆိတ်မို့ အန်တီမာတို့ ပင်မသိ။

သွမ်းတယ် ငွေစင်ရယ်။

တစ်အိမ်တည်းမှာ အတူရှိနေပြီး မင်းကို ကိုယ် လွမ်းနေ ရတယ်၊ တမ်းတနေရတယ် ချစ်သူရယ် ကိုယ့်အပေါ် စာနာပါ ဦး၊ ညှာတာပါဦး။

ကော်ဖီတစ်ခွက် ဖျော်သောက်ဖို့ပင် အင်အားမရှိလောက် အောင် မောပန်းနွမ်းယိုင်နေ၏။ သူ နေမကောင်း ဖြစ်ချင်တာ များလား။ အေးတိအေးစက် နိုင်လွန်းသော ဘဝကို ငြီးငွေ့တာ အဲသည် ငြီးငွေ့သည့်ဒဏ်ကြောင့် သူ ဖျားတော့မည်ထင်။

မနက်မိုးလင်းလာလျှင် အိပ်ရာထ၊ ရေချိုးပြင်ဆင် ကုမ္ပဏီရုံးခန်းရှိရာ သွား။ တစ်နေ့လုံး အလုပ်တွေဆက်တိုက် လုပ်၊ အိမ်ပြန်လာတော့ ညမိုးချုပ်လုလု၊ တစ်ခါတလေ ညဉ့်နက် တာတောင် ရှိသည်။ ပြန်လာတော့ရော ခြံတံခါး ဖွင့်ပေးတာ



ဦးလေးထူး၊ ဒါမှမဟုတ် သီသီ။ သူပြန်ရောက်ချိန်ဆို ငွေစင် က အပေါ်ထပ်မှာ တံခါးပိတ်ပြီး အိပ်ပျော်နေခဲ့ပြီ။ သူမကို လည်း သူ့ စိတ်အနှောင့်အယှက် မပေးချင်ပါ။ ထမင်း စားတော့လည်း အန်တီမာတို့ အိမ်ဘက်မှာ သီသီဖြစ်ဖြစ် ကြီးနုဖြစ်ဖြစ် ခူးခပ် ကျွေးသည်။

ထမင်းစားပြီး ခဏတဖြုတ် ဗီဒီယိုကြည့်ပြီးရင် အိပ်ရာ ဝင်ဘယ်မှာလဲ သာယာပျော်ရွှင်မှု၊ သူ့ဘဝကို ခါးသီးလာသည်။ တစ်ခါတလေတော့ မနက် ကော်ဖီဝိုင်းမှာ ငွေစင်လေးနှင့် တွေ့ ရပါသည်။ ကျော့ရှင်းလွန်းသော ပုံစံလေးနှင့် အမြဲလှပတောက် ပနေ၏။

သူ့ကို သာမန် မိတ်ဆွေတစ်ဦးလို ပြေပြေလည်လည် တော့ဆက်ဆံဖော်ရပါသည်။ ဘယ်သွားမယ်။ ဘယ်လာမယ် ဆိုတာလေးလည်း ရှင်းပြခွင့် တောင်းတတ်ပါသည်။ သူကရော သူမ ဆန္ဒကို တားရက်မှာတဲ့လား။

ကိုယ့်ခေါင်းက သူမ စကားကို ခါယမ်းဖို့အင်မတန် ဝန် လေးနေတတ်မိသည်။ သူမ ဘာပြောပြော ခွင့်ပေး ခေါင်းညိတ် ခဲ့တာပါစဲ။

'ဟင်း. . .'

မင်းဖုန်း သက်ပြင်းတစ်ချက်ပြင်းစွာ ရှိုက်လိုက်မိ၏။

ထမင်းစားပွဲမှ ထပြီး ကက်ဆက်ဖွင့်ဖို့ စိတ်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သီချင်း နားထောင်နေရလျှင် နည်းနည်းစိတ်ချမ်းသာသည်လေ။

သူ့အခန်းထဲကို ဝင်လာပြီးမှ အပေါ်ထပ်ကို တက်ဖို့တွေး၏။ သူမဆီမှ ဘယ်လိုသီချင်းခွေတွေ ရှိလေမလဲ၊ သူနှစ်သက်တာ သွားရှာဖို့ လှေကားကို တက်ခဲ့၏။

အပေါ်ထပ်ရောက်တော့ မိုးပြာရောင် ဇာပါးပါးလေး ဖားဖားလွင့်လွင့် ကာရံထားသော သူမ အခန်းလေးကို လှပစွာ မြင်ရပါသည်။

'ဟာ. . .'

သူ အံ့ဩလွန်းကာ လွတ်ခနဲ အသံထွက်သွား၏။

အန်တီမာပါလား။

အန်တီမာက ငွေစင့် ခုတင်ပေါ်မှာ အိပ်နေသည်။ အိပ်ပျော်နေတာတော့ ဟုတ်ပုံမပေါ် လှဲနေပုံရသည်။ ငွေစင်အမြဲလိုလို ပွေ့ပိုက်ထားတတ်သော မွေးပွရုပ်ညိုညိုလေးကို အန်တီမာကလည်း ဖက်တွယ်ထားသည်။

သူခြေစုံရပ်ရင်း ဘာဆက်လုပ်ရမှန်းမသိပါ။ ပြန်လှည့်ဆင်းသွားရမလား ဆက်ပဲလျှောက်သွားရမလား။ ခေါင်းထဲမှာ နည်းနည်းတော့ ရှုပ်ထွေးလာ၏။ တွေးစရာတွေရှိလာပါသည်။ အန်တီမာ့အပြုအမူကို အံ့ဩမိတာအမှန်။

'ဟော. . . သား၊ အစောကြီး ပြန်လာတယ် ဟုတ်လား'

အန်တီမာက သူ့ကို မြင်သွားပြီမို့ အိပ်ရာပေါ်မှ ဆင်း



လာသည်။

မင်းဖုန်းက ဖွဖွပြုံးလိုက်၏။

'သား ခေါင်းကိုက်ပြီး နုံးနေတာနဲ့ ပြန်လာတာ အန်တီမာ'

'ဟုတ်လား. . . မှန်းစမ်း၊ ကိုယ်ပူနေပြီလား'

သူ့ဘေးနား ဖြိုးဖြိုးဖျတ်ဖျတ် လျှောက်လာပြီး နဖူးကို စမ်းကြည့်၏။

'ဟင်. . . ကိုယ်ပူနေတာပဲ၊ လာ. . . လာ အန်တီမာ ကော်ဖီနဲ့ဆေး တိုက်မယ်၊ ထမင်းရော စားပြီးပြီလား'

သူ ခေါင်းခါပြမိသည်။

'ဟင်. . . ဒါဆို မုန့်တစ်ခုခုပါစားမှ၊ ပြော ဘာစားချင်လဲ ပေါင်မုန့် ကြော်ပေးရမလား၊ ကိတ်မုန့် စားမလား'

အန်တီမာက မေးရင်း ပြောရင်း ရှေ့မှဆင်းသွားတော့ သူလည်း နောက်က လိုက်သွားမိပါသည်။

'သား ငွေစင်က ဘယ်သွားတာလဲ'

'ခရမ်းတို့ နှင်းဆီတို့နဲ့ ပိုလ်ချုပ်ဈေး သွားမယ်လဲ ပြောတယ်'

'အစောကြီး ကတည်းက ထွက်သွားတာဆို'

'အင်း'

'ခရမ်းတို့အိမ် ဖုန်းဆက်မေးမယ်'

'ဟာ. . . ရပါတယ်၊သူ သားကို ပြောသွားတာပဲ၊ ညနေ

www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်လာမယ်တဲ့၊ ဆေးသောက်ပြီး ကျွန်တော် အိပ်မှာပါ။ ငွေစင်ကို မခေါ်ပါနဲ့ ရပါတယ်'

'မဟုတ်တာကွယ်၊ ဒီလောက်လည်ရရင် တော်ရောပေါ့'

အန်တီမာက သူ့အတွက် ပေါင်မုန့်ကို မီးကင် ထောပတ်သုတ်၊ ကြက်ဥကို မကျက်တကျက် ကြော်ပြီးတော့ ဘီစကစ်ရောကော်ဖီပါ အဆင်သင့် လုပ်ပေးပါ၏။ သွက်သွက် လက်လက်နှင့် စားချင်စဖွယ် ပြင်ဆင်ပေးတာ။

'ရပါပြီ အန်တီမာ'

အန်တီမာက အဆင်သင့်ရှိနေသော ကျောက်ကျောနှင့် ရွှေကြည်ပန်းကန်ပါ ရှေ့တိုးပေး၏။

'ကဲ . . . အားပါးတရ ဝင်အောင်စား ပြီးရင် ဆေးသောက်ရမှာ၊ တော်ကြာ အဖျားပိုတက်ရင် မလွယ်ဘူး'

'ဟုတ်ကဲ့'

အန်တီမာက သီသီကို ခရမ်းတို့အိမ် ဖုန်းဆက်ခိုင်းပါသည်။

'ကိုမင်းဖုန်း နေမကောင်းလို့ ခုပြန်လာခဲ့ပါလို့ အန်တီမာကလို့ ကြားလား'

မင်းဖုန်းက တားမရတော့ ကြည့်နေလိုက်၏။ သီသီက ဖုန်းသွားပြောပြီး ပြန်ရောက်လာခဲ့ပါသည်။

'တွေ့လား ဘာတဲ့လဲ'



'ဟုတ်ကဲ့ အခုလာခဲ့မယ်တဲ့'

မင်းဖုန်းရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သည်။

ငွေစင်က လျှောလျှောရှူရှူပဲ လက်ခံသည်။ ပြန်ခဲ့ဖို့သဘောတူသည်။ ဟုတ်မှ ဟုတ်ရဲ့လား၊ သူ့ကိုသူမက ခေါင်းထဲထည့်စဉ်းစားသလား။ စားနေသော ပေါင်မုန့်က ပိုအရသာ ရှိသာသလိုပါ။ ပြန်လာမယ်လို့ ကြားရရုံနဲ့တင် ရောဂါတစ်ဝက်ပျောက်သွားရပါပြီ ငွေစင်ရယ်။

သူမက ကတိတည်သော မိန်းကလေး တစ်ယောက်ပါ။ သိပ်မကြာလိုက်ပဲ ရောက်လာ၏။ ခရမ်းက သူမကို လိုက်ပို့ပါသည်။

'သွားမယ်ကွာ၊ ညမှဖုန်းဆက်မယ်'

'အိုကေ'

ငွေစင်က သူရှိရာ တန်းတန်းမတ်မတ် လျှောက်လာ၏။

'ကဲ . . .ရှင်က ဘာဖြစ်လို့လဲ'

ပိုက်ဆံအိတ်ကလေး စားပွဲပေါ် ချ ခုံမှာ ဝင်ထိုင်ပြီးမေး၏။

'ဖျားလို့'

သူ ခပ်တိုးတိုးဖြေရင်း သူမကို ငေးကြည့်နေမိသည်။

'ငွေစင်က ဘာလုပ်ပေးတတ်မှာလဲ'

'ဒါတော့ဒါပေါ့၊ အနားမှာရှိတော့ အားရှိတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းတဆတ်ဆတ် ညိတ်ရင်း. . .

'ဆေးခန်း သွားမလား'

ဟု မေး၏။

'လိုလို့လား'

သူ့စကားကြောင့် သူမက မတ်တတ်ကလေးရပ်ပြီး သူ့နဖူးကို မမီမကမ်း လက်ဖျားလေးနှင့် စမ်းကြည့်၏။

'အား. . . ပူသားပဲ၊ သွားရမှာပေါ့'

နဖူးပေါ်လာစမ်းသော သူမ၏ လက်ဖျားလေးကို သူ ဆွဲယူ ဆုပ်ထားတော့ သူမ စားပွဲကိုဖြတ်ပြီး ကုန်းကုန်းလေး ဖြစ်နေ၏။

'အိုး. . . လက်နာမှာပေါ့'

'ဒီဘက် ရွှေ့လာကွာ'

မျက်စောင်း ရှယ်လိုက်ပုံက ချစ်စဖွယ် သူ့ဘေးကိုလာဖို့ခေါ်လိုက်တာ။ လက်ကလေးကိုတော့ လုံးဝမလွှတ်ပေးနိုင် မတတ်သာဘဲ သူမက သူ့ဘေးရောက်လာ၏။

'အရမ်း ချမ်းတယ်ကွာ'

သူမ ပခုံးလေးကို ဖွဖွဖက်ထားရင်း သူ ရေရွတ်မိသည်

'ရေနွေးသောက်ပေါ့၊ ကော်ဖီ သောက်ဦးလေ၊ ပြီးရင် အိပ်ရာထဲ လှဲနေပေါ့၊ ဒါမှ သက်သာမှာ'

'ကိုယ် တစ်ယောက်တည်း အရမ်းပျင်းတယ်'



ငွေစင်က မျက်လုံးလေး ထောင့်ကပ်ပြီး မေးဆတ် မေး၏။

'ဒီတော့ ဘာလုပ်ရမလဲ ကပြရမလား'

'ငွေစင်က ကိုယ်နဲ့ စကားပြောပေါ့'

'ပြီးရော. . . ပြီးရော'

အန်တီမာ ရောက်လာတော့ မင်းဖုန်းက ကမန်းကတမ်း ငွေစင့် ပခုံးပေါ်မှ လက်ဖယ်လိုက်သည်။ ငွေစင်က မျက်နှာတည်လေးနှင့် မျက်လွှာချနေ၏။

'ငွေစင် တစ်နေ့တစ်နေ့ အပြင်ပဲထွက်နေ၊ ဘာတွေ အလုပ်များနေလဲ၊ မင်းဖုန်း နေကောင်းမှ အပြင်ထွက်ရမယ်၊ အိမ်မှာ နေတယ်ကို မရှိဘူး'

အန်တီမာစကားက ဆတ်တောက်တောက် ပြတ်တောင်းတောင်း ငွေစင်က ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ထွက်သွားဖို့ ပြင်တာမို့ မင်းဖုန်းက လက်ကလေး ဖမ်းဆွဲ ထားဆီးလိုက်၏။

အန်တီမာ ငွေစင့်ကို စူးခနဲကြည့်သည်။

'သီသီ'

'ရှင်'

'လာဦး. . . ဒီမှာ ရွှေမင်းသမီးဖို့ ကော်ဖီ ဖျော်ပေးလိုက်ဦး. . .'

ငေါ်တော့တော့ ညွှန်ကြားပြီး လှည့်ထွက်သွားတော့ ငွေ

www.burmeseclassic.com

www.burmeseclassic.com



စင်က နှုတ်ခမ်းစူ ကျန်ရစ်ခဲ့သည်။ မင်းဖုန်း မသိမသာ ပြုံးမိ၏။

အန်တီမာ့ကို စိတ်ထဲမှာ တအားပဲ ကရုဏာသက်သွားမိသည်။ ငွေစင့်အပေါ် ပေါ်ပေါ်ထင်ထင် ချစ်မပြတာ နားလည်လိုက်သည်။

'သီသီ'

'ရှင် မမလေး ငွေစင်'

'မဖျော်နဲ့ ခုနပဲသောက်လာတာ'

'ဟုတ်'

သီသီက မယောင်မလည်လေး ရပ်နေ၏။

'နင် လုပ်စရာရှိတာ သွားလုပ်တော့'

ငွေစင်ပြောမှပဲ အနားက ထွက်သွားတော့သည်။

'ကဲ. . . ရွှေမင်းသား ရှင် စားပြီးရင် ဟိုဘက်ကိုကြွခဲ့၊ ရှင် အပျင်းပြေအောင် ကျွန်မက ပုံပြောပြမယ် ကြားလား'

အမှန်တော့ သူမ မကျေနပ်တာ အန်တီမာ့ကို ပြန်ပြောခွင့်မရတော့ သူ့ဘက်လှည့်လာသည်။

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ငွေစင်က ခြေသံပြင်းပြင်းနှင့် လျှောက်သွား၏။ ဒေါပွသွားပုံရပါသည်။ သူ ဆေးသောက်ပြီးမှ ငွေစင်ရှိရာ အိမ်ကလေးဘက် ကူးလာခဲ့သည်။ ဧည့်ခန်းမှာ ဒရင်းဘက်တစ်ခုကို ချထားပြီး ခုံသေးသေးပေါ်မှာ ရေနွေးခရားလေးနှင့် ခွက်ကလေး



နှစ်လုံး။

'ရှင် ရေနွေးသောက်နှင့်ဦး ငွေစင် အဝတ်လဲဦးမယ်'

'အင်း. . . ရပါတယ်'

သူမက ဝတ်ထားသော နီရဲရဲ ကိုယ်ကြပ်ဂါဝန်လေးကို သွားလဲလိုက်ပါသည်။ ခုမှပဲ အိမ်နေရင်း ချည်သားဘောင်းဘီရှည် ပွပွကလေးနှင့် အဆက်အစပ် မရှိသော အင်္ကျီပွပွကလေး။ အင်္ကျီကတစ်ရောင် ဘောင်းဘီရှည်က တစ်ရောင်ဘယ်လိုပဲ နေနေ မင်းဟာ ကိုယ့်မျက်စိထဲမှာတော့ နတ်သမီးလေးပါပဲ။ ချစ်ပြီးရင်း ချစ်စရာ ကောင်းနေတယ်ကွာ။

'ကဲ. . . ရှင် ဘာပုံပြင်ကြိုက်သလဲ ပြော'

သူမက ခုံလေးတစ်လုံးနှင့် သူ့ဘေးလာထိုင်ပြီး ငုံ့ကြည့်မေးလိုက်၏။ သူက မဖြေဘဲ ပြုံးနေတော့ သူမကလဲ. . .

'စင်ဒရဲလား ပုံပြင်ကြိုက်လား၊ စနိုးဗိုက် ပုံပြင်ကြိုက်လား ပြော'

ဟု ဆို၏။

'အဲဒါတွေ ကြားဖူးသားပဲ'

'မတတ်နိုင်ဘူး၊ ငွေစင်က အဲဒါတွေပဲ သိတာ၊ ဒါဆို အာလာဒင် အကြောင်းရော ရှင် ကြားဖူးလား'

'ရိုးနေပြီ'

'ဒါဆိုလဲ အပျင်းပြေ ခွေထည့်ကြည့်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ မကြည့်ချင်ဘူး'

ငွေစင်က သူ့ကို စေ့စေ့ကြည့်ပြီး. . .

ရှင် နေမကောင်းရင် ဂျိကျတတ်သလားဟု မေးပါသည်။

'အင်း. . .'

သူ ခပ်တည်တည် ခေါင်းညိတ်ထား၏။

ငွေစင်က မျက်နှာလေး ရှုံ့မဲ့သွားသည်။

'ရှင့်ကို ပြောစရာ တစ်ခုရှိတယ်'

'ဟုတ်လား. . . ကိုယ်က ငွေစင့်ကို မေးစရာ နှစ်ခုရှိတယ်'

'မေးလေ'

'ငွေစင် ပြောစရာရှိတာ အရင်ပြော'

'ရှင်က ဘာလို့ ကိုယ်တိုင်မဆက်တာလဲ၊ နောက်ဆို ပြန်လာစေချင်တယ်ဆိုရင် ကိုယ်တိုင်ခေါ်ပါ၊ အန်တီမာတို့ သီသီတို့ခေါ်ရင် မလာဘူး'

'အင်း. . . ကောင်းပါပြီ၊ ကိုယ်မှတ်ထားပါ့မယ်'

'ရှင် မေးစရာ ရှိတယ်ဆို'

'ဟုတ်တယ်'

'မေးတော့လေ'

မင်းဖုန်းက ရေနွေးခွက်ကို ကိုင်ထားရင်း. . .

အန်တီမာ့ အကြောင်းဟု ပြောပြတော့ ငွေစင်က မျက်ခုံးလေး ပင့်ရင်း ဘာလဲဟု မေးလာ၏။



'ငွေစင် အန်တီမာက ဒီအိမ်လေးကို တစ်ခါမှ မလာဘူးဆို ဟုတ်လား'

'အင်း. . . အရမ်းကို လာခဲပါတယ်၊ တစ်ခါလား နှစ်ခါလားပဲ၊ ကိစ္စ ကြီးကြီးမားမားရှိမှ မဖြစ်မနေမှ လာတာ ဘာလို့လဲ'

'သေချာအောင် မေးကြည့်တာပါ'

'ဒါများ ပြောဖူးပြီးသားပဲ'

'ဟုတ်ပါတယ်'

ငွေစင်က ခေါင်းလေးငုံ့ပြီး ပြုံးလိုက်၏။

'ခဏနေ ငွေစင် သီချင်းသွားဖွင့်မယ်'

မင်းဖုန်းက ခေါင်းညိတ်ပြ၏။

'ရှင် ဒီရေနွေးတစ်အိုးလုံး ကုန်အောင်သောက် ကြားလား'

'ဟုတ်ကဲ့'

ငွေစင်က အပေါ်ထပ်တက်သွားပြီး သီချင်း ဖွင့်သည်။ သီချင်း အေးအေးငြိမ်းငြိမ်းလေးတွေ။

'ငွေစင်'

'ရှင်'

'ကိုယ့်ကို အန်တီမာတို့အကြောင်း ပြောပြပါလား'

'ရှင်က စပ်စုတာပဲ၊ လူကြီးတွေကိစ္စပဲ သီချင်နေတယ်'

'သိချင်တယ်ကွာ၊ ငွေစင်သိသလောက် ပြောပြပါ'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်က ကြမ်းပြင်ပေါ် ထိုင်ချသည်။

'ပြောကွာ'

'ငွေစင်လဲ သိပ်မှ မသိတာ'

'သိသလောက်ပေ့ါ'

'ဒီလောက်သိချင်ရင် ပြောပြမယ် နားထောင်'

'အင်း'

မင်းဖုန်းက စိတ်ဝင်စားသလောက် ငွေစင်က ပြော မှာခပ်အေးအေး။

'အန်တီမာက ငွေစင့်အဒေါ်'

'သိတယ်လေ'

'ငွေစင့် မေမေက အငယ်။ အန်တီမာက အကြီး'

'အင်း. . .'

'ငွေစင့် မေမေမှာ ချစ်သူ ရှိတယ်၊ ငွေစင့် ဖေဖေပေ့ါ ငွေစင့် မေမေရဲ့ ချစ်သူကို အန်တီမာကပါ ကြိုက်ချင်တာတဲ့ မေမေ ပြောတာနော်၊ အဲဒီမှာ မေမေနဲ့ အန်တီမာနဲ့ မတည့် တော့ဘူး၊ အရမ်း မုန်းသွားတာ၊ ငွေစင်က အဲဒါတွေ ဘယ်သိ မလဲ၊ ကလေးဆိုတော့ မေမေ ဆုံးသွားတော့ ငွေစင် ကိုအန်တီ မာက ခေါ်မွေးခဲ့တာ၊ မုန်းမှာပေ့ါ၊ မေမေ့ကို အငြိုးထားတော့ ငွေစင့်ကိုလဲ မေမေ့သမီးဆိုပြီး မတရားချုပ်ခြယ် အနိုင်ကျင့် နှိပ်စက်တာပေ့ါ၊ ရှင်နဲ့ ပေးစားတာပဲ ကြည့်ပါလား'



ငွေစင်က ဗလုံးဗထွေး မြန်မြန်ဆန်ဆန်ပဲ ရှင်းပြ၏။

'ကိုယ် နားမလည်ဘူး'

'သေတော့ လဲသေ'

'မဟုတ်ဘူးလေ၊ ကိုယ် မေးမယ် ငွေစင်ဖြေ'

'ဖြေမယ်. . . မေး. . . မေး. . .'

'ငွေစင့် မေမေမှာ ချစ်သူရှိတယ်'

'အင်း. . .'

'အန်တီမာက အဲဒီ ချစ်သူကို သဘောကျတယ်'

'ဟွန်း. . .'

'ငွေစင့် မေမေနဲ့ပဲ လက်ထပ်ဖြစ်တယ်နော်'

'ဒါပေ့ါ. . . ချစ်သူချင်းပဲ'

'ဒါဆို ကိုယ့် အန်တီမာက နောက်မှတွေ့ပြီး လက်ထပ် ခဲ့တာပေ့ါ ဟုတ်လား၊ ပြီးတော့ ငွေစင် ငယ်ငယ်လေးမှာ ငွေစင့် အမေ ဆုံးသွားတယ်၊ ဟုတ်တယ်နော်'

'အင်း. . . ဖေဖေက နိုင်ငံခြား ရောက်သွားတယ်'

'ငွေစင့်ကို အန်တီမာက မွေးစားခဲ့တယ်'

'ဆိုပါတော့'

'မချစ်ရင် ဘယ်ခေါ်သွားမလဲ၊ ငွေစင့် ဖေဖေနဲ့ ထည့် လိုက်မှာပေ့ါ'

ငွေစင်က သူ့ကိုကြည့်ပြီး ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ငွေစင်က ကလေးဥစ္စာ ဘယ်လိုခေါ်သွားမလဲ'

'ထားပါတော့၊ ခုကြီးလာတော့ရော'

'ခဏ အလည်သွားမယ်ဆိုတာတောင် ပေး မသွားဘူး ပိတ်ပင်တာလေ၊ ဘယ်လောက် ပါဝါပြသလဲဆိုတာ'

'ငွေစင်ရယ် . . . ငွေစင့် ဖေဖေက အန်တီမာနဲ့ ဘာလို့ ထားခဲ့လဲ၊ အန်တီမာ နှိပ်စက်မှာ မစိုးရိမ်ဘူးလား'

ငွေစင်က အရယ်မျက်နှာလေး ပျောက်သွားပြီး တည်တည်တင်းတင်း မျက်နှာလေးနှင့် သူ့ကို ကြည့်၏။

'ရှင်က ဘာတွေ သိထားလဲ၊ ဘာတွေဖြစ်နေတာလဲ'

သူမဟာ တကယ့်ကို ပါးနပ်လွန်းသူပါပဲ။

ဖျံမလေး။

ပေါက်ခနဲ မေးချလိုက်တာပဲ ကြည့်တော့။

'ဘာမှကို မသိသေးတာ'

'ဒါဆိုရင် ဒီကိစ္စ ရှင့် ခေါင်းထဲရောက်နေစရာကိုမရှိဘူး တစ်ခုခုတော့ ဖြစ်ဖြစ်ကိုဖြစ်လို့၊ အကြောင်းရှိလို့ သံသယ ဝင်လာတာပေါ့'

သူမက စွပ်စွဲတာ မဟုတ်ပါ၊ အတိအကျ အခိုင်အမာ ဆိုသည်။

'မဟုတ်ပါဘူး၊ အန်တီမာက ငွေစင့်ကို ချစ်တယ်လို့ ကိုယ် ထင်တယ်၊ ငွေစင် ဆိုးမှာစိုးလို့ ရောင့်တက်မှာစိုးလို့ ချစ်တာကို



ထုတ်မပြရဲတာပါ'

'ရှင် သေချာလှချည်လား'

'မယုံရင် သေချာတဲ့နည်းတစ်ခုခုနဲ့ စမ်းကြည့်လိုက်ပေါ့'

'ကောင်းသားပဲ'

'ငွေစင်က မူရာမာယာ တတ်ပါတယ်'

'အံမယ် . . .'

မင်းဖုန်းက တဟက်ဟက် ရယ်၏။

'အန်တီမာ စိုးရိမ်သွားအောင် တစ်ခုခု လုပ်ပြလိုက်၊ ပျာယာ ခတ်သွားမှာ'

'အင်းလေ . . ကြည့်ရသေးတာပေါ့၊ ဘာကြေးလဲ'

ငွေစင်က တောက်ပသောအပြုံးကလေးနှင့် စိန်ခေါ်၏။

'ရပါတယ်၊ ငွေစင် ကြိုက်သလို သတ်မှတ်'

'အင်း . . . ရန်ကုန်မြို့အနှံ့ လိုက်ပို့၊ စားချင်တာ ကျွေး၊ ခရမ်းတို့ရော ပါမှာနော်၊ ပြီးတော့ လိုချင်တာဝယ်ပေးကြေး'

'ရပါတယ်'

'ရှင် ကျေနပ်ရဲ့လား'

'ကိုယ့်ဘက်က နိုင်ရင်ရော'

'ရှင်က ဘာတွေတောင်းဆိုမှာလဲ'

'ငွေစင့်ကို ကိုယ် နမ်းမယ်'

'ဟာ . . .'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်က မျက်လုံးလေး ပြူးသွား၏။

'အင်းလေ . . ရှင်နိုင်ရင် သဘောတူရမှာပေါ့'

သူမက မဖြူသလို ဆိုသည်။

'ရှင်ကပဲ ပိုသိရတယ်လို့'

'တစ်ခါတလေ ဘေးလူတွေက ကာယကံရှင်ထက်ပိုသိနေတတ်တယ်၊ ငွေစင်ထက် ကိုယ် ပိုသိတာပေါ့'

'ရှင် လူလည်ကျတာလား'

'ယုံကြည်မှု လုပ်လေ'

သူမ စဉ်းစားနေ၏။ တွေဝေနေပုံရသည်။

ပြီးမှ . . .

'နဖူးလေးပဲနော်'

လက်ညှိုးလေးနှင့် ကတိတောင်းပုံက သူ့ ဘဝင်ခိုက်သွားစေသည်။

သူ မမှိတ်မသုန် ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

သူမက ကျေနပ်သွားတော့သည်။

တွန့်တိုနှမြောတတ်လိုက်တာကွာ။

ကိုယ့်ဘက်က နိုင်ရင်တောင် နဖူးလေးပဲ နမ်းခွင့်ပေးမတဲ့လား၊ ဘာပဲဖြစ်ဖြစ် သူနိုင်မှာ ကျိန်းသေရှုံးစရာ မရှိပါ။

လူလည်ကျတယ်ဆိုရင်တောင် ချစ်လို့ပါ ငွေစင်ကလေးရယ်။



ချစ်စိတ်နဲ့ လူလည်ကျတာပါ။

ဒါဆိုရင် မင်း တစ်ဝက်လောက် ကျေနပ်ဖို့ကောင်းတယ်။

'ရေနွေးတွေ အေးကုန်ပြီ'

သူမ သတိပေးမှ သူ ရေနွေး မော့သောက်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီက ဘီးကျဲလေးကို လက်ဝါးပေါ် တဖျပ်ဖျပ် ရိုက်ရင်းစဉ်းစားနေ၏။

ခရမ်းက ခုတင်ပေါ် မှောက်အိပ်ငြိမ်သက်နေသည်။

ငွေစင့် စကားတွေ ဆုံးသွားပေမယ့် နှင်းဆီနှင့် ခရမ်းဆီက အသံထွက်မလာပေ။ ငြိမ်ချက်သား ကောင်းနေ၏။

သူမ စိတ်မရှည်ချင်ပါ။ သို့ပေမယ့် သည်းခံစောင့်ဆိုင်းနေလိုက်၏။

'ငွေစင်. . .'

'ဟင်. . .'

'ရှင် သဘောတူခဲ့ပြီလား'



'အင်းလေ'

'သွားပြီ'

ခရမ်းက မှတ်ချက်ချသည်။

'ဟုတ်တယ်၊ သူ့ဘက်က သဘောလို့ လောင်းတာပေါ့'

နှင်းဆီကလည်း ဝင်ပြော၏။

'ငွေစင်က ဘာလို့ ဘုမသိဘမသိ သဘောတူရတာလဲ'

'မသိဘူးလေဟာ၊ ငါလဲ ပျင်းလို့'

'ငွေစင့်ကို သက်သက် လူလည်ကျတာ'

ငွေစင် ပြတင်းပေါက်ဘေးမှာ သွားရပ်၏။

'လူကြီး မိဘပဲ မျက်စိရှေ့မြင်ရင် စိတ်ပူမှာပေါ့ ဒါ ဆန်းလား'

ခရမ်း ပြောတာ ဟုတ်သားပဲ။ တမင် ငွေစင့်ကို အနိုင်ယူချင်တာဖြစ်မည်။

'လုပ်မနေနဲ့၊ သူနိုင်လဲ ငါက ညစ်ပစ်မှာ သိလား'

'အင်း. . . ကောင်းတယ်'

ငွေစင်က တင်းတင်းမာမာ အားခဲလိုက်၏။ ဟုတ်မှာပါ။ ဟိုနေ့က ငွေစင့်ကို စိုက်စိုက်ကြီး ကြည့်နေတာများ အားနာဖော်ဝင် မရပါ။ မုန်းစရာကြီး တခြားတစ်ခုခု တောင်းဆိုပါလား။

ကပ်သီးကပ်သပ် ဖွန်း။ ငွေစင် တွေးလေ မကျေမနပ်လေ ခရမ်းအိပ်နေသော ခုတင်စွန်းမှာ ဝုန်းခနဲထိုင်ချ၏။ စကား

www.burmeseclassic.com

www.burmeseclassic.com



ကလွန်ခဲ့ပြီ။ ပြန်နှုတ်မရနိုင်။

'ခုမှ ဘွာခတ်ရင် မမိုက်ဘူး'

'အရှူးပေါ့'

စူပုပ်နေသော ငွေစင့် ပုံစံလေးကို သူတို့က ရယ်သည်။

'ဒီလူ ငွေစင့်ကို တော်တော် ချစ်တယ်၊ သိသာလွန်းတယ်'

'အလကားပါ'

'ငွေစင်ရော သူ့ကို စိတ်မဝင်စားဘူးလား'

'ဘာလို့ စိတ်ဝင်စားရမှာလဲ'

'သူ ကြည့်ရင် ရင်မခုန်ဘူးလား'

'ကြုံကြုံဖန်ဖန်'

ရှက်ရိပ် ရှက်ယောင်ပါသော ငြင်းဆန်သံလေးကိုသူတို့က တခစ်ခစ်ရယ်ရင်း စချောနေကြသည်။

'ပေါက်ကရတွေ မပြောကြေးနော်'

'အေးပါ. . . နောက်ဆို သတိထား၊ အခု နဖူးလေးမို့လို့'

'ခရမ်းနော်. . .'

ငွေစင်က ခရမ်းကို လက်ထဲရှိနေသော ခေါင်းအုံးနှင့် ပစ်ပေါက်သည်။

'စချင်ဦး. . . မဟုတ်တာတွေ ပြောချင်ဦး'

* * *



'ဟဲလို၊ အမိန့်ရှိပါ၊ ငွေစင်ကြယ်ကုမ္ပဏီကပါရှင်'

ငွေစင်က လှပစွာမဲ့လိုက်၏။ အသံလေး ချိုလွန်းပါလား။

ကုမ္ပဏီမှာ ဘယ်လောက်ဝန်ထမ်းရှိသလဲ။ ဘယ်သူတွေလဲဆိုတာ ငွေစင်မှ မသိတာပဲလေ၊ ကောင်မလေးတွေလည်း ရှိမှာပေါ့၊ ရှိနိုင်တာပေါ့။

အန်တီမာ့ကို မကြည်တာကြောင့် အဲဒါတွေ ငွေစင် စိတ်မဝင်စားခဲ့တာ။

'ဟဲလို'

ထပ် တစ်ကြိမ်အသံပြုတော့မှ ငွေစင်က-

'ဦးမင်းဖုန်းမြင့်နဲ့ ပြောမယ်' ဟု ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ဘယ်သူပါလဲရှင်'

တာဝန်အရ မေးတာလား၊ မင်းဖုန်းကပဲ မေးခိုင်းတတ်တာလား။ ဒါမှမဟုတ် သိချင်လို့မေးတာပဲလား၊ ထားတော့ သိပ်မစဉ်းစားပါ။

'ငွေစင်ကြွယ်ပါ'

'ဟုတ်ကဲ့၊ ခဏနော် မမ'

'အင်း. . .'

ဦးမင်းဖုန်းမြင့် ချက်ချင်းပဲ ဖုန်းလာကိုင်သည်။

'ဟဲလို. . . ငွေစင်လား'

'အင်း. . .'

'ဆို. . . ဘာကိစ္စ'

'ကိစ္စရှိလို့ပေါ့'

'ပြောလေ'

ငွေစင် ဖုန်းဆက်တာကို သူ အံ့သြနေသည်။

'ဒီည မမနီလာ မွေးနေ့ပါတီရှိလို့'

'အဲဒီတော့. . .'

'ရှင် ငါးနာရီလောက်ပြန်လာပြီး ငွေစင့်ကို လိုက်ပို့ပေးပါ'

'ကိုယ်က လိုက်ပို့ရုံပေါ့'

'အင်းလေ သူငယ်ချင်းတွေချည်းပဲ၊ ရှင်ကြောင်တက်တက်



ဖြစ်နေမှာပေါ့၊ အပြန်ကျမှ လာကြို'

'ဘယ်အချိန်လဲ'

'ငွေစင်ပြန်ချင်ရင် ဖုန်းဆက်မှာပေါ့၊ ညပွဲ. . . ပြီးတော့ ခုပွဲဆိုတော့ မီးပုံပွဲလည်းပါမှာ၊ ည၉နက်မှာ'

'မသွားရင် မရဘူးလား'

'သွားမယ်'

သူမက မာပြတ်ပြတ်ဆို၏။ သည့်ထက် ညင်ညင်သာသာ ပြောရင် ခွင့်ပေးမလို့ လိုက်ပို့ပေးမလို့ပါ။ ခုတော့. . .

'ဒီမှာ အရမ်းအလုပ်တွေ ရှုပ်နေတယ်၊ လာနိုင်မှာ မဟုတ်ဘူး'

သူမက ခဏတိတ်ဆိတ်သွားသည်။

'အင်း. . . ရတယ်လေ'

တိုးတိတ်တိတ်နှင့် ဖုန်းချသွား၏။

မင်းဖုန်းက ဖုန်းခွက်ကိုကိုင်ပြီး ငိုင်နေမိသည်။

ပြီးတော့ ချက်ချင်းပဲ ဖုန်းပြန်ခေါ်သည်။

သူမဘက်က တကူးတက ဖုန်းဆက်ပြီး ပြောရှာတာ။ သူ လွှန်သွားပြီ။ တကယ်ဆို ဝမ်းသာအားရ လိုက်ပို့ရမှာ။

'ငွေစင်လား'

'ဟုတ်တယ်'

'အလကား စကား၊ ကိုယ်လိုက်ပို့မယ်၊ စောင့်နေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

သူမက ခေါင်းညိတ်ပြီး ဖုန်းချသွားသည်။

မင်းဖုန်းက နာရီကြည့်ပြီး အလုပ်တွေလက်စသတ်သည်။

ငွေစင်က ငါးနာရီခေါ် ပေမယ့် သူစောစောပဲ ပြန်တော့မည်။

မင်းဖုန်း နှုတ်ခမ်းတွေ အလိုလိုပြုံးနေမိ၏။

ငွေစင်အပေါ် သူ မကျောနိုင်ပါလား။

သူ့စိတ်တွေက သူမအတွက်ဆို အလွန်တစ်ရာ သိမ်မွေ့နူးညံ့နေ၏။ အလွန်တစ်ရာ လိုက်လျောနိုင်စွမ်း ရှိနေ၏။

သူ ပျော်နေသမျှ အိမ်ရောက်မှ အတွေ့ဆိုတာ။

ငွေစင်က သူ့ကို စောင့်နေမှာပါ။ စောစောစီးစီး ထွက်သွားခဲ့ပြီ။

ပို့က်ဘုတ်ပေါ် ရေးထားသော စာကြောင်းလေးတွေက သူ့ကို သရော်နေကြသည်။

ဦးမင်းဖုန်းမြင့်။

ရှင်က ငွေစင့်ကို အန်တီမာနဲ့ ထိပ်တိုက်တွေ့ပေးတဲ့သဘောလား။ ရပါတယ်။

ငွေစင်နဲ့ အန်တီမာ မပြေမလည်ဖြစ်တာ ငွေစင်ကို ဆူပေါက်တာ။ ရှင်က မြင်ချင်ကြားချင်တယ် မဟုတ်လား။

စိတ်ချ ရှင့်ဆန္ဒ ပြည့်စေရမယ်။



ငွေစင် ညပြန်မလာဘူး။

နှင်းဆီနဲ့ သွားအိပ်မယ်။

ရှင့်ဆီကရော အန်တီမာဆီကရော ဘာခွင့်ပြုချက်မှမယူဘဲသွားတာ ဘာဖြစ်လဲ။

စိတ်ပူရင်လည်း မတတ်နိုင်ဘူး။ အော်ငိုနေပေ့ါ။

ငွေစင်က သူ့ကို ရေရေလည်လည် တင်းသွားသည်။

'အလုပ်တွေ ရှုပ်နေတယ်၊ လာနိုင်မှာမဟုတ်ဘူး' ဟူသောစကားအပေါ် အကြီးအကျယ် စိတ်ဆိုးသွားခဲ့ပြီ။

ငွေစင်ရယ်. . .

ကိုယ်မှားလို့ ချက်ချင်းပြင်သားပဲ။ သည်ပြင်ဆင်မှုကို ငွေစင် အသိအမှတ် မပြုဘူးလား၊ ခွင့်မလွှတ်ဘူးလား။

ဘာမှမဟုတ်တာလေးကိုပင် အပြင်းအထန် အပြစ်ပေးမှု စဉ်းစားသေးတာ၊ ကြီးကြီးမားမား မှားယွင်းလျှင် ငွေ့စင် တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ပါ။

ပိုဆိုးတာက မကျေနပ်တာကို ရေငုံမျိုချထားတာ။

သူမ ဘယ်လိုဖြစ်သွားတာလဲ။ ဘာတွေ ဆုံးဖြတ်လိုက်သလဲဆိုတာ သူ သတိမပြုမိလောက်အောင် ပိရိလွန်းသည်။

ခုနက ဖုန်းဆက်တုန်းက ပြောလိုက်ပါလား။ ရန်တွေ့ပါလား။

မင်းဖုန်းက ခုံမှာဝင်ထိုင်ပြီး သက်ပြင်း အကြိမ်ကြိမ်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်သည်။

တစ်ညလုံး ပြန်မလာလျှင် အန်တီမာ စိတ်ဆိုးတော့မှာ အပြင်းအထန် ဆူငေါက်တော့မှာ။

ဘာလို့ဆိုးချင်တာလဲ ငွေစင်ရယ်။

'သားရေ. . . မင်းဖုန်း'

'ခင်ဗျာ'

အန်တီမာက အိမ်ထဲဝင်မလာဘဲ အောက်မှ အသံပြုသည်။

မင်းဖုန်းက အိမ်ပေါ်မှ သွက်သွက်လက်လက် ဆင်းလာ၏။

'ဗျာ. . . အန်တီမာ'

'သမီးရော. . . ငွေစင်'

'ငွေစင်လား၊ မနီလာ မွေးနေ့ပွဲ သွားတာပဲ'

'ဒါဆို မိုးချုပ်မှာပေါ့'

'ဟုတ်ကဲ့၊ ညဦးနက်မယ် ထင်တာပဲ'

'သားရယ်. . . လိုက်သွားရောပေါ့'

'ဟုတ်ကဲ့. . . သား လိုက်သွားခေါ်မှာပါ၊ ဒါကြောင့် စောစောပြန်ခဲ့တာ'

'အေးကွယ်၊ အေး. . . အေး၊ နီလာတို့အိမ် သိရဲ့လား'

'သိပါတယ်'



ငွေစင် သွားတတ်သည့် နေရာတွေ မင်းဖုန်းကသိအောင် ကြိုးစားထားတာပဲ။

ရေမိုးချိုး အဝတ်အစားလဲပြီး ထွက်လာခဲ့၏။

ကားကို တဖြည်းဖြည်းမောင်းရင်း ငွေစင့်ကိုချော့ခေါ်ဖို့ တွေးလာမိပါသည်။

ကိုယ် လွန်သွားတာမို့ သူမ ကျေနပ်အောင် တောင်းပန်ရမည်။

မနီလာတို့ လမ်းထဲရောက်တော့ ကားတော်တော် များများ ရပ်ထားတာ တွေ့ရပါသည်။ စောစောစီးစီးကတည်းက လူစုံနေပြီထင်။

သူ ခပ်လှမ်းလှမ်းမှာ ကားရပ်ရင်း ဆင်းလျှောက်လာရပါသည်။ ခြံဝင်း တံခါးကျယ်ကြီးကို ဖွင့်ထားပေး၏။

ခြံထဲမှာ မီးလုံး ရောင်စုံလေးတွေနှင့် စားပွဲကုလားထိုင် အချို့ကိုတော့ ညာဘက်ထောင့် မြက်ခင်းပြင်မှာ ချထားသည်။

သူ တည့်တည့်မတ်မတ် ဝင်လာပြီး ငွေစင့်ကို ရှာသည်။ သို့ဝမတွေ့ရပေ။ ငွေစင်တို့ ဘယ်များရောက်နေပါလိမ့်။

'ဟော. . . ကိုမင်းဖုန်းပါလား၊ ကြွပါရှင်'

မွေးနေ့ရှင် နီလာနှင့် ပက်ပင်းတိုးတော့ ဖိတ်ခေါ်၏။

'ငွေစင်ရော'

'အပေါ်ဝရန်တာမှာပါ၊ တက်သွားလေ'

www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းညိတ်ပြပြီး အိမ်ထဲ ဝင်လာခဲ့ပါသည်။ အပေါ်ထပ်တက်ဖို့ လှေကားက ဧည့်ခန်းထောင့်မှာပဲ ရှိနေပါသည်။

အပေါ်ထပ်ရောက်တော့မှ ဝရန်တာကို ထွက်လာခဲ့သည်။

ဧည့်သည်တွေ အများကြီးပါပဲ။ လူငယ်လူရွယ်တွေချည်းမို့ ပျော်စရာတော့ ကောင်းသား။

ငွေစင်က ထိပ်ဆုံးထောင့် စားပွဲလေးမှာ ငြိမ်ငြိမ် သက်သက် ထိုင်နေပါသည်။ ငွေရောင်ဝတ်စုံ လက်လက်ကလေးနှင့် လှပလွန်းသော ငွေစင်ကို ထင်ထင်ရှားရှားပဲ မြင်ရပါသည်။

'ဩော်'

ငွေစင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေတာ ကိုသား။ ပြုံးပြုံး ရွှင်ရွှင် ရှိနေလိုက်ကြတာ။ မင်းဖုန်းစိတ်ထဲ မကြည်ချင်တော့။

ဘာကိုမှန်းမသိ ဒေါသတွေ ဖြစ်လာ၏။

'ငွေစင်'

'ဟင်'

ရုတ်တရက် ဘေးကိုရောက်သွားတော့ သူမ အံ့သြသွားပုံပါပဲ။ နှုတ်ခမ်းလေးတွေပွင့်ဟကာ ကိုယ့်ကို အလန့်တကြားမော်ကြည့်၏။

'ရှင် လိုက်လာတယ် ဟုတ်လား၊ လာ. . . လာ ဒီမှာထိုင်လေ၊ ရှင် မအားဘူးဆို'



'အင်း'

ကိုသားက သူတို့ကို အကဲခတ်နေ၏။

'ကိုသား'

'ဟင်'

'ဒါ ငွေစင့်ခင်ပွန်း ကိုမင်းဖုန်းမြင့်တဲ့'

'သိပါတယ်ဟာ၊ တွေ့တိုင်း မိတ်ဆက်ပေးနေမှာလား'

'အဟင်း'

ငွေစင်က တိုးဖွဖွရယ်၏။ သူမ ရယ်သံလေးက အင်မတန်ချိုမြိန်လွန်းပါသည်။

သူမ သုံးနှုန်းလိုက်ပုံလေးက ပို၍ပင် ရင်ခုန်ကျေနပ်စရာကောင်း။

ငွေစင့် ခင်ပွန်းတဲ့လား ငွေစင်ရယ်။

ဒေါသတွေအကုန်လုံး လျှော့ခနဲကျသွားရပြီ။

'ကိုမင်းဖုန်း ဒါ မနီလာရဲ့မောင်လေး ကိုသားတဲ့။ ငွေစင်နဲ့ အရမ်းခင်တယ်လေ သူငယ်ချင်းတွေ'

'တွေ့ရတာဝမ်းသာပါတယ်'

ကိုသားကလည်း အားပါးတရ ပြုံးပြ၏။ ပြီးတော့. . .

'ခဏနော် တခြားဧည့်သည်တွေ လိုက်ဧည့်ခံရဦးမယ်'

'ရပါတယ်'

'သွားလေ၊ ကိစ္စမရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကိုသား ထသွားတော့ မင်းဖုန်းက သူမဘက် ငဲ့ကြည့်ရင်း. . .

'စိတ်ဆိုးသွားတာလား ဆောရီးကွာ'

ဟု တောင်းပန်လိုက်၏။

'ကိုယ်နဲ့အတူ ပြန်မယ်နော်၊ အိမ်ကိုပဲ ပြန်ရမယ်'

'မပြန်ပါဘူး ရေးထားခဲ့သားပဲ မတွေ့ဘူးလား'

'တွေ့တယ်'

'တွေ့ရက်နဲ့ လိုက်လာတယ် အံ့ပါရဲ့'

'ဆောရီးကွာ၊ ကိုယ်စကားမှားသွားတာ တောင်းပန်ပါတယ်၊ ငွေစင်ဆီ ကိုယ်ချက်ချင်းလာတာ ငွေစင် မရှိတော့ဘူး'

ငွေစင်စကားမဆိုတော့ပဲ တစ်ဖက်လှည့်နေ၏။

'စိတ်မကောက်နဲ့ကွာ'

သူ ငွေစင် လက်ဖျားလေးကို ဆွဲယူပြောဖြစ်၏။

'စိတ်မကောက်ပါဘူး၊ မကျေနပ်တာ'

'ကျေနပ်အောင် ဘာလုပ်ပေးရမလဲ'

'ပြန်တော့'

'မပြန်ပါဘူးကွာ၊ မနှင်ပါနဲ့'

'လုံးဝ ရှင်နဲ့ပြန်မလိုက်ဘူး ပြောပြီးသား'

'ဒါဆိုလည်း ငွေစင့်နောက် ကိုယ်လိုက်ရမှာပေါ့'

'နှင်းဆီနဲ့ သွားအိပ်မှာ လိုက်ရဲရင်လိုက်'



'မဆိုးနဲ့ကွာ'

'ဆိုးတာ မဟုတ်ပါဘူး၊ ရှင့်ကို ပညာပေးတာ သိရဲ့လား'

'ဟာကွာ'

ငွေစင်က သူမလက်ကလေးကို ဆောင့်ရုန်းပစ်သည်။

မင်းဖုန်းက အပြုံးမပျက် ကြည့်နေမိ၏။

သူမ စိတ်ဆိုးပုံလေးက ထူးဆန်းသည်။ မျက်နှာလေး စူပုပ်ကာ သူ့ဘက်ကို လုံးလုံးမကြည့်။

ကြာလေ ကြာလေ ချစ်လာလေပါပဲ။'

'ဘာလဲ ကိုယ်အလိုလိုက်မှန်းသိလို့ ရောင့်တက်တာလား'

'ဘာမှမဆိုင်ဘူး'

*        *        *

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်မှ ပြန်လာသော သူတို့ကို အန်တီမာက မအိပ်သေးဘဲ စောင့်နေပါသည်။

သူမပါလာလို့သာ နို့မို့ဆို ပြဿနာကြီးထွားနိုင်သည်။

ငွေစင်က အန်တီမာ့ကို မျက်လွှာလှန်ကြည့်၏။

'မောင်မင်းဖုန်း ပြန်လာတာကို မစောင့်ဘဲ ထွက်သွားရသလား၊ ခဏစောင့်ပြီး အတူတူသွားရမှာပေါ့'

ငွေစင်က မတုန်မလှုပ်၊ ခွန်းတုန့်မပြန်။ ဖြေရှင်းချက်မပေးပါ။

'ဟဲ့ မကြားဘူးလား'

အန်တီမာက အော်တော့သည်။



'ငွေစင်ကို မအော်ပါနဲ့ အန်တီမာ'

'အော်အောင် လုပ်တာကိုး'

'အခု သူနဲ့ ပြန်လာတာပဲ ပြီးရောပေါ့၊ နှင်းဆီတို့ဆီမှာ သွားအိပ်မလို့ ပြန်လဲပြန်လာရသေးတယ်၊ ကျေးဇူးမတင်ဘူး'

'အမယ်လေးဟဲ့. . . ကျေးဇူးရှင်မရဲ့'

အန်တီမာက စကားမဆုံးခင် ငွေစင်က ဖိနပ်သံတခွပ်ခွပ်နှင့်အိမ်ပေါ်တက်သွားခဲ့ပြီ။ မင်းဖုန်းပခုံးစုံတွန့်ရင်း ကားကို နောက်ပြန်ဆုတ်ကာ ဂိုဒေါင်ဘက် မောင်းလာခဲ့၏။

ဘယ်လိုကောင်မလေးမှန်း မသိပါဘူး။

သူ ဘာပဲဖြစ်ဖြစ် သူမကိုဆို အမြဲချစ်နေမိသည်။

ခေါင်းလေး မော့လျှောက်သွားပုံလေးကိုက ကလေးဆန်တာ အပြစ်ကင်းတာ လှစ်ဟပြနေသည်။

'လမင်းလေးကို ချစ်နေမှာ'

'ဖြူသော ကိုယ့်အချစ်များနဲ့'

'ဟိုအဝေးကြီးမှာ လှနေတဲ့ ကိုယ့်လမင်း'

'ဟို့ လက်လှမ်းလို့ မမီဘူး'

နူးညံ့လွန်းသော အသံကြည်ကြည်လေးကြောင့် သူ မျက်လုံးတွေ ပွင့်လာရပါသည်။

မနက်အစောကြီးမှာ သူမ သီချင်းသံလေးက သာယာနာပျော်ဖွယ်။ အိပ်ရာထက်မှ ထထိုင်ရင်း သူမ သီချင်းလေးကို

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေမိသည်။

နောက်မှ အိပ်ရာထက်ဆင်းပြီး သူမရှိသော ထမင်းစားခန်းသို့ လျှောက်လာ၏။

ငွေစင်က ထမင်းစားပွဲဘေးမှာ ရပ်နေသည်။ စားပွဲပေါ်မှာတော့ ပန်းအိုးဝိုင်းဝိုင်းလေးတစ်လုံးရယ်၊ သစ္စာပန်း ပန်းရောင်အစည်းရယ်၊ ရေခွက်ရော ကတ်ကြေးပါ စုံနေအောင် တွေ့ရသည်။

'လမင်းလေးလို ချစ်နေမှာ'

'ဖြူသော ကိုယ့်အချစ်များနဲ့'

သူမက သည်တစ်ပိုဒ်ကိုပဲ ထပ်တလဲလဲညည်းနေ ဆူးတုံးလေးကို ပန်းအိုးထဲထည့်၊ ရေနည်းနည်းထည့်၊ ကတ်ကြေးနှင့် သစ္စာပန်းခိုင်ကို ခပ်စောင်းစောင်းလေးဖြတ် ဆူးထုံးအလယ်တည့်တည့်မှာ စိုက်နှင့်သူ ရပ်နေတာကို မြင်ပုံမရပါ။ သူမ ပန်းအိုးထိုးနေတာပဲ။ ပန်းအိုးလေးက ဟင်းပန်းကန်လုံးလို ပက်ပက် တွန့်တွန့်ကလေး စိမ်းဖန့်ဖန့်ကလေး။

'တို့ . . . အဝေးကြီးမှာ-

လှနေတဲ့ ကိုယ့်လမင်း. . .

တို့ လက်လှမ်းလို့ မမီဘူး

မင်းဖုန်းက ကြည်နူးစွာ ပြုံးရင်း. . .

'ဂွတ်မောနင်း ဘေဘီ'



လို့ နှုတ်ဆက်လိုက်သည်။

ငွေစင်က လှည့်ပင်မကြည့်ဘဲ. . .

'ပါးစပ်ပုပ်ကြီးနဲ့'

ဟု ဆိုပါသည်။

သူမက ညဝတ်အင်္ကျီရှည်ရှည်ထူထူ ခါးစည်းကြိုးနှင့် အရောင်က အနီရဲရဲ။

ဆံပင်စတွေကို ပြောင်တင်းနေအောင် သိမ်းကျုံးထုံးဖွဲ့ထားပေမယ့် လည်ဂုတ်သား ဖွေးဖွေးလေးပေါ် နှစ်စသုံးစကျနေ၏။

'ဆံပင်တွေ ကျနေပြီ'

သူက ဖွဖွလေးဆွဲကြည့်ပြီး ပြောတော့ သူမက ခစ်ခနဲ ရယ်သည်။

'တမင်ချထားတာ ရှင့်'

'သြော်. . . သြော်. . .'

သူ ရှက်ပြုံးကြီးနှင့် မျက်ခုံးနှစ်ဖက် ပင့်ဖြစ်၏။

'မမိုက်ဘူးကွာ၊ ဂွတ်မောနင်း ဒါလင်လို့ ပြန်ပြောရမှာ'

ငွေစင်က သူဘက် ဆတ်ခနဲ လှည့်ကြည့်ရင်း. . .

မျက်နှာသွားသစ်လေဟု နှာခေါင်းလေးရှုံ့ပြီး ဆိုပါသည်။

'ဒီပန်းအိုးက ဘယ်မှာထားဖို့လဲ'

'ဧည့်ခန်းမှာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘယ်လိုကြီးလဲ'

'မလှဘူးလား'

'အင်း . . . လှပါတယ်၊ မဆိုးပါဘူး'

ငွေစင်က လှလှပပ ဖြစ်သွားသော ပန်းအိုးလေးကို တစ် ပတ်ပြည့်အောင် လှည့်ကြည့်သည်။

နှစ်ဖက်လှ ယပ်တောင်ပုံလေး ပြန့်ကားကားလေးနှင့် ကြည့်ကောင်းသည်။

'ဒါလေးတွေက ဘာလုပ်ဖို့လဲ'

'အောက်ခြေမှာ ဖြည့်ဖို့၊ အစိမ်းရောင် အရွက်ကလေး တွေဖြည့်မှ ပိုလှ သွားမှာ၊ သိလား၊ ကဲ ပြည့်စုံသွားပြီ'

သူမက ပြောလည်းပြော၊ အရွက်ကလေးတွေကို ဖြည့် လည်းဖြည့်။

'ငွေစင်က ဘယ်ဆိုးလို့လဲ'

'ရှင်က ဘယ်လောက်တောင် အထင်သေးထားလို့လဲ ဆို ပါဦး'

'ဒါတွေ တတ်မယ် မထင်ဘူး'

'ဟုတ်လား၊ အထင်ကြီးအောင် ပြောရဦးမယ်၊ ထမင်း ဟင်းလဲ ချက်တတ်တယ်၊ အကျီအဝတ်အစားလဲ ချုပ်တတ် တယ်၊ ဆံပင်ပြင်တာတို့ မိတ်ကပ်ပြင်တာတို့လဲ ရတာပဲ'

'အားပါး . . . တယ်တော်ပါလား'



မင်းဖုန်းက လက်ခါပြသည်။

'ရှင် မယုံတာလား'

'တော်လွန်းလို့ လက်ဖျားခါတာ'

'အဲဒါ အန်တီမာပေါ့၊ ကျောင်းတစ်ခါပိတ်ရင် တစ်ခုသင် ခိုင်းတာလေ၊ အလကားနေရင် မကြိုက်တတ်ဘူး၊ ပိုက်ဆံတွေ ပိုနေတော့ ဖြုန်းခိုင်းတာ'

သူမကက ရွဲ့ပြောသည်။ အန်တီမာ့ကိုဆို အကောင်းမှ မမြင်တာ။

'ငွေစင်ကို ဘာမဆို တတ်ထားစေချင်လို့ပေါ့'

'ဟုတ်ပ'

မင်းဖုန်းက စားပွဲပေါ် လက်ထောက်ပြီး သူမကို ငေး ကြည့်နေသည်။

သူမ သဏ္ဍာန်လေးက လန်းဆန်းသင်းပျံ့လွန်းနေသည်။ မွှေးရနံ့လေးတစ်မျိုးကို ရှူရှိုက်ရသည်။

'စက်ချုပ်သင်ထားတော့ သူဝယ်လာတဲ့ပိတ်စ သီသီနဲ့ ပေးခိုင်းလိုက်ရုံပဲ၊ ငွေစင်က ချုပ်ပေးရတာ၊ ဘယ်လောက် ကောင်းလဲ'

'အန်တီမာ့ကိုယ်တိုင်း မယူဘူးလား'

'အကျီအတိုင်း ပေးအပ်တာရှင့်'

'ဪ'

www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာဆောင်တို့ အလှူတို့ရှိရင်တော့ ဆံပင် ထုံးခိုင်းတယ်၊ မျက်နှာ လိမ်းပေးရတယ်၊ သီသီတို့ဆိုလဲ ငွေစင်ပဲ ဆံပင် ညှပ်ပေးရတာ'

'ကဲဘယ်လောက်ခိုင်းတတ်သလဲ'

မင်းဖုန်းက သူမ မျက်နှာလေးကို သူမ နှုတ်ခမ်းလေးကို မျက်တောင်မခတ်စတမ်းပဲ ကြည့်နေမိပါသည်။

'ပန်းတွေဆိုလဲ ဝယ်လာရင် သီသီနဲ့ ငွေစင့်ဆီ ပို့လိုက်ရော၊ ငွေစင်ကပဲ လှလှပပ ထိုးပေးရတာ၊ ဘုရားပန်းအိုးကအစ'

'ကောင်းတာပေါ့'

'ဘာလဲ ရှင်က ခိုင်းချင်ပြီလား'

'ဒါပေါ့၊ တတ်သည့်ပညာ မနေသာတဲ့'

'အမယ်လေး. . . လုံးဝကို မလုပ်ပေးဘူး သိလား'

'ဒါကတော့ စေတနာပေါ့၊ မျက်စိရှေ့မှာ တလွဲကြီး လုပ်နေရင် ကြည့်နေနိုင်သလား။ ပြော အဆင်တပြေ ဖြစ်အောင် လုပ်ပေးမိမှာပဲ'

ငွေစင်က ပန်းအိုးလေးကို ဖြည်းဖြည်းမယူပြီး ဧည့်ခန်းဆီ လျှောက်သွားတော့ သူလည်း လိုက်သွားမိပါသည်။

'ရှင် ဒီမနက် မျက်နှာသစ်ဦးမှာလား'

'ကိုယ့်ကို ငွေစင်က မနှုတ်ဆက်တာ'

'ရှင်မှ မျက်နှာ မသစ်သေးဘဲ'



'ခုနှုတ်ဆက်ကွာ'

ငွေစင် သူ့ဘေးက ဖြတ်သွားတော့ မင်းဖုန်းက လက်ကောက်ဝတ်လေး ဖမ်းဆွဲထား၏။

'ရှင် ဒီရက်ထဲမှာ ငွေစင်ကို ဘာလို့ လိုက်လိုက်ဆွဲနေရတာလဲ၊ ရန်ဖြစ်ရမှာနော်၊ ငွေစင် မကြိုက်ပါဘူး'

'လင်မယားချင်းပဲကွာ၊ လက်ကလေးတောင် မကိုင်ရဘူးလား'

'ဘာလင်မယားလဲ ရှင်နော်'

ငွေစင်က မျက်စောင်လေးရွယ်ပြီး သူ့လက်ကို ဆွဲဖယ်လိုက်တော့သည်။

'ငွေစင် နှုတ်ဆက်ကွာ'

'မင်္ဂလာမရှိသော နံနက်ခင်း ပါ ဦးညစ်ပတ်ရဲ့'

'ဟာ'

ငွေစင်က လက်ကလေး ဆောင့်ရုန်းပြီး အပေါ်ထပ်တက်သွားတော့သည်။

မင်းဖုန်းရင်ထဲမှာ တဖုတ်ဖုတ်နှင့် သူမကို အသည်းယားရသည်။

ကိုယ့်စိတ်တွေ ထိန်းချုပ်ထားရတာ သိပ်ပင်ပန်းလှပြီ ငွေစင် ရာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်နှင့်သူ လောင်းကြေးတစ်ခုနှင့် စခဲ့သော ကိစ္စ… စနေနေ့ နေ့လယ်ခင်းမှာ မထင်မှတ်ဘဲ သူမ အကောင်အထည် ဖော်ခဲ့သည်။

အန်တီမာ သူမကို ချစ်မချစ် သူမက စမ်းသပ်ခဲ့တာ… သူမ စမ်းသပ်မှုကို သူပင် မရိပ်စားမိခဲ့ပါ။ အမှတ်တမဲ့ ကြော… ငေးနေခဲ့ဖြစ်သည်။

သူမက အင်မတန် ပိရိလွန်းသူ။ မူယာ ကြွယ်လွန်း… ပါပဲ။

သူမ ဟန်လုပ်လိုက်တာ တကယ်ထင်ရပါသည်။

သူ ငွေစင့်ကို တကယ်ချီးကျူးလိုက်မိပါသည်။



အန်တီမာက သူတို့စားဖို့ ဟမ်ဘာဂါကို ကိုယ်တိုင် လုပ်သည်။

ငွေစင်နှင့် သူက စားပွဲမှာထိုင်ပြီး ဟိုအကြောင်း သည် အကြောင်းပြောနှင့် အာလူး ဖုတ်နေကြတာ။

ပြောနေသော စကားအပေါ် သိပ် စိတ်ပါလှတာလည်း မဟုတ်ပါ။

သီသီက သခွားသီးလေးတွေ ပါးပါးလှီး ကြက်သွန်နီလေး တွေ ပါးပါးလှီးနှင့် အန်တီမာ့ကို ကူညီပါသည်။

ကြီးနုက ဟမ်ဘာဂါထဲထည့်ဖို့ အရိုးမပါသော ငါးကို အပြားလိုက် ကြော်ပါသည်။

'ဒါက ဘာလဲ'

'အဲဒါ အချဉ်ရည်ပေါ့'

'ငရုတ်သီးလဲ မဟုတ်ဘူး'

'ခရမ်းချဉ်သီး ဆော့ပ်လေ၊ မတွေ့ဘူးလား'

'ဘာလုပ်ဖို့'

'ဟင်. . . မသိချင်ယောင် ဆောင်နေပြန်ပြီ၊ ဘာဂါထဲ ထည့်ဖို့'

'ဒါကရော'

'အဲဒါမရှော့နိစ်လေ၊ ကြက်ဥအကာရည်'

'အဲဒါကရော'

www.burmeseclassic.com

www.burmeseclassic.com



'ထည့်မှာ'

'ဟို မုန့်လာဥနီကရော ထည့်မှာပဲလား'

'ဟုတ်တယ် . . . ဒီမှာရှိတာ အားလုံးထည့်မှာ'

'ငွေစင် ကူလေ'

'မကူပါဘူး၊ သုံးယောက် ရှိနေတာပဲ၊ ဘာမှ လုပ်စရာလဲ မရှိဘူး'

'ကြီးနုရေ . . .'

'ရှင် . . . ပြော . . . မာမာရေ၊ ဘာများလဲ'

'ငါးက အရိုး ထွင်ထားတယ်နော် အရိုးပါမှာစိုးလို့'

အန်တီမှာ့ စကားကြောင့် သူမက ကိုယ်လေး မတ်သွားသည်။

အဲသည်အချိန်တုန်းကတော့ သူမ အကြံကောင်း ရသွားတာ သူ မသိသေး။

သူမ အဲသည် အခိုက်အတန့်လေးမှာ လှစ်ခနဲ ပြုံးလိုက်တာ သူ ပြန်တွေးတော့ ပေါ်လာ၏။

'သေချာ အရိုးထုတ်ထားတာပါ၊ လုံးဝ အရိုး မပါဘူး'

'ပြီးရော . . . ပြီးရော၊ အရိုးစူးမှာစိုးလို့'

ငွေစင်က အန်တီမာ ချလာပေးသော ဟမ်ဘာဂါကို လက်နှင့် ကောက်ယူပြီး ပါးစပ်ကို အစွမ်းကုန် ဟကာ ကိုက်စားလိုက်သည်။



'ကောင်းသားပဲ၊ လက်ရာ မဆိုးဘူးနော် ငွေစင်'

မင်းဖုန်းက လှမ်းပြောတော့ အန်တီမာက . . .

'သားရေ . . . ဒါဆိုလဲ ဘာဂါဆိုင် ဖွင့်ရအောင်' ဟု နောက်လေ၏။

သီသီကလည်း အန်တီမာ့ ဟမ်ဘာဂါဆို တအား ကြိုက်သည်။ အဲသည်လိုမျိုး မုန့်စားလေ့စားထမရှိသော ကြီးနုပင် နည်းနည်းပါးပါး စားတတ်၏။

အန်တီမာ ကိုယ်တိုင်လည်း ငွေစင်တို့နှင့် လာပြီး အတူ ဝင်စားပါသည်။

ငွေစင်နှင့် အန်တီမာက မျက်နှာချင်းဆိုင်မိလည်းခပ်စိမ်းစိမ်းပါပဲ။ နွေးနွေးထွေးထွေး တစ်စက်မှမရှိကြပါ။

'အား . . .'

လက်ထဲကိုင်ထားသော ဟမ်ဘာဂါကို ပန်းကန်ထဲ ပစ်ထည့်ပြီး စူးစူးနစ်နစ် အော်လိုက်တော့ မင်းဖုန်းရောအန်တီမာ ပါထိတ်ခနဲ ဖြစ်ရသည်။

ကြီးနုနှင့် သီသီကလည်း မျက်လုံး အပြူးသားနှင့် လှမ်းကြည့်၏။

'ဘာဖြစ်တာလဲ'

အန်တီမာက ဦးဆုံးမေးသည်။

ငွေစင်က လက်ကလေးနှင့် လည်ပင်းကို ဆုပ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး ပြူးထွက်လာ၏။

'ငွေစင်. . .'

အန်တီမာက အော်ခေါ်ပြီး မတ်တပ်ရပ်လိုက်၏။ မင်းဖုန်းလည်း ကြောင်အမ်းနေသည်။

'အရိုး. . . အရိုး. . . စူး'

ငွေစင့် အသံက မပီမသ ဗလုံးဗထွေးနိုင်လှသည်။

'ဟင်. . . အရိုးစူးနေပြီ ဟုတ်လား၊ ဒုက္ခပါပဲ၊ ကြီးနုရယ် သေချာလုပ်ပါ ပြောထားသားနဲ့ ဖြစ်ရတယ်'

အန်တီမာက ငွေစင့် ဘေး ချက်ချင်း ရောက်သွားပြီး မျက်စိ မျက်နှာပျက်နှင့်. . .

'အား. . . စူးနေပြီ၊ မရဘူး၊ လုပ်ပါဦး'

'သမီး. . . သမီးလေး၊ ဟဲ့. . . လုပ်ကြပါဦး၊ မောင်မင်းဖုန်း လုပ်ပါဦး၊ သီဆီ၊ ကြီးနု ဘယ့်နှယ့် လုပ်ကြမလဲ၊ ဆေးခန်းသွားမှ၊ ခဏ တောင့်ခံနော် ခဏလေး၊ အရမ်း နာနေလား ဟုတ်လား'

ငွေစင်က မျက်နှာလေးပျက်ကာ ကိုယ်လေးပါ ယိုင်ကျလာ၏။

'သမီးလေး. . . ဘုရားရေ၊ ကယ်ပါဦး၊ သမီး ငွေစင်. . . ငွေစင်'

ယိုင်ကျလာသော ငွေစင့် ကိုယ်လေးကို ပွေ့ရင်း ပါးစပ်က



အတွတ်တွတ် ခေါ်ရင်း အန်တီမာ့ အသံက တိမ်ဝင်သွား၏။

'သမီး. . . သမီးရေ'

အန်တီမာ့ကို မင်းဖုန်းက ထိန်းပေးရသည်။ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်နှင့် ကတုန်ကယင်နှင့်ငွေစင်က မျက်လုံးလေးဖွင့်ကြည့်ပြီး မဟာန်မှန်း သိတော့ တံတွေးတစ်ချက်မျိုချကာ. . .

'ရပြီ. . . ရပြီ မစူးတော့ဘူး၊ ကျသွားပြီ'

ဟုဆိုရင်း ကမန်းကတန်း ပြန်ထ၏။ အန်တီမာက ငွေစင့်ကို စိတ်မချသလို ကြည့်ကာ. . .

'ရပြီလား၊ ဟုတ်ရဲ့လား'

ဟု မေးသည်။

'ဟုတ်ပါတယ်၊ ဘာမှမဖြစ်တော့ဘူး'

ငွေစင် စကားဆုံးတော့ အန်တီမာ့ ကိုယ်က မင်းဖုန်းဆီက်ကို ခွေကျလာ၏။

'ဟင်. . .'

ငွေစင်က မျက်လုံးလေးတွေ ပြူးနေသည်။ သည်တစ်ခါ အကယ်ပြူးတာ၊ မယုံနိုင်လွန်းလို့၊ အံ့ဩလွန်းလို့၊ မထင်လွန်းလို့။

'ဟာ. . . အန်တီမာ သတိလစ်သွားပြီဟေ့ ငွေစင်'

မင်းဖုန်းက အန်တီမာ့ကို အနိုင်နိုင် ပွေ့ထားရင်း ကြမ်းပေါ် တဖြည်းဖြည်း ချ၏။

www.burmeseclassic.com

www.burmeseclassic.com



'အန်တီမာ. . . အန်တီမာ'

ငွေစင်က ခါးလေးကိုင်းပြီး ကျုံးအော်နေ၏။

'ငွေစင် ဖုန်းသွားဆက်လေ၊ ဆရာဝန်ခေါ်မှဖြစ်မယ် ထင်တယ်၊ ခေါ်လို့မရဘူး၊ သွား. . . သွား၊ မြန်မြန်သွား'

ငွေစင်က ဖုန်းရှိရာ ပြေးသည်။ မင်းဖုန်းက အန်တီမာ့ ခေါင်းလေးကို ပွေ့ထား၏။ သီသီရော ကြီးနုပါ ခြေမကိုင်မိ လက်မကိုင်မိ။

'အင်း. . .'

ခဏအကြာမှာ အန်တီမာက အင်းခနဲ ညည်းရင်း သတိရလာ၏။ ငွေစင်က ဖုန်းဆက်ပြီး ပြန်ပြေးလာသည်။

ငွေစင်က အနားအရောက် အန်တီမာက မျက်လုံး ဖွင့်အလာ အချိန်ကိုက်သလိုပါပဲ။ ငွေစင်က မင်းဖုန်း ဘေးမှာကျုံ့ကျုံ့ကလေး ထိုင်ချ၏။

'အန်တီမာ သတိရပြီလား'

မင်းဖုန်းက စိုးရိမ်တကြီး မေး၏။

'အင်း. . . ခေါင်းထဲ မကြည်ဘူး၊ မူးသလိုပဲ၊ ငွေစင့်ကို ရေတစ်ခွက် တိုက်ပါဦး၊ အရိုးစူးထားတာ'

အန်တီမာ စကားကြောင့် ငွေစင်က မျက်လွှာချသည်။

အန်တီမာ တဖြည်းဖြည်းချင်း ထ၏။ မင်းဖုန်းရော ငွေစင်ပါ လိုက်ရပ်မိသည်။



'အိပ်ရာထဲ သွားလှဲလိုက်ပါလား အန်တီမာ'

'အင်း. . . ကောင်းသားပဲ'

'မမနီလာကို ဖုန်းဆက်ထားပါတယ်'

ငွေစင်က မပွင့်တပွင့်လေး ဝင်ပြော၏။

နှစ်ယောက်သား အန်တီမာ့ကို အိပ်ရာဆီတွဲပို့ကြပါသည်။ အန်တီမာ့ ခုတင်ဘေးစားပွဲပေါ်မှာထောင်ထားသော ဓာတ်ပုံလေးကို နှစ်ယောက်သား ပြိုင်တူလိုလို အကြည့် ရောက်၏။

အားပါးတရ ရယ်မောနေသော ငွေစင့် ပုံစံလေး၊ အင်္ကျီဖွာ ဘောင်းဘီ ပွပွကလေးနှင့် လွတ်လပ်သော၊ ချစ်စရာကောင်းသော ဟန်ပန်လေး။

'မနီလာလေးကို ထွက်စောင့်ပါဦး၊ သားက သမီးကို ရေတိုက်ပါ့ကွယ်'

'ဟုတ်ကဲ့. . .'

မင်းဖုန်းက ရှေ့မှ ခပ်သွက်သွက် ထွက်သွားတော့ ငွေစင်က နှေးတုံ့တုံ့ ခပ်ငိုင်ငိုင် လိုက်လာသည်။

အခန်း အပြင်ရောက်ပြီး ပြန်လှည့်ကြည့်တော့ သူမက အတော်လှမ်းလှမ်းမှာ ကျန်ရစ်တာမို့ သူ လှည့်ပြန်လျှောက်လာသည်။

'ငွေစင်. . .'

သူနှင့် ငွေစင် တစ်ကိုက်လောက်ကွာပြီး မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ခြေစုံရပ်မိပါသည်။

ငွေစင်က မျက်လုံးရွဲရွဲကြီးများနှင့် မျက်လွှာလှန်ကြည့်၏။ သူ့မျက်ရည်တွေ ရစ်ဝဲနေပါလား။

နှုတ်ခမ်းလေးကို ဖိကိုက်ပြီး အသံတိတ်မျက်ရည်ကျ၏။

'ကဲပါကွာ. . . လာ ရေသောက်ရအောင်၊ မငိုပါနဲ့ တိတ်ပါ၊ ဒါ ဝမ်းနည်းစရာမှ မဟုတ်ဘဲ၊ ဝမ်းသာစရာပါ'

သူမကျောပြင်လေးကို ဖက်ထွေးရင်း သူ အားပေးနှစ်သိမ့်သည်။

သူမက သူခေါ်ရာမလိုက်နိုင်ဘဲ သူ့ကိုမှီချပြီး ရှိုက်ငို၏။

'တိတ်ပါကွာ၊ ငွေစင်ကလဲ'

တဆတ်ဆတ် တုန်နေသော ကိုယ်လေးနှင့် မျက်ရည်တွေ ရွှဲနစ်နေသော မျက်နှာလေးက ဝမ်းနည်းမှုကိုပြသည်။

'တိတ်. . . တိတ် မျက်ရည်တွေ ရွှဲနေပြီကွာ၊ ဟိတ်ပါတော့'

မင်းဖုန်းက ပါးဖောင်းဖောင်းလေးပေါ်မှ မျက်ရည်တွေကို သုတ်ပေးသည်။

'လာပါကွာ. . . တော်ကြာ မနီလာ ရောက်လာရင် ညှော်ဝတ်မကျေသလိုဖြစ်နေဦးမယ်၊ မျက်လုံးတွေ ရဲနေတော့မှာ ခေါင်းကိုက်လာရင် ပိုဆိုးမှာ'

သူက တတွတ်တွတ် ချော့မော့နေဖြစ်သည်။



'ငွေစင် အိမ်ပြန်မယ်၊ မမနီလာကို ရှင်ပဲ စောင့်နေလိုက်တော့'

'အိုကေ. . . ရတယ်လေ၊ ကိုယ် လိုက်ပို့မယ်'

ငွေစင်က အိမ်ကလေးဘက် ပြန်ကူးလာသည်။ သူ့ ရင်ခွင်ထဲမှာ သူ့ခေါ်ဆောင်မှုမှာ သည်တစ်ခါပဲ ကလန်ကဆန်မလုပ်ဘဲ ငြိမ်ငြိမ်သက်သက်ပါလား။

'ငွေစင် အပေါ်တက်မလား'

'အင်း'

သူက လှေကားထိပ်အထိ လိုက်ပို့သည်။ သူမက ခုတင်ဆီပြေးသွားပြီး ခေါင်းအုံးနှင့် မျက်နှာအပ်ကာ ငိုရှိုက်တော့ သူရပ်ကြည့်နေမိပါသည်။

တုန်ယင်နေသော သူမ ကိုယ်လေးကို ငေးကြည့်ရင်း သူစိတ်မကောင်းနိုင်ပါ။ သူမ နောင်တရသွားသလား၊ ယူကျုံးမရဖြစ်သွားသလား၊ ဖြည်မဆည်နိုင်အောင် ကြေကွဲသွားသလား။

အနှိုက်တီမှာ မေတ္တာဆူးတွေ မစူးစေချင်လို့ပါ ငွေစင်ကြယ်လေးရယ်၊ မင်းကို အမှန်တိုင်း နားလည်စေချင်တယ်။

မင်း အခု သိပြီမဟုတ်လား၊ သဘောပေါက်ပြီ မဟုတ်လား။

မင်းရှေ့မှာ တမင်မြှုပ်ထားခဲ့တဲ့ မေတ္တာတွေကို မင်း ကိုယ်တိုင် ဖော်ကြည့်ခွင့် ရခဲ့ပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မင်းကို အန်တီမာ ချစ်ပါတယ် ငွေစင်ရယ်၊ မင်းယုံပါ။

ကိုယ်လည်း မင်းကို ချစ်တာပဲ။

သူ့ခြေလှမ်းတွေက လှေကား ပြန်ဆင်းဖို့ စ,မရအောင် ဖြစ်နေသည်။

နေရာမရွေ့ဘဲ ခြေစုံရပ်နေမိသည်။

သူ အံတစ်ချက်ကြိတ်ရင်း ဆုံးဖြတ်လိုက်၏။

သူမရှိရာ တန်းတန်းမတ်မတ်လျှောက်သွားလိုက်သည်။

အားငယ်နေတုန်းမှာ မထားရက်ခဲ့နိုင်ဘူး ငွေစင်ရယ်။

မင်းကို ကိုယ် အားပေးပါရစေ၊ ကြင်နာပါရစေ။

'ငွေစင်'

ပခုံးနှစ်ဖက်ဆုပ်ကိုင်လိုက်တော့ သူမက တုံ့ခနဲလန့်သွား၏။ ပြီးတော့ မျက်ခုံးလေးနှစ်ခုစုပြီး စူးစူးကလေးကြည့်သည်။

'လက်ငင်းစနစ်နော်'

ကိုယ့်စကားကို သူမနားလည်မှာပါ။ သူမနှင့်ကိုယ် အဖေ အယူ ရှိခဲ့တာပဲ။

သူမက အသက်ရှူမှန်မှန်နှင့် သူ့ကို မမှိတ်မသုန် ကြည့်နေ၏။

သူ့နဖူးလေးကို သူ ဖွဖွငုံ့နမ်းသည်။

'ဟင့်အင်း'

သူမ ငြင်းဆန်လိုက်တာကို သူ ကြားသည်။

သို့ပေမယ့် သူမကို သူတင်းကျပ်စွာ ဖက်ထားမိပါသည်။



အေးစက်နေသော သူမကိုယ်လေးကို သူ လွှတ်မပေးနိုင်တော့ပါ။

ငွေစင်ရယ်။

အားမငယ်ပါနဲ့။

ဝမ်းနည်းမနေပါနဲ့။

'ကိုယ်ဟာ မင်းအတွက် အနားမှာအမြဲအားပေးနေမယ့် ချစ်သူပါကွာ'

'ဟင့်အင်း . . . ငွေစင့်ကို လွှတ်ပါ'

တိုးတိတ်သော ဖျော့တော့ အသံလေးက သူမ ပိုင်ဆိုင်သော အပေါ်ထပ်ကလေးမှာ သဲ့သဲ့ကလေး ပျံ့လွင့်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကို ငွေစင် အရမ်းမုန်းတယ်၊ သိလား'

'ရှင် ဒါ သက်သက်ယုတ်မာတာ'

'ငွေစင် ခွင့်မလွှတ်ဘူး'

'တစ်သက်လုံး ခွင့်မလွှတ်ဘူး'

'ရှင် လူယုတ်မာ၊ အကြံပက်စက်တယ်'

'ငွေစင့်ကို အနိုင်ကျင့်တာ၊ ငွေစင် မုန်းတယ်၊ အရမ်းမုန်းတယ်၊ ရိုက်သတ်ချင်လောက်အောင် မုန်းတယ်'

'ရှင့်ကို မမြင်ချင်ဘူး၊ ကြည့်လဲ မကြည့်ချင်ဘူး၊ ရှင့်ကို မိတ်ဆွေလို့လဲ မသတ်မှတ်တော့ဘူး'

'ရှင်ဟာ အထင်သေးစရာကောင်းတဲ့ လူ'



'အခွင့်အရေးယူတတ်တဲ့ ယောက်ျား'

'ရှင် သိပ်မိုက်ရိုင်းတယ်'

'သွား. . . သွား. . . ခုထွက်သွား'

ငွေစင် အော်ဟစ် မောင်းထုတ်ခဲ့တာတွေ၊ နာနာကြည်းကြည်း ဆိုခဲ့တာတွေ သူ ပြန်ကြားယောင်သည်။

ငွေစင် စိတ်ဆိုးသွားတာ သူ နားလည်လိုက်၏။

သူ့ကိုယ်သူ ဒေါသဖြစ်မိသည်။ ခွင့်မလွှတ်နိုင်၊ သူ အရမ်း မှားသွားခဲ့ပြီ။

သူမ ပြောသမျှငုံ့ခံရင်း ပြောစရာ စကားတွေ ပျောက်ဆုံးနေခဲ့၏။

အဲသည်နေ့က မနီလာ ရောက်လာတော့ သူမ ထွက်မတွေ့ခဲ့ပေ။ တစ်နေ့လုံး တစ်ညလုံး အခန်းအောင်းနေခဲ့ပြီး နောက်နေ့တွေမှာတော့ သူ့ကို ခါးခါးသီးသီး ဆက်ဆံခဲ့ပါသည်။ အတတ်နိုင်ဆုံး မတွေ့အောင် ရှောင်နေခဲ့သည်။

သူ အကြိမ်ကြိမ် တောင်းပန်ပေမယ့် သူမက အသိအမှတ် မပြုခဲ့ပေ။

အရမ်းမုန်းတီး မျက်ရှုနေပုံနှင့် စားတော့ ဝါးတော့မလို ရူးရူးရဲရဲ ကြည့်တတ်ပါသည်။ သူမ အသံက အင်မတန် မာကျော အေးစက်လွန်း၏။

စကားလုံး ရိုင်းရိုင်းတွေလည်း ရွေးသုံးတတ်ပါသည်။ သူ

www.burmeseclassic.com



အထိနာအောင် အရှက်ရအောင် တမင် ပြောမှန်းနားလည်ပါ သည်။

'သမီးရေ . . . ငွေစင်'

အန်တီမာက အိမ်အဝရောက်လာပြီး လှမ်းခေါ်တော့ ငွေစင်က အပေါ်ထပ်မှာ မင်းဖုန်းက အောက်ထပ်မှာ။

ငွေစင်က ခေါ်သံကြားတော့ လှေကားပေါ်မှဆင်းလာ၏။ မင်းဖုန်းကို ဧည့်ခန်းမှာ တွေ့တော့ သူမက မျက်နှာလွှဲပစ်သည်။

'သမီး ဖေဖေ့ဆီက ဖုန်း၊ အဲဒါ ပြောလိုက်ပါဦး'

'ဟင် . . . ဟုတ်လား'

ငွေစင်က ဖုန်းဘေးနား အပြေးရောက်သွားသည်။ အန်တီမာက မင်းဖုန်းနှင့် မျက်နှာချင်းဆိုင် လာထိုင်သည်။

ဖြူလွှသော ဂါဝန်ရှည်လေးနှင့် ငွေစင့် ပုံစံလေးက တစ်မျိုး သန့်စင်နေသည်။ အပြစ်ကင်းနေပါသည်။

သူမ ခုတလော အန်တီမာနှင့်လည်း စကား မပြောပါ။ တစ်အိမ်လုံးမှာ ဘယ်သူနဲ့မှ စကားမပြောဘဲ ခပ်ကင်းကင်းခပ်ခွာခွာ ငြိမ်သက်နေသည်။

အပေါ်ထပ်တံခါးကို ပိတ်ပြီး တစ်ယောက်တည်း နေတတ်သည်။ ဒါမှမဟုတ် နှင်းဆီတို့ ခရမ်းတို့ဆီ သွားနေတတ်၏။

သူကတော့ မျက်နှာချင်းဆိုင်မိလျှင် ဆိုင်မိသလို၊ တွေ့ရင်



တွေ့သလို ကြုံတိုင်း တောင်းပန်တာပါပဲ၊ ကုမ္ပဏီမှာ အချိန်ရလျှင် အားလျှင် သူမဆီ ဖုန်းဆက်ပြီး စကားပြောသည်။တောင်းပန်သည်။

အောက်ကျ နောက်ကျ နိုင်လိုက်တာလို့ သူ မတွေးမိပါ။ သူမနှင့် သူ့ အကြားမှာ မာနရှိစရာမှ မလိုဘဲလေ။

ငွေစင်က သူ့မှန်း သိလျှင် ကြာကြာ နားမထောင်ဘဲ ဖုန်းချသွားတတ်၏။

သူ့ကို ဘာကိစ္စမှ ခွင့်မတောင်း အသိမပေး။ မဆိုင်သလို ပါဘဲ။

သူမ သူ့အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံလာမယ့် နေ့ကို သူ မျှော်လင့်နေမိသည်။

'ဟုတ်ကဲ့ပါ . . . ဖေဖေ၊ အင်းပါ'

သူမအသံလေးက ခရာတာတာ၊ ချွဲနွဲ့နွဲ့တကတိကလေး ပေါက်စနလေးပါပဲ။

'ဖေဖေ ငွေစင် မေးစရာရှိလို့ပါ။ ဖေဖေ့ဆီတောင် ဆက်မလို့'

'ဘာများလဲ သမီးရဲ့'

'ငွေစင့် စိတ်ထဲမှာ မရှင်းတာရှိလို့ပါ'

'မေးလေ . . . ဖေဖေ ရှင်းပြမှာပေါ့'

'အန်တီမာက သမီး အဒေါ်လား၊ အဲဒါ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက စကားသံ တိတ်သွား၏။

'ဖြေပါ ဖေဖေ၊ သမီး အမှန်အတိုင်းပဲ သိချင်တယ်'

'သမီးက ဘယ်လို ထင်လို့လဲ'

မင်းဖုန်းရော အန်တီမာပါ ငွေစင့် စကားတွေကို စိတ်ဝင်စားမှု ပိုကဲသွားရသည်။ အန်တီမာက မတ်မတ် ပြန်ထိုင်သည်။

'ဘယ်လို ထင်လို့လဲ ဟုတ်လား ဖေဖေ'

သူမက ပြန်မေးလိုက်၏။

'တစ်သက်လုံးကတော့ အဒေါ်လို့ပဲ ထင်ခဲ့တာပါပဲ ငွေစင့်ကို ချုပ်ခြယ်တဲ့ သဘောထားဆိုးတဲ့ အဒေါ်ပေါ့'

'အင်း. . .'

'ဒါပေမယ့် တစ်ချိန်လုံး မသိခဲ့ပေမယ့် ဟိုတစ်နေ့က တစ်ချိန်ကလေးမှာတော့ ငွေစင် သေချာသိလိုက်တယ်၊ ထင်လိုက်တယ်၊ ငွေစင် ခံစားလိုက်ရတယ် ဖေဖေ၊ အန်တီမာဟာ ငွေစင့် မေမေပဲလို့'

'ဩော်. . . မာက သမီးကို ဖွင့်ပြောလိုက်ပြီလား'

အန်တီမာကငွေစင့်ကို ခပ်ငေးငေးကြီး စူးစိုက် ကြည့်နေ၏။

'မပြောပါဘူး၊ ခုထိလဲ မပြောသေးဘူး၊ ငွေစင့်ဟာ ငွေစင် သိတာပါ၊ အဒေါ်တစ်ယောက်မေတ္တာထက် အများကြီးပို



နေတယ်၊ ဖေဖေတို့ ဖုံးကွယ်ထားလဲ ငွေစင် သိပါတယ်၊ ဟင့် . . . ဟင့် . . . ဟင့် . . .'

သူမက ဖုန်းပြောရင်းတန်းလန်း ငိုရှိုက်သည်။

'တိတ်ပါ သမီးရယ်၊ ဖေဖေ စိတ်မကောင်းဘူးကွာ'

'ပြောပါ၊ ငွေစင် အဲဒီအကြောင်းတွေ သိချင်တယ်'

ကလေးတစ်ဦးလို ပူဆာ၏။

'သမီး မေမေ မေးကြည့်ပါကွယ်၊ နော်. . . သမီး'

ဖေဖေက ချော့မော့သည်။

'ဖေဖေကလဲ ပြန်လာခဲ့ပါဦး'

'အေးပါကွာ၊ လာပါ့မယ်၊ မာ ရှိလား၊ စကားပြောဦးမယ်၊ ဖေဖေ တိုက်တွန်းပေးပါ့မယ်၊ ကလေးကို အမှန်အတိုင်းပြောလို့'

'ဟုတ်ကဲ့. . .'

ငွေစင်က ဖုန်းခွက်ကိုင်ပြီး အန်တီမာ့ဆီ လှမ်းကြည့်၏။

'ဖေဖေက မေမေနဲ့ ပြောမယ်တဲ့'

ငွေစင့် အသံလေးက တုံ့ဆိုင်းဆိုင်းလေး၊ မပွင့်တပွင့်လေး မေမေလို့ ခေါ်ဖို့ နှုတ်မရဲသေးသလိုမျိုးလေ။

အန်တီမာက ငွေစင့်ဘေးရောက်သွားပြီး ဖုန်းခွက်ကို ပြောင်းယူသည်။ ငွေစင် ချာခနဲလှည့်ပြီး အပေါ်ထပ် ပြန်တက်သွားတော့၏။

မင်းဖုန်းရင်ထဲမှာ တစ်မျိုးကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အန်တီမာနှင့်ငွေစင် သည်းသည်းလှုပ်လှုပ်ချစ်ကြတော့မှာ သိသည်။ အဆင်ပြေသွားတော့မှာ ဝမ်းသာပါသည်။ သို့သော် သူ့အတွက်သူ ဝမ်းနည်း၏။

'ရှင့်ကို မမုန်းပါဘူး၊ အန်တီမာ ပေးစားတဲ့ယောကျ်ားမို့လို့ အသိအမှတ် မပြုတာ သိလား၊ အန်တီမာ့ကို ဆန့်ကျင်ချင်တာ တစ်ခုတည်း'

သူမ ပြောခဲ့ဖူးသော စကားလေးတွေ။

တကယ်ဆို အန်တီမာနှင့် သူမ နားလည်မှု ရသွားပြီမို့ သူမ ဘဝလေးကို လွယ်လွယ်ကူကူပဲ ကိုယ့်ဆီပုံအပ်လာမှာ၊ သူမ မျက်နှာပေါ်မှာ သူမ မျက်ဝန်းထဲမှာ လိုလားရိပ်ကြည်ဖြူရိပ်၊ မွေ့ပျော်ရိပ်တွေ မြင်နေရပြီပဲ။

ဒါတွေကို ဆန္ဒစောပြီး သူ ဖျက်ဆီးပစ်ခဲ့မိပါသည်။

ခုတော့ မတရား အနိုင်ကျင့်သူအဖြစ် သူမ စိတ်နာသွားခဲ့ပြီး အေးစက်သော မျက်ဝန်းတစ်စုံမှာ စိမ်းသက်မှု မျက်ရှုံ့တွေ၊ ခါးသီးမှုတွေပဲ မြင်ရတော့သည်။

ကိုယ် မှားပါတယ် ငွေစင်ကြယ်ကလေးရယ်။

ခွင့်လွှတ်ပါ။ ခွင့်လွှတ်လိုက်စမ်းပါ။

ဒါမှမဟုတ်လည်း အပြစ်တစ်ခုခု ပေးပါ။ သည်လိုကြီး ရှောင်ဖယ် မသွားပါနဲ့၊ မျက်နှာချင်းဆိုင်ပြီး မင်းပေးလာမယ့် အပြစ်ဒဏ်ကို ကိုယ်ခံယူပါ့မယ်။



ငွေစင့် ဖေဖေ ပြောတာတွေကို အန်တီမာက ခေါင်းတညိတ်ညိတ် နားထောင်နေပါသည်။

သူတို့ စကားတွေကို မင်းဖုန်း မကြား၊ နားထဲ မရောက်၊ ရင်ထဲမှာ ဗလောင်ဆူနေသည်။

ငွေစင့် စိမ်းကားမှုကို သူမခံစားနိုင်တော့ပါ။ ကြာလျှင် သူ တစ်ခုခုဖြစ်သွားနိုင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မနက် အစောကြီး နိုးလာတာမို့ မင်းဖုန်းက မျက်နှာသစ်
ခြေ ဆေးပြီး ခြံထဲ ဆင်းလာခဲ့၏။

အန်တီမာတို့ အိမ်ဘက် လှမ်းကြည့်တော့ ထမင်း စားခန်း
မှာ ကြီးနှုရော သီသီပါ ရှိနေတာ မြင်ရသည်မို့ ကော်ဖီသောက်
ရန် စိတ်ကူးနှင့် လျှောက်သွားလိုက်၏။

'ဟင်. . .'

ငွေစင်ကို ဘွားခနဲတွေ့ရတော့ ခြေလှမ်းတွေပင် တန့်သွား
ချင်။

သူမလည်း မနက်စောစော နိုးလာသည် ထင်၏။ မီးဖိုထဲ
ဘေးမှာ ရပ်ပြီး တစ်ခုခု လုပ်နေသည်။



ခါတ်ဘူးကိုလည်း အဆင်သင့် တွေ့ရ၏။

အန်တီမာက ထမင်းစားပွဲမှာ ထိုင်နေတာမို့ သူ့ကိုတွေ့
သွားပြီး ခေါ်လိုက်၏။

'သား. . . မောင်မင်းဖုန်း လာလေ'

'ဟုတ်. . .'

သူမက လှည့်ပင် ကြည့်ဖော်မရဘဲ လုပ်စရာရှိတာ ဆက်
လုပ်နေ၏။

'စားဖို့ သောက်ဖို့ သမီးက စီမံနေတာ၊ အန်တီမာတောင်
ထိုင်စောင့်နေရတယ်၊ ဗိုက်ဆာလို့လေ'

ခါတိုင်းဆို သူမက စူပုပ်ပုပ်ထိုင်နေပြီး အန်တီမာက ပြင်
ဆင်ကျွေးမွေးရတာ၊ ခုတော့ ပြောင်းပြန် ကြည်းနူးစရာ ပါပဲ။

'ပြီးရင် အန်တီမာတို့ ဈေးသွားမလို့'

'သား လိုက်ပို့ပါ့မယ်'

'ကောင်းတာပေါ့ကွယ်'

မင်းဖုန်းက ယူကျုံးမရဖြစ်သော မျက်လုံးတွေနှင့် သူမ
ကို ငေးမောနေ၏။

သူမက သွက်သွက်လက်လက် လုပ်ပေးပြီးတာနှင့်. . .

'မေမေ ငွေစင် အဝတ်အစား လဲဦးမယ်'

ဟုဆိုရင်း ရှောင်ထွက်သွားဖို့ ပြင်ပါသည်။

'မဟုတ်တာ၊ မုန့်စားပါဦး၊ ကော်ဖီလဲ သောက်၊ ခုမှအ

www.burmeseclassic.com

www.burmeseclassic.com



စောကြီးရှိသေးတာ၊ ဖြည်းဖြည်းပေါ့၊ ဈေးမှာ ဈေးသည်တွေတောင် ရောက်မယ် မထင်သေးဘူး’

အန်တီမာက လက်ကလေး ဖမ်းဆွဲပြီး တားလိုက်တော့ သူမ မှုန်ကုတ်ကုတ်နှင့် စားပွဲထောင့်မှာ ဝင်ထိုင်၏။

သူမက သူ့ဆီ တစ်ချက်ကလေးမှ မကြည့်ပါ။

နှုတ်ခမ်းလေးတွေက တင်းတင်းစေ့လို့။ မကျေမနပ်တာပေါ် လွင်လွန်းသည်။

ကိုယ့်ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးလား။ ဖြေပါဦး ငွေစင်ရယ်။

ရင်ထဲမှာ မချိမဆံ့ ခံစားရပါသည်။

အရင်ဦးဆုံး ထထွက်သွားတာက သူမ။

အန်တီမာက ဖွဖွပြုံးလိုက်ရင်း သူ့ကို မေးလိုက်ပါသည်။

‘စိတ်ဆိုးနေကြလား’ တဲ့။

‘ဟုတ်ကဲ့ . . . ကျွန်တော် ချော့လို့ကို မရတော့ဘူး’

သူ ဖွင့်ဟ ညည်းမိ၏။

‘ခဏပါကွယ်၊ ငွေစင်က သဘောကောင်းပါတယ်’

မင်းဖုန်းကတော့ ဘာပဲဖြစ်ဖြစ် လက်လျှော့ချင်လာပြီ။

သူမ စိတ်ဆိုး ပြေပါတော့မလား။

သူ့အပေါ် ဟိုတုန်းကလို ဖော်ဖော်ရွေရွေ ဆက်ဆံပါတော့မလား။

မျှော်လင့်မှုတွေ မှုန်ဝါးစ ပြုလာ၏။

* * *



တစ်လကျော်ကျော်ခန့် ကြာပြီးနောက် . . .

အေးစက်လွန်းသော အနေအထားကြီးကို မင်းဖုန်း ဒေါသ ဖြစ်လာသည်။ မခံနိုင်တော့။

ထို့ကြောင့် သူမနှင့် ရင်ဆိုင်ပစ်ဖို့ သူ တွေးလိုက်၏။

မနက် အစောကြီး ထပြီး သူမ နိုးအလာကို လှေကားရင်းမှာ ထိုင်စောင့်နေခဲ့ပါသည်။

စောင့် နေရတာကိုလည်း သူ စိတ်မရှည်နိုင်ပါ။

သူ လိုချင်တာက ပြေလည်မှု၊ နွေးထွေးမှု။

ရရှိလိုက်တာက မုန်းတီးမှု၊ ရွံရှာမှု။

ခုတစ်ခါ ထပ်ပြီး နာသွားမှာ စိုးလှသည်လေ။ နို့မို့ဆို သူမ

www.burmeseclassic.com

www.burmeseclassic.com



ရှိရာ အပေါ်ထပ်ကို ရောက်သွားလေတော့ပြီ။

အောက်မှ စတင် ရေတွက်လျှင် သုံးထစ်မြောက်သော လှေကားထစ်မှာ ငုတ်တုတ်ထိုင်ရင်း အသက်ရှူ မြန်နေမိပါသည်။

သူမ လှုပ်ရှားသံ သဲ့သဲ့ကို ကြားရတော့ နိုးလာသည်ဆိုတာသိသည်။

ခဏကြာတော့ သူမ ဆင်းလာ၏။

လက်ပြတ်ဂါဝန် အနီအကွက်ကလေးနှင့်။ မျက်နှာဖောင်းဖောင်းလေးကို ဘာမှ လိမ်းချယ်မထား။

ဆံပင်မည်းမည်းတွေကို ဖြန့်ချထားတော့ တချို့တဝက်က မျက်နှာလေးကို အုပ်နေပါသည်။

လှေကားမှာ ထိုင်နေသော သူ့ကို မြင်တော့ သူမက ရုတ်တရက် လန့်သွားပုံ။

သူ သူမ ဘေးနားရောက်လာတော့ ထရပ်လိုက်ပါသည်။

'ငွေစင်ကို အရေးတကြီးပြောစရာရှိလို့ စောင့်နေပါတယ်၊ ကိုယ့်ကို စကားပြောခွင့်ပေးပါ၊ ခဏလေးပါ'

အလောတကြီးခွင့်တောင်းတော့ သူမက ဆတ်ခနဲ ခေါင်းညိတ်ပြီး ဧည့်ခန်းကို လျှောက်သွား၏။

'ရှင် အဲဒီဆိုဖာမှာ ထိုင်ပါ၊ ပြောချင်တာပြောပါ၊ တစ်ခါတည်းကုန်အောင်ပြောပါ၊ ကျွန်မ နားထောင်ပါ့မယ်'



သူမ ဆိုဖာတစ်လုံးစီ ညွှန်ပြရင်း ဆို၏။

ပြီးတော့ အော်ဂင်ချထားသော အခန်းထောင့်ကို လျှောက်သွားပြီး အော်ဂင်ရှေ့ထိုင်ခုံကလေးမှာ ထိုင်ပါသည်။

ကျောပေးထားသည်ပဲ။

'မျက်နှာချင်းဆိုင်ပြီး ပြောခွင့်မရှိဘူးလား'

ငွေစင်က ခေါင်းရမ်းပြ၏။

'ရှင့်ကို မြင်ရင် ကျွန်မဒေါသဖြစ်ရတယ်၊ မျက်စိရှေ့ရှိတဲ့ ဟာတစ်ခုခု ကောက်ပေါက်မိလိမ့်မယ်၊ ရှင်နားမလည်ဘူးလား'

'ငွေစင်ရယ်'

'ကျွန်မကိုလေ ချစ်ပါတယ်၊ မြတ်နိုးပါတယ်၊ ပြန်ချစ်ပါ၊ စာနာပါ၊ တုန့်ပြန်ပါလို့ တစ်ခွန်းမတောင်းဆိုဘဲ ပစ်စလတ်ခတ် စော်ကားတာ သိပ်မုန်းတယ်၊ လူကြီးတွေ ပေးစားထားတဲ့ မိန်းမဘဲဆိုပြီး ကျွန်မကိုရှင်က စက်ရုပ်တစ်ရုပ်လို သဘောထားခဲ့တယ်၊ ရှင့်ကို အရမ်းမုန်းတယ်'

'ငွေစင်. . . ငွေစင် မသိဘူးလား၊ အဲဒါပြောဖို့လိုသလား၊ ပြောရဦးမလား၊ ကိုယ် ငွေစင်သိအောင် မျက်လုံးတွေနဲ့ အမြဲ ပြောနေတယ်၊ အဲဒီလောက်လဲ မရည်ရွယ်ဘူး၊ ကိုယ့်စိတ်မထိန်းနိုင်တာ ငွေစင်ကို ဝန်ခံသားပဲ၊ တောင်းပန်သားပဲ'

'အပိုတွေ'

'တကယ် အဲဒါတစ်တယ်၊ ငွေစင်ကို ချစ်လို့ အဲဒီလိုတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်တာ၊ မချစ်ရင် ဘာမှမဖြစ်ဘူး၊ ငွေစင့်ကို ချစ်လွန်းလို့ ငွေစင်ကို ကိုယ်ချစ်တယ်'

'တော်ပါတော့၊ ရှင်ပြောတာ ငွေစင် မယုံဘူး ပြောစရာရှိတာ မြန်မြန်ပြောပါ၊ ကျွန်မ ဒေါသမဖြစ်ချင်ဘူး၊ စိတ်မဆိုးချင်ဘူး၊ အေးအေးနေပါရစေ'

'ကိုယ်ဘာလုပ်ပေးရင် ငွေစင် ကျေနပ်မလဲ'

'ရှင် တကယ်မေးတာလား'

'ကိုယ် ယောက်ျားပါ'

'ကွာပေး'

'ဘာ. . .'

မင်းဖုန်း အသံကြီးက ဟိန်းထွက်လာ၏။

'တစ်သက်လုံး မကွာဘူး မှတ်ထား'

'ရှင် ကောက်ကျစ်တာ သိပြီးသားပါ'

'မင်း ကြိုက်သလိုထင် ရတယ်'

'ရှင် ဘာလို့ မေးသေးလဲ၊ ကျေနပ်အောင် လုပ်ပေးမယ်ဆို'

'မင်းတောင်းဆိုတာ အဓိပ္ပာယ်မရှိဘူး'

'ဒါဆိုလဲ ရှင် ဒီကဆင်းသွားပေါ့'

မင်းဖုန်း အသံတိတ်သွား၏။

ဒေါသတကြီး ငွေစင့်ဆီ လျှောက်လာပြီး ပခုံးနှစ်ဖက်ကို



ဆုပ်ကိုင်ကာ မျက်လုံးချင်းဆုံကြည့်၏။

'မင်း တကယ်နှင်တာလား၊ ပြောစမ်းပါ ငွေစင်'

'ရှင် မကြားဘူးလား'

မင်းဖုန်းက အံကြိတ်ပြီး မျက်နှာကြီးတင်းသွား၏။

'ပြီးရော. . . မင်း စိတ်တိုင်းကျဖြစ်စေရမယ်'

သူမ လှပစွာ ပြုံးလိုက်၏။

သူ့ကို စိန်ခေါ်သလိုလေး၊ ကြည့်နေလိုက်ပါသည်။

'မင်းဆီ ဘယ်တော့မှ ပြန်မလာဘူး၊ အတ္တကြီးတဲ့ မိန်းမ၊ မာနကြီးတဲ့မိန်းမ၊ မင်းကိုမင်း ဟုတ်လှပြီထင်နေ၊ စိတ်ချ မင်းကျေနပ်အောင် အားလုံးလုပ်ပေးမယ်၊ မပူပါနဲ့၊ မင်းဖုန်းမြင့် ဘယ်လိုကောင်ဆိုတာ မင်းသိစေရမယ်ကွ'

ငွေစင်က မင်းဖုန်းကို ပြုံးလဲ့လဲ့နှင့်ငေးကြည့်နေလိုက်၏။

မင်းဖုန်းက ဝုန်းခနဲ လှည့်ထွက်သွား၏။

သူ ငွေစင်ကို သည်တစ်ခါ စိတ်ဆိုးမိပါသည်။

သူမ မို့လို့ ဝေးကြဖို့ ကွဲကြဖို့ ပြောထွက်သည်။

သူ့ရင်ထဲမှာ တဆစ်ဆစ် နာကျင်သည်။

စိတ်ပြေလက်ပျောက် ရှောင်နေတာပဲ အေးပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မင်းဖုန်း ကုမ္ပဏီတိုက်ခန်းမှာပဲ နေလိုက်၏။

ညလဲ အဲ့သည်မှာပဲအိပ်ပါသည်။ တစ်ပတ်ကနှစ်ပတ် သုံးပတ်က တစ်လကျော်လာတော့ ငွေစင့်ကို လူးလိမ့်နေအောင် လွမ်းပါသည်။

နေလို့ကို မရတော့၊ သူ့မာနတွေကို သူ မနည်းကြီးတင်း ခံထားရတာ၊ ငွေစင်ကို အရှော့မပေးချင်ပါ။

သူမက ကိုယ့်အပေါ် ရက်စက်နိုင်သည်။ သွေးအေးလွန်း သည်။ သူ့ကို သတိရပုံပင် မပေါ်။

အန်တီမာနှင့် တစ်ခါတစ်လေ ဖုန်းပြောဖြစ်ပေမယ့် ငွေစင်နှင့်တော့ လုံးဝအဆက်အသွယ်ပြတ်နေ၏။



အန်တီမာကတော့ ပြေရာပြေကြောင်းဆိုတတ်ပါသည်။ သူ့ကိုလည်း အမြဲဆုံးမ၏။

ငွေစင် နေကောင်းလားလို့တောင် သူ မမေးမိအောင်နေ ပါသည်။

ငွေစင်နှင့် ပက်သက်လာလျှင် သူ့စိတ်တွေမာကျော အောင်လေ့ကျင့်ထားမိ၏။

တစ်မနက်မှာတော့ သူ့သူငယ်ချင်း သီဟ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာခဲ့၏။

မတွေ့ခဲ့ကြတာလည်း ကြာလှပါပြီ။

'လာကွာ. . .'

'ငါမအားတဲ့ကြားက လာခဲ့တာ'

'ကိစ္စရှိလို့ ဆိုပါတော့၊ ပြော. . .'

'မင်းကွာ. . . ဘာတွေဖြစ်နေတာလဲ၊ ဖုန်းထဲကမေးမလို့ စိုးစိုးစေ့စေ့သိချင်တာနဲ့ လာခဲ့တာ၊ မင်းဒီမှာပဲ နေတယ်ဆို'

'အင်း. . .'

မင်းဖုန်းက မျက်နှာပျက်ပျက်နှင့် ခေါင်းညိတ်သည်။

'ငွေစင်နဲ့ စိတ်ဆိုးနေတာလား'

'ဆိုပါတော့'

'ငါ မနေ့က တွေ့ခဲ့တယ်ကွ၊ မင်းမိန်းမရယ်၊ ဟိုဆရာဝန် ခလေး မနီလာရယ်၊ ခရမ်းရယ်၊ နှင်းဆီရယ်၊ မနီလာ မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



ကိုသားလဲ ပါသေးတယ်'

'မဆန်းပါဘူး၊ သူတို့ကတတွဲတွဲပဲ အရမ်းခင်ကြတယ်'

'ဆန်းတာပေ့ါကွ၊ ရှိနေရင် မင်းဆီငါ လာပါ့မလား'

'ဘာ. . .'

မင်းဖုန်းရင်ထဲမှ အပူလုံးကြီးဆို့တက်လာ၏။

ကိုသားနှင့် ငွေစင် ငြိသွားကြပြီလား။

ထွက်လာခဲ့မိတာ ထပ်မှားသွားပြီလား။

'ဘာဆန်းတာလဲ၊ ပြောလေကွာ'

သူ မစောင့်နိုင်ဘဲ အရင်စလို မေး၏။

ဟန်ပင် မဆောင်နိုင်ပါ။

'ငွေစင် ဆေးခန်းလာပြတာကွ'

'ဟင်. . .'

'ခရမ်းက ငါနဲ့ခင်ပါတယ်၊ မင်းလဲသိသားပဲ၊ ငါကဘယ်လာတာလဲဆိုတော့၊ ငွေစင့်ကို ဗိုက်လာအပ်တာဆိုပဲကွ၊ အဲဒါ မင်းက ဘာလို့ ဒီမှာ လာရှောင်နေတာလဲ၊ အဓိပ္ပာယ်မရှိဘူးကွာ ငွေစင်က မင်းကို မျှော်နေရမှာပေ့ါ'

မင်းဖုန်း ငြိမ်ကျ သွားလိုက်တာ အကြာကြီး။

ဘာတစ်ခွန်းမှ မဖြေနိုင်ပါ။

ငွေစင်ရယ်. . .

ငွေစင်ကြယ်ကလေးရယ်။



မျက်လုံးတွေ စုံမှိတ်ရင်း ရင်ထဲ မွန်းကျပ်လာ၏။

'ငါ မသိဘူးကွ'

နှုတ်ခမ်း လှုပ်ရုံ ပြောပြဖြစ်၏။

'အန်တီမာကလဲ မပြောဘူး'

'ငွေစင်က မပြောနဲ့လို့ တားမှာပေ့ါ၊ ဒါကြောင့်နေမှာပါကွာ'

မင်းဖုန်းက ဝုန်းခနဲ ရပ်ရင်း. . .

'ငါ ပြန်မယ်၊ ငါ အိမ်ပြန်တော့မယ်'

ဟု ချက်ချင်း ဆုံးဖြတ်လိုက်၏။

ပွနေသော အခန်းလေးထဲဝင်ပြီး ပစ္စည်းတွေသိမ်းသည်။

သူ့ ရင်ထဲမှာ တလှပ်လှပ်နဲ့ အပျော် လွှန်နေမိပါသည်။

ငွေစင်ကို တွေ့ချင်လှပါပြီ။

တင်းထားသော၊ စောင့်ခံထားသော မာနတွေ ဘယ်ရောက်ကုန်ပြီ မသိ။

ငွေစင်ဆီ အပြေးရောက်သွားဖို့ပဲ စိတ်သန်နေတော့သည်။ သူ့အဖြစ်ကို သိဟာတ ရယ်နေသည်။

ကိစ္စမရှိပါ သူငယ်ချင်း အရင်းတွေ ရှက်စရာမလို။

'ကိုယ့် မိန်းမ ကိုယ်ချစ်တာ ရှက်စရာလဲ မလိုပါဘူး ငွေစင်ရာ နော်'

ခြံထဲကို ဝူးခနဲ မောင်းဝင်၊ အိမ်ရှေ့မှာ ထိုးခနဲ ရပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှား ဆင်းလာခဲ့သည်။

ခြည့်ခန်းမှာ ငွေစင်တစ်ဦးတည်း အော် ဂင် တီးနေခဲ့သည်။

ငြိမ့်ညောင်းချိုသော၊ ချိုမြသော တီးလုံးလေးပါပဲ။

မြင်လိုက်ရတာ၊ ကြားလိုက်ရတာ မင်္ဂလာ ရှိလွန်းလှပါသည်။

'ငွေစင်. . .'

သီချင်းအလိုက်ကလေး ပြီးအောင်ပင် မစောင့်နိုင်ဘဲ သူဖြတ်ခေါ်၏။

ငွေစင်က တဖြည်းဖြည်း လှည့်ကြည့်သည်။

တီးနေတာကိုလည်း ရပ်လိုက်သည်။

'ငွေစင်. . .'

သူ ဘယ်လို သူမအနား ရောက်သွားမှန်း မသိပါ။

သူမ လက်ကလေးကို ဆွဲယူ ဆုပ်ထားမိသည်။

'ငွေစင် နေကောင်းတယ်နော်'

စိုးရိမ်တကြီး မေးတော့ သူမက လှပစွာမဲ့သည်။

'ရှင် ဘာ အရူးထလာပြန်ပြီလဲ'

သူမ မေးလိုက်ပုံက ရင်ထဲကို အောင့်တက်သွားစေပါသည်။

'ငွေစင်အတွက် ကိုယ် စိုးရိမ်လို့ပါ'



'ကျွန်မ နေမကောင်းဘူးလို့ ရှင့် ဘယ်သူ ပြောလဲ၊ လာကြောင်မနေနဲ့၊ ရှုပ်ရှုပ်ယှက်ယှက် ရှင် ဘာလာလုပ်တာလဲ'

'ငွေစင်ရယ်. . .'

သူမ လက်ဖမိုးလေးကို သူ့ပါးနှင့် ကပ်ထားရင်း သူမကိုနင့်နင့်နဲနဲ ကြည့်နေဖြစ်၏။

သည်မျက်နှာလေးက သူ လွမ်းလိုက်ရတာ ရင်နဲ့ မဆံ့အောင်ပါပဲ။

သူမက လက်ကလေးကို ရုန်းပစ်သည်။ သူကမလွှတ်ပါ။

'ပထမဆုံး ရှိုးရှိုးသားသားဝန်ခံပါတယ်၊ ငွေစင်ကို ကိုယ်အရမ်း သတိရတယ်၊ လွမ်းတယ်၊ သေမတတ်ပါပဲ၊ နေလို့ကို မရဘူး'

ငွေစင်က မျက်လွှာလေးချပြီး ငြိမ်နေ၏။

'ငွေစင် ဆေးခန်းသွားတယ်ဆို၊ ကိုယ် စိတ်ပူတာပေါ့'

သူမက မျက်လုံးဝိုင်းဝိုင်းလေးနှင့် မော့ကြည့်သည်။

'ဆရာဝန်က ဘာပြောလဲ'

'ဘယ် သိမလဲ'

'ကလေးလေးအတွက်ရော အမေလေးအတွက်ပါ အရမ်းစိတ်ပူသွားတယ်'

ငွေစင်က နှုတ်ခမ်းလေးကိုက်ရင်း. . .

'မလိုချင်ပါဘူး အဲဒီ ကလေး၊ ငွေစင်တကယ် မလိုချင်. .'

www.burmeseclassic.com

www.burmeseclassic.com



သူမ စကား မဆုံးခင် မင်းဖုန်းက နှုတ်ခမ်းလေးကို လက်နှင့် ပိတ်ထားလိုက်၏။

မကြားရဲပါ။ သူ ဘယ်လိုမှ နားထောင်နိုင်စွမ်း မရှိ။

ကိုယ့်ကို မကျေနပ်သမျှ ကလေးလေးအပေါ် ပုံချလိုက်မှဖြင့် ရင်ထဲမှာ တင်းကျပ် အေးခဲသွား၏။

'လုံးဝ မလိုချင်ဘူး၊ ငွေစင် ဆုံးဖြတ်ပြီးသား'

သူ့ လက်ကိုဖယ်ပြီး သူမက ဆိုသည်။

'ငွေစင် . . .'

သူ တုန်လှုပ်ချောက်ချားစွာ ခေါ်မိပါသည်။

'ရှင့်ကို အဲဒါကြောင့် အသိမပေးတာ'

'ဟာ . . . တော်ပါတော့၊ တော်ပါတော့ကွာ'

ငွေစင်ကတစ်ဖက်လှည့်ရင်း နှုတ်ခမ်းလေးမဲ့မိ၏။

ငွေစင့်ကို အနိုင်ကျင့်ခဲ့တာ နောင်တ ရစေချင်လို့ပါ။

ကလေးလေးကြောင့် ငွေစင် ဘယ်လောက် ပျော်နေမိသလဲဆိုတာ ငွေစင်ပဲ သိပါသည်။

ခရမ်းတို့ နှင်းဆီတို့ဆို ကြည့်မရအောင် ဖြစ်နေကြတာ။

'သည်းကို သည်းတယ်၊ ဝယ်လိုက်ရတဲ့ အရုပ်တွေ၊ ခုမှ ကလေးလေးက သုံးလရှိသေးတာ၊ မရူးလွန်းဘူးလား'

ငွေစင်ကို အဲသည်လို မေးကြတာ။

ငွေစင်က ကလေးပစ္စည်းတွေဝယ်။ ကစားစရာ အရုပ်



တွေဝယ်နှင့် စိတ်ကူးတွေ ယဉ်နေမိတာ။

'ငွေစင့်လို သမီးဆိုးဆိုးလေး မွေးလာရင် ဘယ်နှယ့်လုပ်မလဲ'

ခရမ်းက စသည်။

'အမယ် . . . ဘယ်ရမလဲ၊ မေမေ ငွေစင့်ကို ချုပ်ခြယ်သလို သူလေးကိုလဲ ငွေစင်က ချုပ်ခြယ်မှာပေါ့၊ ဆုံးမမှာပေါ့၊ ချစ်ထားမလားဟဲ့'

'သားလေးဆိုရင်ရော'

'အင်း . . . သားလေးဆိုရင်တော့ သူ့အဖေလို ရိုးသားမြင့်မြတ်အောင် ထူးချွန်ထက်မြက်အောင် အသိ အလိမ္မာ ကြွယ်အောင် သင်ပေးမှာပေါ့၊ လေ့ကျင့် ပေးရမှာပေါ့၊ မဟုတ်ဘူးလား'

'ခိ . . . ခိ . . . သူ့ အဖေလိုတဲ့၊ ညွန်းလိုက်တာနော်၊ ကိုယ့်ငါးချဉ်ကိုယ် ချဉ်နေလိုက်တာ'

ငွေစင်က ရှက်စနိုးလေး ပြုံးနေ၏။

ဝယ်ထားသော ကလေးကစားစရာအရုပ်တွေက မနည်းမနော။

ဒါလည်း ထပ်တွေ့ရင် ထပ်ဝယ်ဦးမှာ။

ငွေစင်က မရောက်လာသေးသော ကလေးလေးကို အရူးအမူး ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းလည်း ပျော်နေသည်။

ဆိုင်ကယ်၊ မော်တော်ကားလေးတွေ၊ ရထားတွေ၊ သင်္ဘောတွေ၊ လေယာဉ်ပျံတွေသာမက ဆင်ရုပ်၊ မြင်းရုပ် အစ ရှိတဲ့ အရုပ်မျိုးစုံ။ သံပတ်နှင့်ရော ဓာတ်ခဲနှင့်ပါ မြင်သမျှ အကုန် ဝယ်သည်။

တချို့ဆို ရိုမှန်တောင်ပါသော မွေးပွရုပ်ဆိုလည်း ကြီးကြီး မားမားကအစ သေးသေးကွေးကွေး အဆုံး အရွယ်တောင်တွေ ပါမကျန်ဝယ်ထားလိုက်တာ ကြောင်ရုပ်၊ ကြွက်ရုပ်၊ ခွေးရုပ်၊ ယုန်ရုပ်၊ ဝက်စံရုပ်၊ ပေါပေါလောလောတွေသာမက ကျားလို မိချောင်းလို ရှားရှားပါးပါး တွေ့ရသော အရုပ်လေးတွေပါ ဝယ် သည်။

ကလေးလေးတွေနှင့် မိသားစု ပုံစံမျိုးလေးတွေလည်း ပါသည်။

ဆရာဝန်သုံး ပစ္စည်းကဒ်လေးတွေလို အတုံးလေး တွေ အိမ်တို့ ခြံတို့ ဆောက်တာမျိုးလေးတွေ။ ဖွန်း၊ ခက်ရင်းအိုး လေးတွေပါသော ကဒ်လေးတွေ။

ဘိုမ ရုပ်ကလေးတွေ၊ ကောင်လေး ရုပ်ကလေးတွေ၊ ပြီး တော့ သေနတ်တို့၊ မျက်နှာဖုံးစွပ် ကစားစရာတို့၊ အသည်းယား စရာ ပင့်ကူတို့၊ မြွေတို့လည်း ပါသည်။

'အရုပ်ဆိုင်ဖွင့်လို့ရပြီ'



'နှင်းဆီက တမင်ရွဲ့၏။

ကလေးလေး စီးဖို့ စက်ဘီးလေးက အစ ကားလေးပါ မကျန်။

ပြီးတော့ ကလေး ပုခက်၊ ကလေး တွန်းလှည်း။

ထူးဆန်းသော ကစားစရာလေးတွေလည်း ပါသည်။

ဒရမ်ဆက်လိုမျိုး အသံမြည်သော ဝိုတတ်ရယ်တတ်သော ပါပါ မာမာ ခေါ်တတ်သော အရုပ်ကလေးတွေ။

နောက်ဆုံး ကလေး အီးအီးပါဖို့ အိုးလှလှလေးကအစ၊ ပေါင်ဒါတို့၊ လိုရှင်းတို့၊ ရှမ်ပူတို့၊ ဆပ်ပြာတို့တော့ပြော မနေနှင့်။

ကလေး ရင်ခံရော။ သေးခံပါ မမေ့။

စုံစုံစေ့စေ့ လျှောက်ဝယ်ပစ်တာ။

ကလေး အသုံးအဆောင်ဆို ဘာမှ မကျန်စေရ။

'ပစ္စည်းလေးတွေက ချစ်စရာလေးတွေနော်'

'အင်း. . .'

'ဟဲ့. . . ငွေစင်'

'ဟင်. . . ဘာလဲ ခရမ်းရဲ့'

'နို့မှုန့် ဝယ်ထားဦး'

ခရမ်းကနောက်သည်။

'အမယ်. . . ခရမ်းနော်. . . ဟွန်း'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်ရှက်စိတ်နှင့် မျက်နှာလေး ရဲတွတ်ကာ အမ်းသွား၏။

'အစုတ်ပလုပ်မ၊ မဟုတ်ကဟုတ်က ပြောဦး'

ခရမ်းက ချစ်စရာကောင်းလွန်းသော နို့ဘူးလေးတွေကို ဖွတ်ပဲ ဝယ်ပေး၏။

ငွေစင်က ရှက်ရှက်နှင့် ခရမ်းကို ဆွဲဆိတ်သည်။

'ဘာလိုသေးလဲ၊ စဉ်းစားပေးကြပါဦး'

ငွေစင်က အကူအညီတောင်းတော့ နှင်းဆီနှင့်ခရမ်းပါ မနေရ။

သူမက ဖြစ်ပျက်ခဲ့တာတွေ ပြန်တွေးရင်းပြုံးမိသည်။ အော မှာ မင်းဖုန်းရှိနေတာ မေ့နေမိပါသည်။ သတိရတော့လှည့်ကြည့် မိသည်။

'ဟင်. . .'

ခုံမှာ ခေါင်းကြီးငိုက်စိုက်ချ ထိုင်နေလိုက်တာ စိတ်ပျက် လက်ပျက် ပုံစံကြီးနှင့်ပါလား။

ငွေစင် ကျေနပ်သွားမိပါသည်။

မာန စကားတွေပြောပြီး ထားသွားနိုင်တဲ့လူ။

မှတ်ပြီလား။

မှတ်လောက်သားလောက်အောင် ပညာပေးမှာ၊ ဒါမှ ငွေစင့်ကို ဂရုစိုက်မှာ။



အလိုလိုက်မှာ။

'ငွေစင်. . .'

'ဘာလဲ'

ဆောင့်ဆောင့်အောင့်အောင့် ထူးဖြစ်၏။

'ကိုယ့်ကို မကျေနပ်ရင် သတ်လိုက်ပါ၊ ကလေးလေးကိုတော့ အမုန်းမပွားပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို ငွေစင် ကြိုက်သလိုလုပ်ပါ'

'ဒါ. . .ကျွန်မသဘောပါ ဦးမင်းဖုန်းရဲ့၊ ရှင်နဲ့ မဆိုင်ပါဘူး'

'အဲဒီလို မပြောပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်'

'ခေါင်းရှုပ်လိုက်တာ'

ငွေစင်က ဖျတ်ခနဲ ထရပ်လိုက်တော့ ခုံနှင့်တိုက်ပြီး လိမ့်ကျမလိုလို ဖြစ်သည်။

'ဟော့. . . ဩော်. . . ဖြေးဖြေး၊ လိမ့်ကျရင်ခက်မှာ'

မင်းဖုန်း စိတ်ပူစွာ အနားရောက်သွားပြီး သူမကိုယ်လေးကို ထိန်းပေး၏။

ငွေစင်က မျက်စောင်းလေးရွယ်ပါသည်။

ငွေစင် နဖူးလေးကို သူ လှစ်ခနဲ ငုံ့မွှေးမိ၏။

ရင်ထဲမှာ တအားပျော်နေမိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မင်းဖုန်း ပျော်နေသလောက် အန်တီမာကလည်း တပြုံးပြုံးနှင့် ငွေစင်ကသာ ခါတိုင်းလို အေးတိအေးစက်လေး ရှိနေတာ။

အန်တီမာက ငွေစင့်ကို အရိပ်တကြည့်ကြည့်နှင့် စားသင့်တာတွေ ဝင်အောင်ကျွေး။

မစားသင့်တာတွေ မစားဖြစ်အောင် တားနှင့်။

ဟာ. . . ငွေစင် စိတ်ညစ်လာပြီ ဆိုသံလေး သူမ ဆီမှ နေ့တိုင်းလိုလို ကြားရ၏။

'နေစရာကို မရှိတော့ဘူး၊ ခက်လိုက်တာ'

အန်တီမာက ချော့ချော့မော့မော့ ဆိုဆုံးမ၏။



စိတ်ရှည်လက်ရှည် ရှိလွန်းပါသည်။

'မေမေရေ. . . ငွေစင် ရေသောက်မလို့နော်'

'မေမေရေ. . . ငွေစင် ရေချိုးမယ်'

'မေမေရေ. . . ငွေစင် အသက်ရှူနေမယ်နော်'

'မေမေရေ ငွေစင် ထမင်းစားမယ်နော်'

ငွေစင်က တမင်ရွဲ့ပြောနေ၏။

'မေမေ. . . ငွေစင် တီဗွီကြည့်မလို့၊ ခုံမှာထိုင်ရမလား၊ အောက်မှာထိုင်ရမလား၊ အိပ်ကြည့်ရမလား'

သူမ ရွဲ့မေးတိုင်း အန်တီမာက ရယ်နေတတ်ပါသည်။

မင်းဖုန်းက သူမ လုပ်ပုံလေးကို ချစ်စနိုးဖြစ်နေ၏။

'စိတ်ပူလို့ပေါ့ သမီးရယ်၊ တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါ'

'ဒီလောက်လဲ မဟုတ်ပါဘူး'

အန်တီမာက ငွေစင်အတွက် လိုလေးသေးမရှိ လုပ်ကိုင်ပေး၏။

ရလာမယ့် မြေးကလေးအတွက် ပီတိတစ်ပုံတစ်ပင်နှင့် စောင့် ကြိုနေသည်။

သည်လောက် လိုလားနေမှန်း သိလျက်နဲ့ မင်းမို့ ပြောထွက်တယ် ငွေစင်ရယ်။

ကလေးလေးကို မင်း မချစ်ဘူးလား။

မင်း မသနားဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



သူမက အနိုင်တစ်ခုရဖို့ဆို သူမကိုယ်သူမတောင် စတေး ရဲတာ သူ သိပါသည်။

မခံချင်စိတ် ဝင်လာလျှင် ဘာမှ ဆင်ခြင်စိတ်မရှိတော့။

သို့ကြောင့် သူမကို သူတထင့်ထင့်နှင့် စောင့်ကြည့် နေမိသည်။

သူ့ကြောင့် ကလေးလေးကို တစ်ခုခုကို. . .

သူတွေးပင် မတွေးရဲပါ။

သွေးအေးအေးနှင့် စိတ်ထဲ ဖြစ်လာတာလည်း လုပ်တတ် သူပါ။

သည်တစ်ခါ သူမ အလှည့်ဟု တွေးလိုက်လျှင် အခက်။

သူမ စိတ်ကို သူ လုံးဝ မယုံနိုင်ပေ။

ရင်ထဲ တေးမှတ်ထားတတ်သည့် အကျင့်ကလည်းရှိ သည်။

'ငွေစင်. . .'

'ဟင်. . .'

သူမက ကိုယ့်ကို ဖျတ်ခနဲ မော့ကြည့်၏။

'ကိုယ်နဲ့အတူ လမ်းလျှောက်သွားရအောင်'

'မလျှောက်ချင်ပါဘူး'

'လျှောက်ပါ၊ ခဏ ဖြစ်ဖြစ်'

ငွေစင်ကြယ်က မင်းဖုန်းကို မျက်ဝန်း ထောင့်ကပ်ကြည့်



သည်။

'ဘာလဲ၊ ရှင်က ရှင့်ကလေးအတွက်ပဲ တွေးနေတာလား'

'မဟုတ်ပါဘူး၊ ငွေစင့်အတွက် ကိုယ်က ရှေ့ဆုံးထားတွေး ပါတယ်၊ ငွေစင်က ကိုယ့်မိန်းမပဲ၊ ကိုယ့် ချစ်သူပဲဟာ'

'သေချာရဲ့လား'

'ငွေစင် မယုံဘူးလား၊ ဘယ်လိုလုပ်ပြရင် ယုံမလဲ'

သူမက နှုတ်ခမ်းလေးစေ့ရင်း မချိုမချဉ်ပြုံးနေ၏။

'ပြောလေ. . .'

'နေပါစေ၊ ယုံသွားရင် ပိုစိတ်ရှုပ်ရမှာ'

'လာကွာ လမ်းလျှောက် ထွက်မယ်'

သူ ငွေစင် လက်ကလေးကို ဆွဲခေါ်သည်။

'ရယ်ရတယ်၊ ခုမှ သုံးလေးလ ရှိသေးတာ၊ ဗိုက်ဖုံးအကျႌ တောင် မဝတ်ရသေးခင် ရှင်က လမ်းလျှောက် ထွက်ခိုင်းနေ ပါလား'

ကိုယ့်လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် တွဲရင်း သူမ ရယ် နေ၏။

သူ့ ရင်ထဲမှာ ဘယ်လို ကြည်နူးမှန်း မသိပါ။

သူမ စိတ်တွေ သူ့အပေါ် နူးညံ့စ ပြုလာပြီပဲ။

'ညောင်းရင် ပြောနော်'

'အအေးဆိုင်တစ်ခုခု ဝင်ထိုင်တာပေ့ါ'

www.burmeseclassic.com

www.burmeseclassic.com



ငွေစင့် မျက်နှာလေးကို တကြည့်ကြည့်နှင့် လမ်းလျှောက်ရတာ သိပ်ပျော်သည်။

ပြေလည်ခြင်း လမ်းကြောင်းတစ်ခုပေါ် ရောက်လာတာကို တအားဝမ်းသာပေမယ့် ပြန်လည် တိမ်းစောင်းသွားမှာလည်း အရမ်းစိုးရိမ်သည်။

သူနှင့် ငွေစင်ကြားမှာ ယုံကြည်မှု နားလည်မှုတွေ လိုအပ်နေပါသည်။

အဲသည်နေ့ညနေက မိုးချုပ်မှ သူတို့ အိမ် ပြန်ရောက်ပါသည်။

ကြာလွန်းလို့ အန်တီမာပင် စိတ်ပူနေသေး၏။

သူလည်း မောမောနှင့် ဧည့်ခန်းဆိုဖာမှာပဲ အိပ်ပျော်သွားခဲ့ပါသည်။

အချိန် တော်တော်ကြာကြာ အိပ်ပျော်နေပြီး လူးလွန့်နိုးလာတော့ မျက်လုံးတွေဖွင့်မိ၏။

လက်ထဲမှာ စောင်တစ်ထည်နှင့် ငွေစင်က အဲကွန်းရှိမှန် ရှိရာ လျှောက်သွားပြီး အအေးဓာတ်ကို လျှော့ချလိုက်ပါသည်။

ကိုယ် ဧည့်ခန်းမှာ အိပ်ပျော်နေတာ သူမ ခုမှသိသည် ထင်။

သူ မသိမသာ မျက်လုံး ပြန်မှိတ်ထားလိုက်၏။

လက်ထဲ ကိုင်ထားသော စောင်ကို သူမ လာခြုံပေးပါသည်။



သူ ဗြုန်းခနဲ ထထိုင်ကာ သူမကို ဖက်ထားလိုက်၏။

'အမယ်လေး. . . လန့်လိုက်တာ'

'ဆောရီး. . . ဆောရီးကွာ'

သူက ခပ်တိုးတိုး တောင်းပန်ရင်း သူမကို မြတ်နိုးစွာ တမ်းတစွာ ကြည့်နေမိပါသည်။

'ငွေစင်. . .'

'ဟင်. . .'

'ကိုယ့်ကို စိတ်ဆိုး ပြေပြီလား'

'ရှင် ဘာလို့ ဒီမှာ အိပ်နေရတာလဲ'

'အိပ်ပျော်သွားတာ'

'ငွေစင်လဲ အိပ်ပျော်သွားတာ၊ ခုမှပဲ နိုးလာတာ'

'မေးတာ ဖြေလေ'

'စိတ်ဆိုး မပြေပါဘူး၊ အမြဲစိတ်ဆိုးတယ်၊ ခွင့်မလွှတ်ဘူး'

'ငွေစင်လေးက သည်းခြေကြီးတာကိုး'

'ဒါကတော့ ရှင့်အပြစ်နဲ့ ရှင်ပဲလေ ခံပေါ့'

'ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်'

'ရှင်က တောင်းပန်ပါတယ်လို့ ပါးစပ်ကလေးနဲ့ လွယ်လွယ်ပြောလိုက်တာ ငွေစင်က လွယ်လွယ်နဲ့မေ့ပစ်လိုက်ရမလား'

'အလွယ်လေး တောင်းပန်တာ မဟုတ်ပါဘူး၊ ကိုယ်တ

www.burmeseclassic.com

www.burmeseclassic.com



ကယ် စိတ်မကောင်းဖြစ်ရပါတယ်၊ ကိုယ် လွန်သွားပြီလို့ နောင်တ ရနေတာ'

'ရှင်ပဲ မာနကြီးကြီး ထွက်သွားပြီးတော့'

'ငွေစင်က အရမ်းစွတ်ပြောတာကိုး'

'ရှင် ငွေစင့်ကြောင့် ပြန်လာတာမဟုတ်ပါဘူး ငွေစင်သိပါတယ်၊ ကလေးကြောင့် မဟုတ်လား၊ အဲဒါကြောင့် ငွေစင် မလိုချင်တာ'

'ငွေစင်ရယ်. . .'

မင်းဖုန်းက ငွေစင့် မျက်နှာလေးကို တမော့တမော ငေးကြည့်နေ၏။

'ငွေစင် ကိုယ့်ကို အော်ဂင်တီးပြီး သီချင်း ဆိုပြပါလား'

'မတီးချင်ပါဘူး၊ ဆိုလဲ မဆိုချင်ဘူး'

'ဘာလို့လဲ'

'မဆိုချင်လို့ပေါ့'

'ကိုယ် အပြင်သွားနေမှ တီးတာ ဘာလို့လဲ'

သူမက မျက်နှာလေး မော့ပြီး ပြုံး၏။

'ရှင် အိမ်မှာမရှိရင် ငွေစင် ပျင်းတယ်၊ အဲဒါကြောင့်ပေါ့ ရှင် အိမ်မှာရှိနေရင် အော်ဂင်တီးဖို့ ငွေစင်မေ့နေမိတယ်'

သူ့ရင်ထဲကို လှိုက်တက်ကြည်မွေ့စေသော စကားလေးတွေ။



'ရှင် ရှိနေရင် မတီးဖြစ်တာ သာယာပြည့်စုံနေသလိုထင်တာကြောင့်ပါ၊ ရှင် မယုံဘူးလား ဦးမင်းဖုန်း'

'ယုံပါတယ်၊ ဒါပေမယ့် အံ့ဩနေမိတယ်'

သူမ ချိုသာစွာ ရယ်မော၏။

ဟန်ဆောင် ပြောခဲ့တာဆိုရင်လည်း ကျေနပ်ပါတယ် ငွေစင်ရယ်။

ကိုယ် သိပ်ကျေနပ်တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်ရသော မြင်ကွင်းကအမော ဆို့စေသည်။ စိတ်ကို မွန်းကျပ်စေသည်။

ကသိကအောင့် ဖြစ်စေ၏။

ငွေစင်နှင့် ကိုသား မျက်နှာချင်းဆိုင် ထိုင်၊ ခေါင်းချင်း ထိမတတ် စားပွဲပေါ် ကုန်း‌ငုံ့ပြီး ဆော့နေကြတာ'

'ဟောတော်. . . ခုနှစ်၊ ခုနှစ်ဆို လှေကားဟာ၊ တက်သွားပြီ၊ ရှီ. . . မိုက်တယ် တော့'

'နေပါဦး. . နေပါဦး၊ ငါ့အလှည့်၊ ဟာ. . . သုံး၊ သွားပြီ သွားပါပြီ၊ ချောက်ကမ်းပါးကြီး'

'ပြုတ်ကျပြီ၊ လျှော. . . ဟား. . . ဟား. . . ကောင်းတယ်၊ ကောင်းတယ်၊ ပေး. . . ပေး. . . ငါ့ အလှည့်၊ ကိုသား ရေ. . . သနားတယ်'



ညံ့စီအောင် ကစားနေကြတာ။

နီးကပ်လွန်းသော အနေအထားကို သူ မကြိုက်ချင်ပါ။

ငွေစင်ရော ကိုသားပါ သူရောက်လာတာကို မတွေ့။

'နေဦး. . . အဟား. . . နံပါတ် နှစ်၊ နံပါတ်နှစ် ဆိုတော့ ဟိုဘက်က တိုက်အိမ်ကလေးပေါ့၊ အဟဲ့. . . ခုန် ကူးလိုက်ရုံပဲ မတူရင် မတုစမ်းပါနဲ့ ကိုသားရယ်၊ ငွေစင်က အမြင့်က လူ၊ သိလား'

မင်းဖုန်း ရပ်ကြည့်မနေတော့ဘဲ ညှော့ခန်းကို ဖြတ်ကာ ထမင်းစားခန်းထဲ လျှောက်လာ၏။

သည်တော့မှ သူမ လှမ်းမြင်သည်။

သို့ပေမယ့် ထမလာခဲ့ပါ။

ကစားမပျက်၊ အရယ်မပျက်၊ သူ ပြန်လာတာကို မသိသလိုပါပဲ။

ကိုသားကို လှမ်းရိုက်လို ရိုက်၊ လမ်းဖမိုးကို ဖိဆိတ်လို ဆိတ်နှင့် ငွေစင် ပုံစံကို မင်းဖုန်း ကြည့်မရတော့ပေ။

'ငွေစင်. . . ကိုယ်ထမင်းဆာပြီ'

'အန်တီမာတို့အိမ် သွားစားလေ'

ကိုယ်က သူမ မေမေ့ကို အန်တီမာဟုခေါ်တော့ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကပါ အဲသည်လိုပဲ ခေါ်ပြောတတ်၏။

တစ်ခါတလေလည်း မေမေလို့ ပြောတတ်ပါသည်။

'မေမေ ရှိသားပဲ၊ သွားလေ'

'ငွေစင်ရော. . .'

'မစားသေးဘူး။ ပြီးမှ ကိုသားနဲ့အတူတူ စားတော့မယ်၊ ရတယ်၊ ဆာရင် သွားစားနှင့်လေ'

တောက်. . .

ရင်ထဲမှာ ဝုန်းဒိုင်းကြဲသွား၏။

မင်းကွာ. . . လုံးဝ အရိပ်သုံးပါး နားမလည်ပါလား။

မဟုတ်ဘူး၊ မင်း တမင်လုပ်တာ၊ မင်းကမိန်းမပါးလေးပဲ

မင်းဖုန်း ခြေသံပြင်းပြင်းနှင့် ထွက်လာခဲ့ပါသည်။

'သား. . . ဘာဖြစ်လို့လဲ'

အန်တီမာ ဆီးမေးမှပဲ သူ့မျက်နှာကြီးကို သူမြင်ရသည်။

'ဘာမှ မဖြစ်ပါဘူး'

'ကိုသား. . . ပြန်ပြီလား'

'မပြန်သေးဘူး'

'ဟုတ်လား၊ ကစား နေကြတုန်းလား။ သမီးလေးက ထမင်း မဆာသေးဘူးတဲ့လား၊ သားက ခေါ်ခဲ့ရောပေါ့'

'ခေါ်ပါတယ်'



'သား စိတ်ဆိုးလာတာလား'

'မဟုတ်ပါဘူး'

သူ ခုမှ ရှက်ရှက်နှင့် တင်းမာနေသော မျက်နှာကြီးလျှော့ချပစ်ရသည်။

'ငွေစင်နဲ့ ကိုသားက ဟိုးကတည်းက တရင်းတနှီး နေတာပါ။ သူတို့ ဘာစိတ်မှ မရှိကြဘူး၊ ကလေးတွေလိုပဲ'

အန်တီမာက ပြုံးတုံ့တုံ့နှင့် ရှင်းပြလေ သူ့အနေရ ကျပ်လေပါပဲ။

သူ ထမင်းစားနေတော့ ငွေစင်နှင့် ကိုသား ရောက်လာပြီး ထမင်းဝိုင်းက စိုပြည်သွား၏။

သူမက ပျော်ပျော်နေတတ်သူပါပဲ။

စကားတွေ အများကြီး ပြောသည်။ ပြောသော စကားတွေကလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။

ကိုသားကလည်း သူမလိုပါပဲ၊ နှစ်ယောက်သား စကားဖြတ် မခံဘဲ လုပြောနေလိုက်ကြတာ။

မင်းဖုန်းက နားထောင်သူ သက်သက်။

'ကိုမင်းဖုန်းက စကားနည်းတယ်၊ ငွေစင်နဲ့ တခြားစီပဲ'

ကိုသားက မှတ်ချက်ချ၏။

'အလကားပါ။ စကားနည်းချင်ယောင် ဆောင်နေတာ။ သူကြီးလူကောင်းပုံဖမ်းနေတာ အထင်ကြီးမနေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'သမီး . . . ငွေစင်'

ငွေစင့် စကားကို မေမေက ဟန့်တားသည်။

သူမက မင်းဖုန်းကို မျက်စောင်းရွယ်၏။

'ကိုသားရေ . . . ငွေစင် လိုက်မှာနော်'

'ဟင် . . . ဘယ်ကိုလဲ'

'စောစောက ပြောထားတာလေ'

'အေးပါ . . . လိုက်ချင်ရင် လိုက်ခဲ့ပေါ့'

ကိုသားက သဘောတူလိုက်၏။

'ဘယ်လဲ သမီးရဲ့'

အန်တီမာက ဝင်မေး၏။

'ကိုမင်းဖုန်းပါ လိုက်ခဲ့ပါလား'

ကိုသားက ခေါ်ဖော်ရသား။

သူ့ကို ချန်ထားရစ်ဖို့ စိတ်ကူးမရှိ။

'ဒီလို အန်တီမာရေ တီဗွီက တနင်္ဂနွေညနေ လာတဲ့ဆို ကြမယ်၊ ပျော်ကြမယ်၊ အစီအစဉ်လေး သိတယ်မဟုတ်လား'

မင်းဖုန်းဘက် လှည့်မေးတော့ မင်းဖုန်းက ခေါင်းညိတ် သည်။

'ဒီတစ်ပတ် ဖေဖေတို့ ကုမ္ပဏီက ဆုချီးမြှင့်မှာ၊ အဲဒါ ငွေစင် ကို ပြောပြတော့ သူပါ လိုက်မယ်တဲ့'

'ဩော် . . .'



အန်တီမာက မတားမြစ်ပါ။ တားမြစ်စရာကိစ္စမှမဟုတ်ဘဲ မင်းဖုန်းက ဘာစကားမှမဆို၊ ငြိမ်သက်နေ၏။

'ငွေစင် . . .'

'ဟင် . . .'

'ကိုမင်းဖုန်းပါ ခေါ်နော်၊ ကြားလား'

'ကိုသား . . . နင် ခေါ်ချင်ရင် ခေါ်ပေါ့'

ငွေစင် နှုတ်ခမ်းလေး စူသည်။

'ကိုယ်က အားတာမဟုတ်ဘူး ညီရ၊ အားရင်တော့ လိုက် ခဲ့မယ်ကွာ'

'ခဏပဲ အစ်ကိုရာ'

'အေးပါကွာ . . . အဆင်ပြေရင်လဲ လိုက်လာတာပေါ့'

မင်းဖုန်းက အလိုက်အထိုက် ဆို၏။

'အလကားပါ၊ ငွေစင့်ကိုဆို ဘယ်မှ လိုက်မပို့ဘူး၊ သူ့ အလုပ်နဲ့သူ အားတယ်ကို မရှိဘူး'

နှစ်ယောက်တည်း ရှိချိန်ကျတော့ မကျေနပ်တာကို ဖွင့် ပြော၏။ ကိုယ့်မကြည်တာကို ကိုသားရှေ့မှာချပြောပစ်သည်။

ဘယ်လို ကောင်မလေးလဲ။

'ဘယ်တုန်းက ဘယ်သွားမယ်လို့ ငွေစင် တောင်းဆိုဘူး လဲ'

'အလိုက် သိရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ရင်ရော လိုက်လို့လား'

'သွားချင်တဲ့နေရာ ခေါ်ပေ့ါ'

'မပြောဘဲ သိမလား'

မင်းဖုန်းက ငွေစင်ကို စူးခနဲ ကြည့်သည်။

'မပြောပဲ အလိုလို သိနိုင်တဲ့ အစွမ်းရှိရင် အကြားအမြင် ဟောစားနေတာ ကြာပြီ'

ကိုသားက အသားလွတ် အော်ရယ်၏။

ငွေစင်က မှုန်မှုန်တင်းတင်း မျက်နှာပေးလေးနှင့် ထသွား၏။

'ဟိတ်. . . ငွေစင် ငါ ပြန်မယ်'

'ပြန်ပေ့ါ'

ကိုသားကိုလည်း ဘုတောလွှတ်ပြီ။

အန်တီမာကတော့ ငွေစင်ကို ချစ်စနိုးလေး ကြည့်နေသည်။

'ငွေစင်'

သူမဘေးမှ ဖြတ်လျှောက်ရင်း မင်းဖုန်း တိုးတိုး စ၏။

'တော်ကြာ ဗိုက်ထဲက ကလေးလေး နှုတ်ခမ်း ထော်နေပါ့မယ်၊ ဒေါသတွေ လျှော့ပါဦး'

'ရှင့် ပုံစံကြီးက ဘာဖြစ်နေတာလဲ'

'ဘာဖြစ်လို့လဲ'



'ကိုသားနဲ့ ရှီးရှီးသားသား ကစားနေတာ ပျင်းလို့၊ ရှင်က ဘယ်လိုဖြစ်တာလဲ၊ ပေါ်တင်ကြီး၊ အဲဒါ ငွေစင် သိက္ခာကျတယ် သိလား'

'မကြိုက်ဘူးလို့ အရိပ်အမြွက် ပြသားပဲ'

'သိသားဘဲ'

'ဒါဆို တမင် ရွဲ့တာလား'

'ဟုတ်တယ်၊ ရှင် ဘာလို့ သည်းသည်းလှုပ်နေလဲ'

'ချစ်လို့ပေ့ါ'

ငွေစင်က နှုတ်ခမ်းလေးကိုက်ပြီး တစ်ဖက် လှည့်သွား၏။

'နောက်ဆို အဲဒါမျိုး လာမလုပ်နဲ့၊ ငွေစင် စိတ်တိုလာရင် သွယ်ဘူး၊ ရှင့် မိန်းမမှန်း လူတကာသိတယ်၊ ဒီအကျီကြီးနဲ့ ိန်းမကို ဘယ်ယောကျ်ားသားမှ မပြစ်မှားဘူး၊ အဓိပ္ပာယ် မရှိ ာ လာတွန့်တိုမနေနဲ့၊ မုန်းစရာကို ကောင်းလွန်းတယ်'

မင်းဖုန်းက ပွစိပွစိ ရေရွတ်နေသော နှုတ်ခမ်းလေးကို ကြည့်ရင်း ရယ်နေမိပါသည်။

'ဆောရီးကွာ. . . နော်'

သူ တောင်းပန်လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ငွေစင် စိတ်လိုလက်ရ ပြောပြသောစကားလေးတွေ
သူငြိမ်ငြိမ်သက်သက် နားထောင်နေမိပါသည်။

'ဖေဖေနဲ့အန်တီမာက ချစ်သူတွေတဲ့၊ လက်ထပ်ခါနီး
မှ မေမေက ဖွတ်ဝင်လာတာတဲ့၊ အန်တီမာက အလျှော့ပေး
နောက်ဆုတ်လိုက်ပေမယ့် ငွေစင်ကြောင့် စိတ်ညစ်ခဲ့ရတယ်
ငွေစင်ကို ဖေဖေနဲ့ မေမေ့ကို ပေးလိုက်တာတဲ့၊ နောက်မှ
ဦးလေးနဲ့ တွေ့တာတဲ့'

'အင်း...'

'ဖေဖေက ပြောပါတယ်၊ သမီးအမေရင်းမို့လို့ သမီး
ဖေဖေက စိတ်ချလက်ချ ထားခဲ့တာပေါ့တဲ့၊ အဒေါ် ဆိုရင်



လောက် ပစ်ထားပါ့မလားတဲ့'

'ဩော်...'

အန်တီမာက သူ့ကိုယ်သူထက် သမီးကို ပိုချစ်မှာသိ
တယ်တဲ့...'

မင်းဖုန်းက ခေါင်းညိတ်သည်။

'ငွေစင်ကတော့ မေမေ ပြောခဲ့တာတွေ အဟုတ် ထင်ပြီး
အန်တီမာ့ကို မုန်းခဲ့တယ်၊ ဆန့်ကျင်ခဲ့တယ်'

'အင်း...'

'မေမေကလဲ၊ ငွေစင် အန်တီမာ့ကို အချစ်ပိုသွားမှာစိုး
ရိမ်ရှာပါတယ်၊ ဒါကြောင့် တမင် သွေးခွဲခဲ့တာ၊ မေမေ့ကိုလဲ
ငွေစင် ချစ်ပါတယ်၊ အန်တီမာ့ကိုလဲ သနားတယ်'

'ကိုယ့်ကိုရော'

'ဟင်... ရှင်က ဘယ်ကပါလာတာလဲ'

'ကိုယ့်ကိုရော ချစ်လား၊ သနားလား'

'မုန်းတယ်'

'တကယ်လား'

ငွေစင်က မျက်စောင်းလေး ရွယ်သည်။

အပေါ်ယံမှာတော့ ငွေစင်နှင့် သူပြေလည် နေကြပြီ
သည်။

ရင်ထဲမှာတော့ နားလည်မှုတွေ၊ ယုံကြည်မှုတွေမရှိကြ

www.burmeseclassic.com

www.burmeseclassic.com



သေးပါ။ သည်ထက် အဆများစွာ အပြန်အလှန် မြတ်နိုးမှု၊ နား
လည်မှုတွေကို လိုချင်ပါသည်။

မေမေ ဆုံးတော့ အန်တီမာကလည်း အိမ်ထောင်နဲ့ ဖြ
နေပြီ၊ ဒါကြောင့် ဖေဖေက ဟိုကို ထွက်သွားတာ၊ ငွေစင်က
နည်းနည်း သိတတ်နေပြီဆိုတော့ လက်ရှိ အနေအထားအတိုင်း
ပဲ အဒေါ်နေရာမှာ ဆက်နေခဲ့တာ ကလေးအသိထဲမှာ
ဦးနှောက်ထဲမှာ ရှုပ်ထွေးကုန်မှာစိုးလို့တဲ့'

'ကိုယ် ပြောသားပဲ၊ အန်တီမာက ချစ်ပါတယ်လို့'

'ခုတော့ ယုံပါပြီ'

'ကိုယ် ချစ်တာလဲ တစ်နေ့ ယုံလာရလိမ့်မယ် သိလား'

'မထင်ပါဘူး'

ငွေစင်က မပွင့်တပွင့် ပြောသည်။

ခုကတည်းက တစ်ဝက်မက ယုံကြည်နေမိပါပြီ ဦးမင်း
ဖုန်းရယ်။ ငွေစင်လေ တစ်နေ့ထက် တစ်နေ့ ရှင့်ကို ချစ်လာ
တယ်။ တကယ်ပါ။ ရှင်က ငွေစင့်ကို မယုံသကော ရှိနေတယ်နော်

ကလေးလေးကို ငွေစင်က အသက်ထက်တောင် ပိုတန်
ဖိုးထားမိသေးတာ။

ရှင် ထင်ထားသလောက် ငွေစင် မဆိုးသေးပါဘူးကွယ်

ရှင့်ကို ချစ်တယ်။

ကလေးလေးကိုလည်း တအားချစ်တယ်။



ငွေစင့် ဘဝဟာ ရှင်နဲ့ အဲဒီကလေးလေးပါပဲ။

ရှင်တို့ ရှိနေလို့ ငွေစင် ဘဝလေးဟာ အဓိပ္ပာယ် ပြည့်စုံ
တာပါ။

ဒါတွေ ရှင် နားလည်သွားတဲ့နေ့ကျရင် သိပ်ပျော်ရွှင်စရာ
ကောင်းမှာ။ အစကတော့ ရှင် ငွေစင်ကိုထားပြီး ထွက်သွားလို့
တမင်ပြောတာ၊ ရွဲ့ရင်းရွဲ့ရင်းနဲ့ ရှင် စိုးရိမ် ပူပန်တတ်တာကို
မြင်ပြီး ရှင့်ကို စချင်စရာ၊ ကိုယ်စကားတွေ ပြန်ပြင်ရမှာ ငွေစင်
ရှက်သလိုပဲ။ ရှင် ရောင့်တက်မှာလည်း စိုးတယ်။ ဘဝင်မြင့်
သွားမှာပြီးတော့ ငွေစင့် ဂရုမစိုက်တော့ရင် ခက်မှာ။

ရှင့်ကြောင့် ငွေစင် မငိုချင်ပါဘူး။

ချစ်တာတွေကို ရင်ထဲ သိမ်းထားလည်း ဖြစ်နေသားပဲ။
ဟုတ်တယ်နော်။ အခု အနေအထား အတိုင်းလည်း အရာရာ
ပြေလည်နေသား။

'ငွေစင် . . .'

'ဟင် . . .'

'ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ ပြော'

'ခုမှ . . .'

ငွေစင်က မျက်စောင်းလေးရွယ်၏။

'ပြောလေ . . . ကိုယ် လိုက်ပို့မှာပေါ့'

'နေ့လယ်ခင်းကျမှ သွားတာပေါ့၊ ဆေးခန်းလည်း ဝင်ရ

www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ'

'မဆိုးပါဘူး၊ သတိရသားပဲ'

မင်းဖုန်းက တစ်ချက် ရယ်ရင်း ကျေနပ်သွားခဲ့၏။

* * *



မထင်မှတ်သော အဖြစ်အပျက်တစ်ခု ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။ ငွေစင်အတွက်တော့ အင်မတန် တုန်လှုပ်ချောက်ချား၊ ကြေကွဲစရာကောင်းခဲ့ပါသည်။ တစ်ချိန်လုံး မယုံသင်္ကာ ဖြစ်နေခဲ့သော စိတ်သည် အကြောင်း တစ်ခုကြောင့် ဘွားခနဲ ပေါ်ပေါက်လာခဲ့ပါသည်။

အဲသည်နေ့က ငွေစင် အပေါ်ထပ်မှာ မင်းဖုန်းတာအောက်ထပ် ထမင်းစားခန်းမှာ ငွေစင်က စာအုပ် တစ်အုပ်ဖတ်နေခဲ့ပါသည်။

'ငွေစင်. . . ငွေစင်ရေ၊ လာခဲ့ဦး ကော်ဖီသောက်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



မင်းဖုန်းက လှမ်းခေါ်တော့ စာအုပ်ဘေးချပြီး အိပ်ဆေး ပေါ်မှ ဆင်းလာခဲ့ရပါသည်။

ဘာကြောင့်ရယ် မသိ၊ ခေါင်းထဲမှာ ရိပ်တိတ်တိတ်နှင့် မကြည်လင်လှပေ။

လှေကားထိပ်ရောက်တော့ မင်းဖုန်းက စိတ်မချနိုင်သ ဖြင့် အော်ပြောသေး၏။

'ငွေစင်. . . ဖြည်းဖြည်း'

သို့သော်. . .

ငွေစင် ကံမကောင်းပါ။

လှေကားထစ်မှ ခြေချော်ကာ လဲကျမတတ် ဒလိမ့်ခေါက် ကွေး ကျမတတ် ဟန်ချက် ပျက်သွား၏။

ငွေစင် ရင်တွေ တဆတ်ဆတ်တုန်ကာ နှုတ်ခမ်းတွေပါ ရှုတ်တရက် ခြောက်သွေ့သွားရပါသည်။

ဘုရား. . . ဘုရား. . .

လှေကား လက်တန်းကို မိမိရရ ဖမ်းဆုပ်လို့သာ အနည်း ငယ် တိမ်းစောင်းသွားသော ကိုယ်ကြောင့် ဗိုက်ကလေးကို မျက် လုံးအပြူးသား ငုံ့ကြည့်မိပါသည်။

တော်ပါသေးရဲ့. . .

လှေကားထစ်မှာ ခပ်ဖြည်းဖြည်း ထိုင်ချရင်း လက်ချော လေးတွေ အေးစက်တုန်ယင်နေတာမို့ အချင်းချင်းဆုပ်ထား



ထား၏။

'ငွေစင်'

အေးစက်လွန်းသော အသံကြောင့် လှေကားခြေရင်းကို လှမ်းကြည့်မိသည်။

တစ်ခါမှ ခုလောက်မာကျောအေးစက်နေတာမျိုး စူးရှ ခက်ထန်နေတာမျိုး မတွေ့ခဲ့ဖူးပါ၊ မင်းဖုန်းကဒေါသတကြီးမော့ ကြည့်နေပါသည်။

'ငွေစင်. . . ဒါ. . . မင်း တမင်လုပ်တာလား ဟုတ်လား'

'ရှင်'

သူမ မျက်လုံးလေး ပြူးထွက်ကာ ကြောင်အမ်း သွားရ ပါသည်။

'ရှင် ဘယ်လိုပြောလိုက်တာလဲ'

'လုပ်ရက်တယ် ကွာ. . . ငါ ထင်ပါတယ်၊ သိတယ် မင်း ဒါမျိုးဆိုတာ မင်း တော်တော်ရက်စက်ပါလား၊ မိုက်ရိုင်းပါလား'

'အို. . . မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ရှင် မတရားမစွပ် စွဲပါနဲ့၊ ငွေစင် အဲဒီလောက် မယုတ်ညံ့ဘူး၊ မတော်တဆဖြစ် တာ'

'ကျိန်ပြောတာတောင် မယုံဘူး'

'ဘာ'

ငွေစင့်အသံလေး တိမ်ဝင်ကွယ်ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'တစ်နေ့နေ့ မင်း ဒီလိုပဲ လုပ်မယ်ဆိုတာ ငါ သိနေတယ် ငွေစင်'

'အိုး. . . တော်ပါ၊ ရှင် တော်တော့'

ငွေစင်က နားနှစ်ဖက်ကို ပိတ်ပစ်၏။

'ရှင့်ကို ငွေစင် မုန်းတယ်၊ ရွံတယ်၊ ရှင် မတရားပြောတတ်တဲ့ လူ၊ ကိုယ်ချင်းစာတရား ကင်းမဲ့တဲ့သူ'

'အေး. . . မင်းကိုလည်း ငါ ခါးသည်းတယ်၊ မိခင်စိတ် မရှိတဲ့ မိန်းမ၊ နှလုံးသား မရှိတဲ့ မိန်းမ၊ ဒီကိစ္စကို ငါလုံးဝခွင့် မလွှတ်ဘူး၊ လူကြီးတွေနဲ့ အပြတ်ရှင်းမယ်၊ ကလေးကို မင်းတစ် ခုခုလုပ်ကြည့်၊ မင်း မလွယ်ဘူး၊ မင်းကို ငါ မယုံဘူး၊ ကြားလား'

မင်းဖုန်းက ဒေါသကြီးစွာ အော်ဟစ်၏။ မျက်နှာမှာလည်း ချွေးတွေပျံလာသည်။

'ရှင် ရူးနေလား၊ အဲဒါ ငွေစင့်သဘော။ ငွေစင် ဆုံးဖြတ်ချက်'

သူမ သည်းမခံနိုင်တော့ပါ။ သည်လောက် သည်းနေတာ ဘယ်လို ရှင်းပြ ရှင်းပြ နားမဝင်ဘဲ၊ ယုံမှမယုံဘဲ၊ ထင်ချင်သလို သာ ထင်ပါစေတော့၊ ထူးမှ မထူးတော့တာလေ၊ မခံချင်စိတ်နှင့် ပါးစပ်ထဲရှိရာ လျှောက်ပြောမိသည်။ မင်းဖုန်းအဖြစ်သည်းနေ ပုံကို မုန်းတီးလှပါသည်။

'အေးပါ မင်း စောင့်ကြည့်ပေါ့၊ အန်တီမာ့ကို သွားခေါ်မယ်။ ငွေစင်. . . ငွေစင်၊ မင်း ငါနဲ့တွေ့မယ်'



မင်းဖုန်းက ချာခနဲ လှည့်ထွက်သွား၏။

ငွေစင် ရင်ထဲမှာ ဟာခနဲ ကျန်ရစ်၏။

ကြည့်စမ်း. . . ငွေစင့်အပေါ် ယုံကြည်မှု မရှိပါလား။

မတော်တဆဖြစ်တာကို သူ နားမလည်ဘူး၊ မယုံကြည်ဘူး၊ ချက်ချင်းပဲ ငွေစင် ဝမ်းနည်းလာမိသည်။ ရင်ထဲမှာ ဆို့တက်လာ၏။ မျက်ရည်က အလိုလိုကျသည်။ ထိန်းမရတော့။

အဲသည် သံသယ မျက်လုံးတွေ မသက်ာ အကြည့်တွေ ကို ငွေစင်သိတယ်၊ ငွေစင် နားလည်ထယ်၊ ငွေစင့်ကို ရှင် အထင် လွဲရက်တယ်။

ရှင် မကောင်းဘူး။ ဦးမင်းဖုန်းရယ်။

မေမေနှင့် အန်ကယ်ပါ ချက်ချင်းပါလား။

'သမီး ငွေစင်'

ငွေစင်က လှေကားမှာ မလှုပ်မယှက် ပေကပ် ထိုင်နေ၏။

'သမီး ဘာဖြစ်သွားသေးလဲ၊ လာ. . . လာ'

အန်တီမာက လှေကားမှ တွဲဆင်းစေသည်။

'ခေါင်းမူးတယ် မေမေ၊ အိပ်ရာက ထလိုက်ကတည်းက မူးတာ'

'သမီးရယ်၊ ဒါမှဖြင့်လဲ ဘာလို့ ဆင်းလာသေးလဲ'

အန်တီမာက ငွေစင့်ကို ဒရင်းဘက်ခ်မှာ ထိုင်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမနီလာဆီ ဖုန်းဆက်ပေးပါ မေမေ'

'အေးပါကွယ် ဆက်ရမှာပေါ့'

မေမေက ဖုန်းဆက်ပေးပါသည်။

'သမီး . . . သမီးက တမင် လုပ်တာဆို'

ငွေစင်က မေမေ့ကို စိုက်ကြည့်၏။

'မေမေ အဲဒီလို ထင်လား'

သူမက တစ်ခွန်းချင်း ပြန်မေးပါသည်။

'မေမေ မထင်ရက်ပါဘူးကွယ်'

'ဟုတ်တယ်၊ တမင် လုပ်တာ'

ငွေစင်က မျက်နှာလေး မော့ပြီး မာကျော အေးစက်စွာ ဆို၏။ သူမ အသံ အက်တတ်တတ်။ နှုတ်ခမ်းကိုလည်း ဖိကိုက်ထားသည်။

'မဟုတ်တာ သမီးရယ်၊ မပြောကောင်းဘူး'

မေမေက ဟန့်တား၏။ မင်းဖုန်းက ရင်ဘတ်ကြီး မောက်တက်လာအောင် အသက်ရှူနေသည်။ မျက်လုံးသေကြီးနှင့် ငွေစင်ကို စိုက်ကြည့်နေ၏။

'သမီးရယ် . . . ဘာလို့ မဟုတ်ကဟုတ်ကတွေ ပြောချင်ရတာလဲ'

'သူ ဘာလို့ စွပ်စွဲလဲ၊ ဘာလို့ မယုံလဲ'

'မောင်မင်းဖုန်းက စိုးရိမ်လို့ပါ'



'သေလိုက်ပါလား၊ အလကား သည်းနေတာ၊ လွယ်ထားတဲ့ အမေထက်ပဲ သူက ပိုနေရသေးတယ်၊ ငွေစင့် သတ်တော့မယ့် အတိုင်းပဲ'

မင်းဖုန်းက မျက်ထောင့်နီနီနှင့် ကြည့်ပြီး လှည့်ထွက်သွား၏။ ရေခဲသေတ္တာထဲက ရေတစ်ပုလင်းထုတ်ပြီး ဖန်ခွက်ထဲထည့်သောက်၏။

'သမီး လှဲချင်လှဲနေလေ'

မေမေက ခေါင်းအုံးလေး ယူပေးပြီး သက်တောင့် သက်သာ နေစေပါသည်။

'သမီးလေးရယ် ကိုယ့်ကိုယ်ကို ဂရုစိုက်မှပေါ့'

'ဂရုစိုက်လို့ မကျအောင် ထိန်းနိုင်တာပေါ့၊ လက် အရမ်းနာသွားတယ် မေမေ၊ သူမ သမီးကိုဆို အမြဲ မယုံသင်္ကာဖြစ်နေတာ'

'မင်းကိုယ်တိုင် ပြောခဲ့တာပဲလေ'

မင်းဖုန်းက လှမ်းပြော၏။

'အန်တီမှာ သား အပြတ်ပြောထားမယ်၊ ကလေးတစ်ခုခုဆို ငွေစင် မလွယ်ဘူး၊ သား လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး'

'အင်း . . . ခက်ပါလားကွယ်၊ မင်းတို့ နှစ်ယောက်က'

'ဒီလောက် ဖြစ်နေရင် ရှင် ပြောင်းလွယ်ပါလား'

မင်းဖုန်းက ရှုတည်တည်ကြီးနှင့် အိမ်ထဲမှ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကားကို ငှားခနဲ ဝေါခနဲမောင်းသွားတာကြားရပါသည်။

မမနီလာ ရောက်လာတော့ မင်းဖုန်းမရှိတော့ပေ။

'အားနည်းနေတယ် ညီမရဲ့၊ ဂရုစိုက်ရမယ်'

ငွေစင် စိတ်ထိခိုက်အောင် သူ လုပ်ရက်သည်။

ငွေစင့်ကို ရှင် မယုံဘူးလား။

အဲသည်လောက်တောင်ပဲ အထင် သေးထားသလား ဟင်။

ရင်ထဲမှာ ငိုချင်လာ၏။

*　　*　　*



မင်းဖုန်းက ဟိုတစ်ခါလိုပဲ ကုမ္ပဏီ၏ ရုံးခန်းမှာ သွားနေပါသည်။ အိမ်ကို ပြန်မလာတော့ပေ။ ငွေစင့်ကိုစိတ်ဆိုးသွားပုံရပါသည်။

ငွေစင်ကတော့ သူ့ကို လွမ်းသည်။ တွေ့ချင်သည်။

အထင်လွဲနေတာကိုလည်း ရှင်းပြချင်ပါသည်။ သူကမှ မလာဘဲ ရှင်းပြလည်း သူယုံမှာ မဟုတ်ပါ။

အန်တီမာက ငွေစင့်ကို ပိုပြီး ဂရုစိုက်ပါသည်။

'သမီး. . . မေမေတို့ အိမ်ဘက် လာနေပါလား'

'ရပါတယ် မေမေရဲ့'

'လာနေပါကွယ်၊ ဒီမှာက ငွေစင် တစ်ယောက်တည်း'

www.burmeseclassic.com

www.burmeseclassic.com



မမေက ဖေဖေတို့နှင့် ကပ်လျက် အခန်းမှ ငွေစင်ကို ထား၏။

မင်းဖုန်းက အန်တီမာ့ဆီတော့ ဖုန်းဆက်ဖော် ရပါသည်။

'သမီး ပြောမလား'

ဖုန်းလာလျှင် အန်တီမာက မေးတတ်ပါသည်။

'မပြောချင်ဘူး မေမေ'

သူမက ခေါင်းခါစမြဲ ငြင်းပယ်စမြဲ။

သူမ လွမ်းနေတာလည်း သိသည်။ မာနကြီးလွန်းတာလည်း သိသည်။ ဟိုတစ်ယောက်ကလည်း. . .

'လာခဲ့ပါဦး။ သားရယ်' ဆိုတော့. . .

'မလာချင်ဘူး' ဟု ငြင်းတတ်ပါ၏။ ပြီးတော့ နေနိုင်တာလည်း မဟုတ်။ တစ်နေ့နှစ်ခေါက်လောက် ဖုန်း ဆက်ပြီး. . .

'ငွေစင် နေကောင်းလား' ဟု မေးတတ်ပါသည်။ တစ်နေ့တော့ မမေက စိတ်ဆိုးပြီး. . .

'ကလေးလေးတော့ နေကောင်းတယ်၊ ငွေစင်ကတော့ လက်နာနေတယ်၊ လက်နာတာ ဗိုက်ထဲက ကလေးနဲ့ မဆိုင်ဘူးလေ။ မင်း စိုးရိမ်စရာမရှိဘူးပေါ့'

ဟု ခွဲခြား ဖြေလိုက်၏။

မင်းဖုန်းက ရယ်နေခဲ့ပါသည်။

လှေကား လက်တန်းကို ကြောက်ကြောက်နှင့် ဖမ်းဆွဲ



လိုက်လို့သာ သူမ လက်နာခဲ့တာပါပဲ။

စိတ်ထဲက မပါဘဲ ပါးစပ်က မလိုချင်ဘူးလို့ ပြောခဲ့တာဆိုရင်လည်း အဲသည်လို ပြောတာ သူ မကြိုက်လှပါ။ မပြောစေချင်ပါ။

သည်နေ့လည်းပဲ မင်းဖုန်းဆီက ဖုန်းလာတော့ ငွေစင်က ခေါင်းကိုက်နေခဲ့သည်။

'ကလေးလေးတော့ နေကောင်းပါတယ်၊ ငွေစင်က ခေါင်းကိုက်နေတယ်'

ဟု အန်တီမာက သတင်းပေး၏။

'အန်တီမာက သားကို တစ်မျိုး မြင်နေပြီလား'

'ကြည့်မရချင်ဘူးပေါ့၊ မင်းက ငါ့ သမီးကျ ကြည့်မရဖြစ်ပြီး ငါ့မြေးလေးကျတော့ သည်းသည်းလှုပ်နေတယ်'

'မဟုတ်ပါဘူး၊ ကျွန်တော်က ငွေစင် နေကောင်းလားပဲ သိချင်တာပါ၊ ငွေစင့်ကိုပဲ အဓိက စိုးရိမ်တာပါ'

'ထားပါတော့'

အန်တီမာက စိတ်မရှည်ချင်။ နေ့တိုင်း နေ့တိုင်း ဖြေနေရတာ သည်းမခံချင်တော့ပေ။ ခေါင်းတညိတ်ညိတ်နှင့် တစ်ခုခု တွေးလိုက်ပုံရပါသည်။ ငွေစင်က မေမေ့ကို ငေးကြည့်ရင်း မိခင်မေတ္တာကို တစိမ့်စိမ့် တွေးနေမိပါသည်။

မေမေ့ကိုလည်း ပိုပြီး ချစ်လာ၏။ ပိုပြီး သနားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ မေမေရယ်။ တိတ်တဆိတ် တောင်းပန်နေမိပါသည်။

* * *



ငွေစင်က မျက်စိရှေ့ရှိ နံရံကို ငေးကြည့်ရင်း ဖွဖွကလေး ပြုံးမိ၏။ စိတ်ထဲမှာ မင်းဖုန်းကို သတိရလာမိပါသည်။

သူ ဘယ်တော့များမှ စိတ်ဆိုးပြေမှာတဲ့လဲ။

သူနှင့် ငွေစင် တစ်ယောက်အပေါ် တစ်ယောက် နားလည်မှု ရှိလာလျှင် သိပ်ကောင်းမှာ။

အမှန်အတိုင်း ဝန်ခံရလျှင် သူ့ရင်ခွင်ကို ငွေစင် တမ်းတနေမိပါပြီ။ သူ မရှိသောဘဝသည် ခြောက်သွေ့လွန်းလှ၏။

သူရော ငွေစင်ကို သတိရရဲ့လား၊ တမ်းတမ်းတတ ရှိရဲ့လား။ မေမေ့ဆီ ဖုန်းဆက်ပေမယ့် ငွေစင့်ဆီတော့မဆက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်ဘက်က ဆက်တာကိုများ ထိုင်စောင့်နေသလား မသိပါ။

အဲသည်လိုတော့လည်း ငွေစင်က အလျှော့မပေးချင်ပါ။ မင်းဖုန်းဘက်က ယုံကြည်နားလည်လာတာကိုပဲ သူမ လိုလားသည်။ မျှော်လင့်သည်။

မနေ့ကတော့ သူ ဖုန်းဆက်ချိန်မှာ အန်တီမာမရှိဘဲ ဖုန်းကိုင်မိ သူက ငွေစင်။

'ဟဲလို့. . .'

ငွေစင် ထူးသံကြောင့် တစ်ဖက်က တိတ်သွား၏။ ပြီးမှ . . .

'အန်တီမာ မရှိဘူးလား'

ဟု ပြတ်ပြတ် မေး၏။

'ဈေးသွားတယ်'

မင်းဖုန်းပဲဆိုတာ ငွေစင် သိပါသည်။

သူက ငွေစင့်ကို စကားပြောချင်ပုံမရပါ။

ငွေစင်လည်း ဖုန်းပြန်ချလိုက်ရင်း မျက်ရည်ဝဲတက်လာ၏။

ရှင် ရက်စက်လွန်းပါတယ်၊

ငွေစင်နဲ့ တိုက်ရိုက် တွေ့တာတောင်. . .

'နေကောင်းလားလို့ တစ်ခွန်း မေးဖော်မရဘူး'

ရှင် သွေးအေးလွန်းတာကို ငွေစင် လန့်လာပါပြီ။



ကျောခိုင်းထားခဲ့ပေမယ့် အချိန်ကို ငွေစင် ရင်မဆိုင်ရဲပါဘူး။

ငွေစင်က သက်ပြင်းလေးရှိုက်ပြီး ကက်ဆက်ဖွင့်သည်။ ရင်ထဲက မွန်းကျပ်မှုတွေ လျော့ပါးသွားအောင်လို့ပါ။

'နေရောင်ခြည်ဖြာဆင်းတဲ့. . . အိုကျွန်မအခန်းထဲမှာလေ. . . တစ်နေကုန် ထိုင်လို့ အချိန်တွေကုန်သွားခဲ့. . . ကိုကို ဘယ်အချိန် ပြန်ပြီး ခွင့်လွှတ်. . . ကျွန်မ အမှားအယွင်းလေးတွေအပေါ်. . ပြန်လည်မျှော်လင့်တွေးကာ ဝမ်းနည်းနေ. . .'

သီချင်းလေးက ငွေစင့် ခံစားမှုကို မြင့်တက်စေပါသည်။ ဟေမာနေဝင်း၏ ချိုချိုအေးအေး အသံလေး။

သူမ သက်ပြင်းရှိုက်မိ၏။

'လူသားပဲမို့ အမှားအယွင်းတော့ ဖြစ်တတ်စမြဲပေါ့ရှင်. . တို့ကို ဒီလောက်ဆိုရင် ကျေနပ်တော့. . .

'ကျွန်မ နှလုံးသားလေး ကွဲအက်မတတ် ပြစ်ဒဏ်ပေးခဲ့ပြီလေ. . . ပြန်လာပါတော့ စစ် ကျေအေးတော့လေ၊ အိုး. . . ဒီလို တစ်ယောက်တည်း မထားပါနဲ့ အချစ်ရေ. . .'

အိပ်ရာပေါ် လှဲချရင်း ရင်ထဲမှာ သူ့ကို အရမ်း တွေ့ချင်လာ၏။ တမ်းတစိတ်သည် အလုံးအရင်းနှင့် အင်နှင့် အားနှင့် ဖြစ်ပေါ်လာသည်။ အဲသည်စိတ်ကို ငွေစင် ကြောက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ရှုံးနေတာကို ထုတ်မပြချင်ဘူးကွယ်။
ရှုံးနေတာတော့ ကိုယ့်ဘာသာ နားလည်နေပါပြီ။
မာနတွေလည်း လျှော့ချဖို့ တွေးထားပြီးပါပြီ။
သူ ရောက်လာခဲ့မယ်ဆိုရင်ပေါ့။
'နံရံတွေမှာ စာလုံးများ အပြည့်'
ကျွန်မ ရေးမိတော့မယ်လေ
ဒါတွေ မသိဘူး၊ ကိုကို တကယ်ရက်စက်တယ်'
အလွမ်းသီချင်းလေး ထိုင်ပြီး ညည်းလို့ ကြေကွဲဆွေးမြည့်
နေသူ လူမမြင်အောင်လည်း မျက်ရည်ကျတတ်ပြီ။
'လူသားပဲမို့ အမှားအယွင်းတော့ ဖြစ်တတ်စမြဲပေါ့ရှင်. .
ကိုကို ဒီလောက်ဆိုရင် ကျေနပ်တော့. . .
ကျွန်မ နှလုံးသားလေး ကွဲအက်မတက် ပြစ်ဒဏ်ပေးခဲ့
ပြီလေ'
'ပြန်လာပါတော့ စစ်ကျေအေးတော့လေ
အိုး. . . ကိုကိုပြန်ခဲ့တော့လေ. . .
အဝေးကနေ'

* * *



'ဟဲလို . . . ငွေစင်ပါ'
သီသီက ဖုန်းလာသည်ဆိုတော့ ငွေစင်က မလွဲသာ
ရှောင်သာ လာကိုင်ရတာ။
'ငွေစင်လား'
ကိုသား အသံပါပဲ၊ ငွေစင် နည်းနည်းပျော်သွားမိပါသည်။
သူမ တစ်ယောက်တည်း ညည်းငွေ့ ပျင်းရိနေမိတာ။
'ကိုသားလား'
'ဟုတ်တယ်'
'ပြောလေ'
'ဘယ်လိုလဲ နေကောင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်ဟာ'

'ကိုမင်းဖုန်းနဲ့ ပြဿနာဖြစ်ပြန်ပြီဆို'

'ဟုတ်ပါတယ်လေ'

'ငွေစင်ရာ၊ ကလေးကျနေတာပဲ'

'သူက စိတ်ဆိုးပြီးထွက်သွားတာ'

'အေး . . . နောက်တစ်ခါ ဒါမျိုးဖြစ်ရင် ငါ နင်နဲ့ မခေါ်တော့ဘူး၊ သိက္ခာကျတယ်၊ မရှက်ဘူးလား၊ ငွေစင်ရာ'

'ကိုသားနော်၊ နင် တစ်ဖက်သတ် မပြောနဲ့၊ လွန်တာ သူ'

'မထင်ပါဘူး'

'သူ မတောင်းပန်သရွေ့ ငါ မကြေဘူး သိလား'

'ငွေစင်ပဲ လွန်မှာပါ'

'ဟို တစ်နေ့က ကိစ္စပဲ ကြည့်၊ သူမကြိုက်မှန်း သိလို့ နင် အရွဲ့တိုက်ပစ်တာလေ၊ ငါ နားလည်တယ်နော်၊ ငွေစင် . . . ငွေစင် . . . နင့်စိတ် ငါ သိပါတယ်၊ ငါ့ သူငယ်ချင်းပဲဟာ'

'တော်ပြီ . . . ငါ ဖုန်းချမယ်'

'ချလေ၊ ငါ အခုပဲ နင့်ဆီ လာမလို့'

'မလာနဲ့၊ ရတယ်'

'မှန်တာ ဝေဖန်တော့ နင် မခံနိုင်ဘူး မဟုတ်လား'

ငွေစင်က အံကလေး ကြိတ်၏။

အားလုံးက ငွေစင့် အလွန်လို့ပဲ ထင်ကြတာ။



ခါတိုင်းတော့ ဟုတ်ပါရဲ့၊

သည်တစ်ခါ မဟုတ်ဘူး၊ သူ အသားလွတ်စော်ကားတာ။

ငွေစင့်ကို နားမလည်ဘူး။ ရမ်းသမ်း စွပ်စွဲတာ။ ထင်တာ လျှောက်ပြောတာ။

ငွေစင့် စိတ်ဓာတ်ကိုပါထိပါး ပြောဆိုတာ။

ပြန်တွေးတိုင်း စိတ်နာချင်သည်။

သည်လောက်တောင် သူ ထင်ရက်သလား၊ တွေးရက်သလား။

ဘယ်လောက်ကြီးမားတဲ့ စကားတွေလဲ။

တစ်သက်လုံးစိတ်နာပစ်ဖို့ ကောင်းတာငွေစင် ရှင့်ကို ခွင့်လွှတ်တာ ချစ်လွန်းလို့။ ရှင်နဲ့ ဝေးသွားရင် ရင်ကွဲမှာ စိုးလို့ ရှင် နားလည်ရဲ့လား။

ရှင်ကတော့ ရှင့်အပြစ်တွေ ရှင် မသိသေးဘူးဘဲ။

မဟုတ်ဘဲ အပြောခံရတာ ဘယ်လောက် နာကျင်မလဲ။

ရှင် တစ်ချက်လောက် တွေးကြည့်စမ်းပါ။ စာနာကြည့်စမ်းပါ။

လူးလိမ့်နေအောင် လွမ်းပေမယ့် ရှင့်ကို ဘယ်တော့မှ အောက်ကျ မခံဘူး မှတ်ပါ၊ ရှင်ဟာ မိခင်စိတ်ကို စော်ကားခဲ့တဲ့သူ။

ရှင့်ကို ငွေစင် မေ့ထားတော့မယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အန်တီမာနှင့် ငွေစင် ကော်ဖီသောက်တုန်း ဖုန်းလာတော့ ငွေစင်က ထကိုင်ဖို့ ပြင်ပါသည်။

'နေ. . . နေ၊ သမီး နေ'

'ရပါတယ်'

မေမေက ငွေစင့်ကို မထခိုင်းပေမယ့် ငွေစင်က သွက်သွက်လက်လက်ပဲ ထလိုက်၏။

'ဟဲလို. . . အမိန့်ရှိပါရှင်'

'ငွေစင်လား'

မင်းဖုန်းအသံကြားရတော့ ရင်ထဲ ဒုတ်ခနဲ မြည်၏။

ဖုန်းခွက်ကို ဘေးချထားပြီး အန်တီမာ့ဆီ လျှောက်လာ



မိ၏။

'မေမေ ဖုန်း'

'ဩော်. . . အေး. . .'

ငွေစင်က သူတို့ပြောတာတွေ မကြားချင်တော့ပြီမို့ ခြံထဲဆင်းလာခဲ့ပါသည်။

မေ့ထားတော့မယ်လို့ ဆုံးဖြတ်ကာမှ ရင်နဲ့ မဆံ့အောင် လွမ်းမိပါသည်။

ဘယ်လောက်အထိ ချစ်နေမိသလဲဆိုတာ သိသာ၏။

မေ့လို့လည်း မရပါလား။

သူကတော့ နေစိမ့်လိုက်တာ။

ငွေစင့်ကို စကားတစ်ခွန်းမှကို မဆိုပါလား။

'ဟဲလို. . . အန်တီမာပါ'

'ကျွန်တော်ပါ အန်တီ'

'သိပါတယ်၊ သမီးလေးမျက်နှာပျက်သွားကတည်းက'

'ဟို. . . ကျွန်တော်လေ'

အန်တီမာက စကားမပြောဘဲ နားထောင်နေ၏။

မင်းဖုန်းလည်း ပြောရခက်နေမိပါသည်။

တကယ်ဆို သူ လွမ်းလှပါပြီ။

ငွေစင့်ကို တွေ့ချင်ပါပြီ။

ငွေစင် သူ့ကို အရမ်း စိတ်ဆိုးနေပြီဆိုတာလည်း နား

www.burmeseclassic.com

www.burmeseclassic.com



လည်သည်။

ဟိုတစ်နေ့ကတည်းက သူမကို သူတောင်းပန်မလို့ပါ။

'ဈေးသွားတယ်'

ဟု ဖြေပြီးတာနှင့် သူမက ဖုန်းချသွား၏။

'ဆောရီးဆိုတာလေး လွယ်လွယ် ပြောမနေပါနဲ့'

ဟု သူမက ဆိုမှာ၊ ထင်မှာ။

ကိုယ့်ဘက်က လွယ်လွယ်ပြောတာမဟုတ်ဘူးမှန်း သူမ သိစေချင်ပါ။

သူ ဘယ်လောက် ခံစားနေရသလဲဆိုတာ ဒေါသတကြီး ပြောမိပြီးမှ သူဘယ်လောက် လွန်သွားသလဲဆိုတာ ပြန်တွေးမိပါသည်။

သူမက ကလေးလေးကို စိုးရိမ်လို့သာ လှေကား လက်တန်းကို မိမိရရ ဆုပ်ထားခဲ့တာပေါ့။

မျက်နှာကလေးမှာ သွေးမရှိလောက်အောင် ဖြူရော်သွားလိုက်တာ ငွေစင်ရယ်၊ သည်တစ်ခါ ကိုယ် အကြီးအကျယ် မှားသွားပြီ။

'မောင်မင်းဖုန်းကို အန်တီ ပြောရဦးမယ်'

'ဟုတ်ကဲ့. . .'

'သမီးကို သူ့အဖေဆီ ခဏလွှတ်ရင် ကောင်းမလားလို့'

'ဗျာ. . .'



ဘယ်လိုမှ မထင်မှတ်ထားသော စကားတစ်ခွန်း။

'စိတ်ပြေ လက်ပျောက်ပါ။ သူ့ အဖေကလဲခေါ်နေတာ'

အဓိပ္ပာယ် မရှိလိုက်တာ၊ ဘာလို့ ငွေစင့်ကို အဝေးကြီး လွှတ်ရမှာလဲ။

ဒါ ဘာစကားလဲ၊ ဘယ်လို သဘောလဲ။

သူ လိုက်မမီလောက်အောင် ရှုပ်ထွေးသွားရ၏။

အရမ်းလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူ့ကို အန်တီမာက သတိပေးစကား ဆိုလာပြီပဲ။

'သားလဲ အေးအေးဆေးဆေး နေရတာပေါ့၊ အန်တီလဲ မျက်စိကွယ်ရာ နားကွယ်ရာမှာဆိုတော့ စိတ်မပူရတော့ဘူးလေ'

'မဟုတ်တာဗျာ. . . ငွေစင်က သွားချင်လို့လား'

'အန်တီမာက လွှတ်ရင် သွားမှာပေါ့'

မင်းဖုန်း ငိုင်ကျသွား၏။

အမေရင်းမှန်း မသိခင်ကတောင် အန်တီမာ ပေးစားတဲ့ သူကို ခေါင်းညိတ်ခဲ့တာလေ၊ အခုချိန်မှာ ဘာနားမထောင်စရာ ရှိမလဲ။

သူ့ ရင်ထဲ မွန်းကျပ်လာသည်။

'သား သူနဲ့ စကားပြောဖို့ ကြိုးစားနေတာပါ'

'ကြိုးစားမနေပါနဲ့ကွယ်၊ သမီးက ဆိုးပါတယ်'

'မဟုတ်ပါဘူး၊ ဒီတစ်ခါ ကျွန်တော်မှားတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့လေ၊ မင်း ခဏလာခဲ့ဦး၊ ကိစ္စရှိလို့'

'ဟုတ်ကဲ့. . .'

အန်တီမှာ့ စကားကို သူ ခေါင်းညိတ်မိ၏။

*   *   *



မင်းဖုန်းက ခြေစုံရပ်ရင်း ဘာပြောရမှန်း မသိအောင် အားသင့်နေ၏။

ဒါတွေအားလုံး ဇွေစင် တစ်ခုချင်းတစ်ခုချင်း ဝယ်ထား တော့လား။

ရင်ထဲမှာ ကြည်နူးမှုက အလုံးအရင်းနှင့် ဖြစ်ပေါ်လာပါ သည်။

ကိုယ် သိပ်မှားသွားခဲ့ပြီပဲ။ ပြင်လို့မရအောင် စကားတွေ ခဲ့ပြီ။

'ကဲ. . . မြင်ပြီ မဟုတ်လား'

အန်တီမာက ကလေးကစားစရာ အရုပ်တွေ၊ ကလေး

www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင် ပစ္စည်းတွေဘက် ညွှန်ပြရင်း ပြောလာ၏။

'ဒီလိုတွေ ဝယ်ထားကတည်းက ပြင်ဆင်ထားခဲ့ကတည်းက သည်ကလေးအပေါ် ငွေစင် ဘယ်လောက် မျှော်လင့်တယ် လိုချင်တယ်ဆိုတာ သူသာ မိခင်စိတ်မရှိခဲ့ရင် မင်းပြောခဲ့သလို ဆိုရင်. . .'

'ဟုတ်ကဲ့. . . ကျွန်တော် အရမ်း နားလည်သွားပါပြီ ယုံလဲယုံသွားပါပြီ၊ ငွေစင့်ကို ကျွန်တော်အထင် လွဲသွားတာပါ အန်တီမာ၊ ကျွန်တော့်ကို နားလည်ပေးပါ'

'အန်တီမာက နားလည်ဖို့ထက် ငွေစင် နားလည်ဖို့က အဓိကပါ။ မဟုတ်ဘဲ အဲဒီလို ပြောတော့၊ ပြီးတော့ မင်းပြောပုံက သိပ်လွန်တယ်လေ၊သမီးလေး စိတ်ဆိုးဆိုးနဲ့ ကိုယ်ထိလက်ရောက် လုပ်လိုက်မှာတောင် အန်တီမာက စိုးရိမ်ခဲ့တာ'

'ဟုတ်ပါတယ်'

'သမီးလေးက ဒေါသဖြစ်မယ့်အစား ဝမ်းနည်း သွားတယ် စိတ်မကောင်းဖြစ်သွားတယ်၊ ပိုဆိုးတာပေါ့။ ဒါကြောင့် သူ့အဖေဆီ လွှတ်ချင်တာပါ။ သူ့အဖေက သူ့သမီး စိတ်သက်သာအောင် စိတ်ဓာတ်တွေမြင့်တက်လာအောင် သိပ်ပြောတတ်တာ'

မင်းဖုန်းက ဘာမှ မပြောနိုင်တော့ပါ။

အန်တီမာ့ ဆုံးဖြတ်ချက်တွေကို သူ နာခံရပါမည်။

သူ ဘာများ ပြောနိုင်မှာတဲ့လဲ။ ဘာများ တတ်နိုင်မှာတဲ့



လဲ။

သူ့အမှားပဲမို့ သူ စောဒက မတက်နိုင်တော့ပေ။

ငွေစင်က သူ့ဘက်မှာမှ မရှိပေ။

သူမနှင့် တွေ့ပြီး တားချင်ပါသည်။ သူမ ပျော်လာအောင် သူ ထားနိုင်ပါသည်။ သူက သူမကို ချစ်တာပဲလေ။

အန်တီမာကငွေစင့်ကို စိတ်ထိခိုက်စေသူအဖြစ် သူ့အပေါ် တစ်မျိုးဖြစ်သွားခဲ့ပါပြီ။

ငွေစင့်ဘက်မှာ အပြစ်မရှိတာလည်း သိထားသည်လေ။ သူကလည်း လူကြီး သူမတွေရှေ့ ပေါ်ပေါ်ထင်ထင် စွပ်စွဲခဲ့တာ။

ခုမှ ဘယ်လို ပြန်ရုပ်သိမ်းရမလဲ။

ငွေစင်ရယ်. . .

ကိုယ့်ကို ခွင့်လွှတ်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ခရမ်း. . . လာလေ'

ခရမ်းက အိမ်ပေါ် လှမ်းတက်တုန်းရှိသေး၊ နှင်းဆီပါ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြ၏။

'ငွေစင်'

'ဟင်. . .'

'ငွေစင်က ငွေစင့် ဖေဖေဆီ လိုက်သွားမလို့ဆိုဟုတ်လား'

'နှင်းဆီလဲ အဲဒါ လာမေးတာ'

ဧည့်ခန်းထဲထိုင်မိတာနှင့် နှစ်ယောက်သား ပြိုင်တူ မေးကြ၏။

'ဘယ်သူ ပြောလဲ မဟုတ်ပါဘူး၊ ဒီပုံစံကြီးနဲ့ မေမေလား



လွှတ်မှာ၊ မျက်စိအောက်ကတောင် အပျောက်ခံတာ မဟုတ်ဘူး'

'ဟုတ်လို့လား၊ အန်တီမာက ကိုမင်းဖုန်းကို ပြောတာဆို'

'ဟင်. . .'

ငွေစင် ကိုယ်တိုင်ပင် မသိလိုက်ပါလား။

'ကိုမင်းဖုန်းကြီး ရေလည် ဆွေးနေတယ်'

'ဩော်. . .'

သူမက အဝေးကို ငေးရင်း ငြိမ်ကျသွား၏။

ရှင်က ကျွန်မနဲ့ ဝေးရမှာ ဆွေးသတဲ့လား၊ ဒါဆို ဘာလို့ ပစ်သွားရက်တာလဲ။ ငွေစင့်မှာ ဘာအပြစ်မှမရှိဘဲနဲ့။

မျက်ရည်တွေက အလိုလို ရစ်ဝဲလာသည်။

ဖြစ်နိုင်လျှင် ရှိုက်ကြီးတငင် ငိုပစ်ချင်ပါသည်။ ထိန်းချုပ် မထားနိုင်တော့ပေ။ ပင်ပန်းလွန်းလှပါသည်။

'ခရမ်းတို့ကို ဘယ်သူ ပြောတာလဲ'

'ကိုမင်းဖုန်း လာပြောတာ၊ ငွေစင် မသွားဖြစ်အောင် တားပေးပါတဲ့၊ အတင်း ဇွတ် လာပြောတာ'

'အင်းလေ. . . နှင်းဆီတောင် သနားသွားတယ်'

'သူ့ကိုစကား မပြောဘူးတဲ့၊ ဖုန်းချပစ်တယ်ဆို'

'ဟင်. . . ဘယ်တုန်းကလဲ'

'နှစ်ခါရှိပြီတဲ့၊ သူ ပြောတာပဲ'

သူမ ခပ်မဲ့မဲ့ကလေး ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



အလကားပါ။ ခုမှ သည်းပြုပြန်ပြီ။
သူ့ကိုများ ပစ်စလက်ခတ်ပြောတုန်းက ပြောပြီး။
ကြာလေ ကြာလေ မုန်းစရာ ကောင်းပါလား။
မုန်းစရာကြီးကို ချစ် ချစ်လာတာ အံ့သြလွန်းသည်။
'ငွေစင်'
'ဟိုတ်. . . ငွေစင်'
'ဟယ်တော့ လုံးဝမကြားတာ၊ ဟား. . . ဟား'
နှင်းဆီနှင့် ခရမ်းက ရယ်မဆုံး၊ နောက်မဆုံး။
'သူ လာမေးရင် ပြောလိုက်၊ အတိအကျသွားမှာလို့'
'သနားပါတယ်ဟာ'
'မစပါနဲ့၊ ရင်ကွဲပက်လက် ဖြစ်နေပါ့မယ်'
'ပြောသာ ပြောလိုက်စမ်းပါဟာ'
ငွေစင် အပြတ်တင်းထားလိုက်၏။
ဒါမှ မှတ်မှာ။

* * *



ညကြီးမိုးချုပ် ဖုန်းလာတာ ငွေစင် အိပ်ရာထဲက မထချင်တော့ပါ။ မျက်ခွံတွေလေးကာ အရမ်း အိပ်ချင်နေပါပြီ။

'သမီး ငွေစင်'

'ရှင့်. . .'

အာလေး လျှာလေးနှင့် ထူးမိသည်။

'ဖုန်းလာနေတယ် သမီးရဲ့၊ ပြောလိုက်ပါဦး'

'အိပ်ချင်ပြီ မေမေရာ၊ နောက်မှ ဆက်လို့'

'နေဦး၊ မေမေ ကော့လက်စ် သွားယူလာမယ်'

ငွေစင်က နှိုးလို့ရမည့်ပုံမပေါ်။ မေမေ အခန်းထဲက ထွက်သွားတော့ ငွေစင် မျက်လုံးတွေ ပြန်မှိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီမီမေက ငွေစင် အိပ်ရာပေါ်မှ ပြောနိုင်အောင် ဖုန်းစကားပြောခွက်လေးကို ယူလာပေး၏။

'ဘာတွေ အရေးကြီးလာတာလဲ မေမေရယ်'

ငွေစင်က အလိုမကျချင် နှုတ်ခမ်းလေး စူသည်။

စောစောက ဖက်ထားသော မွေးပွရုပ် ညိုညိုကလေးကို နံရံထောင့် ပစ်ပေါက်လိုက်၏။

'ချစ်လို့ပေါ့'

'ဟဲလို...'

အိပ်ချင်သံ လေးလေးကြီးနှင့် ထူးပါသည်။

'ငွေစင်လား'

မေမေက အခန်းထဲမှ ထွက်သွား၏။

'ဟုတ်တယ်၊ ဘာလဲ ပြော'

'ကိုယ်ပါ၊ မင်းဖုန်း'

'သိတယ်'

'ငွေစင်က အန်တီမာတို့ အိမ်မှ ဘာလို့ ရွှေ့နေရတာလ

'အဲဒါ ရှင့် အပူလား'

'ကိုယ့် အပူပေါ့၊ ကိုယ် တစ်ယောက်တည်း မနေတတ်ဘူး၊ ငွေစင့် အသံလေး အပေါ်ထပ်မှာ မကြားရတော့ အရ ခြောက်သွေ့တယ်၊ တကယ်ပါ၊ ဒီဘက် ကူးလာခဲ့ကွာ၊ ကိုယ် လာခေါ်မယ်၊ ချော်လဲနေမှ အခက်'



'ဟင်... ရှင် ဘယ်တုန်းက ပြန်ရောက်နေတာလဲ'

'ညမိုးချုပ်ကာနီးကပေါ့'

'ဟင်'

ငွေစင်က ဝေါက်ခနဲ ထထိုင်သည်။ ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်ဘောင်ကို ဖုန်းခွက်ကိုင်လျက် လျှောက်သွားပြီး လိုက်ကာစလေး မ,ကြည့်၏။

ဟုတ်သားပဲ။ ငွေစင်တို့ အိမ်လေးမှာ မီးတွေ လင်းလို့ ထိန်လို့။

ဧည့်ခန်းမှာ မင်းဖုန်းက ဖုန်းပြောနေပါသည်။

သူ တကယ် ရောက်နေတာပဲ။

'ငွေစင်'

'ပြော...'

ပြတင်းပေါက်ဘောင်မှာ ဆက်ရပ်နေမိသည်။ ငွေစင့်အခန်းက မီးမှောင်နေတော့ သူ မမြင်နိုင်ပေ။

'ကိုယ် လာခေါ်မယ်နော်'

'မလာပါနဲ့'

'လာမယ်ကွာ'

'မလာပါနဲ့ဆို'

'ငွေစင်ရယ်၊ ကိုယ် အရမ်း တောင်းပန်ချင်ပါတယ်'

'မလိုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ငွေစင်နဲ့ ကိုယ် မခွဲနိုင်ဘူး'

'သေလိုက်. . .'

'အား. . . ရက်စက်လိုက်တာ'

'ကျွန်မ အိပ်နေတာ မနှောင့်ယှက်ပါနဲ့'

'ချစ်လို့ပါ ငွေစင်ရယ်'

'သေ. . . သေ'

'ကြာရင် တကယ်သေမှာ၊ ခုတောင် အန်တီမာ့ကို မနည်း ပြောရတယ်၊ ငွေစင်နဲ့ ပြောပါရစေလို့'

'မခေါ်ချင်ပါဘူး ရှင်နဲ့'

'ရက်စက်လိုက်တာကွာ'

'ကဲပါ. . . မိုးချုပ်ပြီ၊ ရှင် အိပ်တော့'

'ငွေစင့် စကားကို နားထောင်ပါ့မယ်၊ ဒါပေမယ့် မအိပ် ချင်သေးဘူး၊ မီးပိတ်ပြီး အိပ်ရာထဲ မျက်စိပြူးပြီး ငြိမ်နေပါ့မယ်'

'ကောင်းတာပေါ့'

ငွေစင့် နှုတ်ခမ်းလေးတွေ အလွန်တစ်ရာ ပြုံးမြသွား၏

သည်လောက် ပြုံးလိုက်မိပါလားလို့ ကိုယ်တိုင်ပင် မ လိုက်ပါ၊ ပြီးမှ တစ်ယောက်တည်း ရှက်သွားမိ၏။

အိပ်ချင်စိတ်လည်း လွင့်ပြယ်သွားရပါပြီ။

ရင်ထဲမှာလည်း ကျေနပ်ခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေ တ ပုံတစ်ပင်နှင့်။



မှားသွားခဲ့ပြီဆိုတာသိလို့ ခေါင်းငုံ့ဝင်လာခဲ့သူကို ငွေစင် ကလည်း အနိုင်မယူရက်ပါဘူး။

လိုချင်တာက ရှင့်အမှား ရှင် ဝန်ခံဖို့ပါပဲ။ အောက်ကျ နောက်ကျ နိုင်လိုက်တာလို့ ရှင် တွေးနေမလား။

ဒါမှမဟုတ် ရှင့်ကိုယ်တိုင် ရှက်တက်တက်နဲ့ မျက်နှာ ပူနေ သလား။

ကွယ်. . .။ငွေစင် သနားလိုက်တာ။

သူမ ဆုံးဖြတ်လိုက်ပါပြီ။ သူ့ဆီသွားဖို့။

ဧည့်ခန်းကို ထွက်လာပြီး ဖုန်းခွက်ကလေးကို ပြန်တင် လိုက်၏။

ထူထူထဲထဲရှိသော ညဝတ်အင်္ကျီကိုပင် မလုံသလို ခံစား ရသည်။

တကယ်တော့ သူမ ရင်ခုန်နေမိတာ။

ငွေစင်တို့ အိမ်ကလေးဘက် တံခါးလေး အသာ ဟကာ ထွက်လာခဲ့ပါသည်။

ကောင်းကင်မှာတော့ ကြယ်တွေ လတွေ လင်းလက်နေ သည်။

လတ်ဆတ်လွန်းသော လေနုနုလေးက ဖျတ်ခနဲ တိုက် ခတ်၏။

ငွေစင်က စေ့ထားသော တံခါးလေးကို တွန်းဖွင့်ပြီး ဝင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၏။

သူက သူမစကားကို တကယ်ပဲ နားထောင်ကာ မီးတွေ

မှိတ်ပြီး အိပ်ရာ ဝင်နေပြီ။

ကိုမင်းဖုန်းရယ်. . .

အစတုတော့ သည်နှစ်ထပ်အိမ်လေးထဲမှာ. . .

ဖတ်စရာ စာအုပ်တွေရယ်. . .

နားထောင်စရာ သီချင်းခွေတွေရယ်။

တီးစရာ အော်ဂင်တစ်လုံးရယ်. . .

ငွေစင့်ဘဝလေး ပြီးပြည့်စုံနေခဲ့သလိုပါ။

တစ်ခါတလေ ဖက်ရှင်ရိုးတွေ ဖွင့်ကြည့်လိုက်။

တစ်ခါတလေ စိတ်ပါလက်ပါ ပန်းအိုးလေးတွေ ထိုးလိုက်

တစ်ခါတလေ သီချင်းဖွင့်ပြီး ခံစားလိုက်နဲ့ ဘာမှ ဟာ

တာ မရှိခဲ့ပါဘူး။

သည် အိမ်လေးထဲကို ရှင် ရောက်လာခဲ့ပြီးမှ. . .

ရှင် ပြန်ထွက်သွားမှ. . .

ရှင့်ရဲ့ အရိပ်၊ ရှင့်ရဲ့ လွှမ်းမိုးမှု၊ ရှင့်ရဲ့ အသည်း၊ အား

အားလုံး ငွေစင့်ကို ဘယ်လောက် သာယာစေခဲ့တယ်၊ ကြ

မွေ့စေခဲ့တယ်၊ ပြည့်စုံစေခဲ့တယ်ဆိုတာ ငွေစင် သေချာ သိ

ပါတယ်။

ရှင့်ကို ငွေစင် တကယ်ပဲ ချစ်တတ်လာခဲ့ပါပြီ။



လိုက်လိုက်လှဲလှဲ မြတ်နိုးတတ်ခဲ့ပါပြီ။

အဲဒါတွေ ပြောပြချင်လိုက်တာ။

သူမက ခြေစုံရပ်နေရင်း ဘာလုပ်ရမှန်း မသိဖြစ်နေ၏။

နောက်တော့မှ သူမ လှပစွာ တောက်ပစွာ ပြုံးလိုက်ပြီး

အော်ဂင် ရှေ့မှာ ဝင်ထိုင်လိုက်ပါသည်။

မှိန်ပျပျ မီးရောင်အောက်မှာ အော်ဂင်လေးကို သူမ ပြုံး

ပြီမိပါသည်။

သူမ အော်ဂင်တီးသံ ကြားလျှင် သူ ထွက်လာမှာ ကျိန်း

သေပါ။

အဲ့သည်အခါ သူမ ဘယ်နေရာမှာများ ပုန်းနေရမလဲ။

သူမက လက်ကလေးတွေကို အော်ဂင်ပေါ် တင်ရင်း တီး

သီချင်းကို ရွေးချယ်လိုက်၏။

ခေါင်းလောင်းလေးတွေ မြည်နေပြီ. . .

ခုတော့ သိပြီ၊ သူ့ကို ကိုယ်ချစ်သည်. . .

တစ်ချက်ချင်း လှပစွာ ပေါ်ပေါက်လာသော အော်ဂင်

သံသည် သူမ နားထဲမှာပင် ချိုမြလွန်း၏။

နောက်တစ်ကြိမ် အဲသည် သံစဉ်လေးတွေကိုထပ်တီး

လိုက်သည်။

ခေါင်းလောင်းလေးတွေ မြည်နေပြီ. . .

ခုတော့. . . သိပြီ၊ သူ့ကို ကိုယ်. . . ချစ်. . .

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်လေးမဆုံးခင် သူမ ပခုံးပေါ် လက်နှစ်ဖက်ရောက်လာတာ ခံစားလိုက်ရသည်။

ရှင်ဟာ လောကကြီးမှာ ကျွန်မ အစွဲမက်ရဆုံး သံစဉ်တစ်ခုပါပဲ ဦးမင်းဖုန်းမြင့်ရယ်။

* * *

ပန်းသီခိုင်

BURMESE CLASSIC

www.burmeseclassic.com